မဟာဗောဓိမြိုင်ဆရာတော်

ဝနဝါသီဥဃျ ဓမ္မသာမိထေရ်



# အစစ်အမှန် အောင်နိုင်ခြင်း

မောင်သွေးချွန်

စုစည်းပူဇော်သည်

1999.GRAPHIC DESIGN : KYAW MINN MOUNG

ငြိမ်းငြိမ်းချမ်းချမ်းစာအုပ်

အမှတ် (၁၂)

ငြိမ်းငြိမ်းချမ်းချမ်း

စာအုပ်တိုက်

အမှတ်(၁၁)၊ အပေါ်ဆုံးလွှာ(ဝဲ)၊ ပုညဝမုနလမ်း၊

တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၇၀၄၈၂၈

ငြိမ်းငြိမ်းချမ်းချမ်းစာအုပ်

အမှတ် (၁၂)

**ငြိမ်းငြိမ်းချမ်းချမ်း**

စာအုပ်တိုက်

အမှတ်(၁၁)၊ အပေါ်ဆုံးလွှာ(ဝဲ)၊ ပုညဝဓနလမ်း၊

တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း–၇၀၄၈၂၈

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။



မဟာဗောဓိမြိုင် ဆရာတော်
ဝနဝါသီဉေယျ ဓမ္မသာမိထေရ်

၂၄၂၁၄

မဟာဗောဓိမြိုင်ဆရာတော်
ဝနဝါသီ ဥဇ္ဈမမ္ဗသာမိထေရ်

၏

# အစစ်အမှန် အောင်နိုင်ခြင်း

(နတ်တလူတရားစု)

မောင်သွေးချွန်
စုစည်းပူဇော်သည်။

ကြိုတင်ပုံနှိပ်ခွင့်ပြုအမှတ်များ
စာမူ-၅၃၇/၉၉(၉)
မျက်နှာဖုံး-၅၆၆/၉၉(၁၁)

❑

**ပုံနှိပ်ခြင်း**

ပထမအကြိမ်

❑

**ထုတ်ဝေကာလ**

နိုဝင်ဘာ၊ ၁၉၉၉

❑

**အုပ်ရေ**

၅၀၀

❑

**အဖုံးပန်းချီနှင့် ဒီဇိုင်း**

ဂရပ်ဖစ်ဒီဇိုင်း ကျော်မင်းမောင်

❑

**စာအုပ်ချုပ်**

ကိုမြင့်

❑

**စာစီ** - ခွန်မျိုး

❑

**ပုံနှိပ်သူ**

**အဖုံး+အတွင်း**- ဦးကျော်ဌေးမင်း (၀၅၉၉၂) ဗွီအိုင်အေပုံနှိပ်တိုက်
အမှတ်-၂၅၆၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

❑

**ထုတ်ဝေသူ**

ဒေါ်ရွှေအိမ်(၀၁၂၉၉)၊ တိုင်းလင်းစာပေ၊
အမှတ် ၈/၆၅-အုပ်စု-၃၊ အောင်သိဒ္ဓိလမ်း၊ စော်ဘွားကြီးကုန်း၊
အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

---

**တန်ဖိုး - ၁၅၀ ကျပ်**

---

| | |
|---|---|
| စီစဉ်ထုတ်လုပ်မှု | ဖြန့်ချိမှု |
| **ချမ်းငြိမ်းမိုး** | **ခင်ဇော်** |

# မာတိကာ


| | | |
|---|---|---|
| * | အမှာစာ | |
| ၁။ | ဥယျဓမ် ရွှေချက်သို ကျောက်စာများမှ ဘဝအစနှင့် ဓမ္မလမ်းစဉ် | ၁ |
| | လူ့တာဝန်၊ လူ့အခွင့်အရေး၊ လူ့အစားအစာ | |
| ၂။ | သရဏဂုံခရီးစဉ် | ၁၁ |
| ၃။ | ကိုယ်ကျင့်သီလ ပဓာန | ၂၃ |
| ၄။ | မြတ်သောအကျင့်ရဲ့ အဓိပ္ပာယ် | ၃၃ |
| ၅။ | အစစ်အမှန် အောင်နိုင်ခြင်း | ၄၁ |
| ၆။ | သောက ပရိဒေဝတို့မှ လွန်မြောက်ရာ | ၄၉ |
| ၇။ | ရက်ကန်းသည်မလေးရဲ့ အဖြေ | ၅၇ |
| ၈။ | စိတ်သဘာဝ ဖော်ပြချက်များ | ၆၅ |
| ၉။ | အနတ္တာသို့ အပြန်ခရီး | ၇၅ |
| ၁၀။ | သစ်ငုတ်လေးတိုး မလှုပ်မျိုးသို့ | ၈၇ |
| ၁၁။ | ဓမ္မဂါရဝ | ၉၁ |
| ၁၂။ | ဓမ္မစွမ်းရည် | ၉၇ |
| ၁၃။ | ဗုဒ္ဓယဉ်ကျေးမှုမှာ အခြေပြုတဲ့ သဘင်သုခုမ အနုပညာ | ၁၀၅ |
| ၁၄။ | အမှောင်တွင်းမှ နိုးထကြ | ၁၀၉ |
| ၁၅။ | မိန်းမတွေကြားက သူဌေးသား | ၁၁၅ |

# ကျေးဇူးတင်လွှာ

- ✷ ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ်မှ နတ်တလူ သာသနာပြု အသင်းကြီးရဲ့ အကျိုးဆောင်များ အားလုံး...၊
- ✷ ဒီစာအုပ်ပါ အကြောင်းအရာတွေကို ရှေးဦးစွာ ဖော်ပြပေးခဲ့တဲ့ ဂမ္ဘီရ၊ ကြီးပွားရေး၊ မဟာ မဂ္ဂဇင်းများနှင့် သဘင် အနုပညာဂျာနယ်၊ အမျိုးသမီးဂျာနယ်၊ ရွှေပြည်တန်ဂျာနယ် များမှ မိတ်ဆွေ အယ်ဒီတာများ အားလုံး...၊
- ✷ စာအုပ်ဖြစ်မြောက်ဖို့ ကိုယ်၊ နှုတ်၊ နှလုံးကံသုံးပါး တစ်ပါးပါး ဖြင့် ကူညီသူ ဓမ္မမိတ်ဆွေအပေါင်းတို့အား...

မမေ့မလျော့ ကျေးဇူးမှတ်တမ်းပြုပါသည်။

မောင်သွေးချွန်

## နမော တဿ ဗုဒ္ဓ ဝိရုဠှ

## အမှာစာ

ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး ဦးဆောင် ကျင်းပခဲ့တဲ့ 'ဒုတိယအကြိမ်မြောက် နတ်တလှူတပေါင်းပွဲတော်ကြီး' မှ အပြန်တွင်ကား ကျွန်တော်တို့မှာ လူက ပင်ပန်းနေသော်လည်း စိတ်က လန်းဆန်းအားပြည့်လျက်...။ ကမ္ဘာကြီးကို ဘောလုံးလေး တစ်လုံးလို ဆွဲယူကိုင်မြှောက် ပစ်ပေါက်နိုင်လောက်တဲ့ ခွန်အားတွေ ရခဲ့တယ်လို့ ယုံကြည်ခံစားနေမိတယ်။

သိပ္ပံပညာရှင်ကြီး 'အာခီမိဒီ' က 'ကမ္ဘာကြီးရဲ့အပြင်ဘက်မှာ ရပ်စရာ တစ်နေရာသာ ပေးစမ်းပါ၊ ကမ္ဘာကြီးကို **'ကုတ်'** နဲ့ ကော်ပြနိုင်ပါတယ်' လို့ ထုတ်ဖော်ကြွေးကြော်ဖူးပါတယ်။ ကျွန်တော်တို့ကား ကမ္ဘာကြီး အပြင်ဘက်မှာ ရပ်စရာ တစ်နေရာကို ရှာဖွေတောင်းဆိုနေစရာ မလိုတော့ပါ။ ကမ္ဘာမြေပေါ်မှာပင် **ဓမ္မ** တည်းဟူသော ထောက်ရာတည်ရာ ဆောက်တည်ရာကို ရခဲ့ပေပြီ။

ဘာကိုဘယ်လိုစိုးရိမ်ပူပန်ရမှန်းပင် မသိတော့ပါ။ လာချင်ရာလာ၊ ဘာကိုမဆို မတွန့်မဆုတ် ရင်ဆိုင်နိုင်စွမ်းသော ခွန်အားသတ္တိတွေ ရရှိခဲ့ပေပြီ။ ဒီခွန်အားသတ္တိတွေကို ဖြည့်ကျင့်လေ့ကျင့်သင်ကြားပေးတော်မူတဲ့ ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးရဲ့ဂုဏ်တော် အပေါင်းကိုသာ အောက်မေ့ပူဇော်လို့ မဆုံးနိုင်အောင် ရှိခဲ့ရ။

# အမှာစာ

ကျွန်တော်ကား ဆရာတော်ဘုရားကြီးထံတော်ပါး **တရားနာကြား** လျက်က ဉာဏ်မီသမျှ ဓမ္မစာပေအားဖြင့် စုစည်းပူဇော်လိုက်ပါတယ်။ ချွတ်ချော်တိမ်းပါးမှု တစ်စုံတစ်ရာ ရှိခဲ့ပါသော် ကျွန်တော့်ရဲ့တာဝန်သာ ပါပဲ။ ဒီစာအုပ်မှာ ဖော်ပြထားတဲ့ ဓမ္မစာပေ အများစုဟာ 'နတ်တလူ တောရ' မှာ ဟောခဲ့တာဖြစ်လို့ **'နတ်တလူတရားစု'** လို့ ဝိသေသ ပြုလိုက် ပါတယ်။ ကိုယ် စိတ် ငြိမ်းချမ်းရာ အားကိုးရာ ရှာနေသူများအတွက် ဓမ္မ ခွန်အားသစ် ဖြစ်စေလိမ့်မယ်လို့ မျှော်လင့်ယုံကြည်နေပါတယ်။

ဓမ္မသည်သာ အောင်နိုင်ရာ...။

မောင်သွေးချွန်

၂၆-၃-၉၉

၁၃၆၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၁၀ ရက်

၇၄၊ သာယာအေးလမ်း၊ ၃ ရပ်ကွက်

သမိုင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

# မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးရဲ့
# ဒေသဃျမေ် ရွှေချက်သို ကျောက်စာများမှ
# ဘ၀အစနှင့် ဓမ္မလမ်းစဉ်

ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး ဦးဆောင်ကျင်းပတဲ့ 'ဒုတိယအကြိမ်မြောက် နတ်တလူတောရ တပေါင်းပွဲတော်' မှာ ပါဝင်ကူသိုလ်ယူ ဆင်နွှဲဖို့ ၂၄-၂-၉၉ မှာပဲ ကျွန်တော်တို့ကြိုတင်ရောက်ရှိခဲ့ပါတယ်။ ကျွန်တော်တို့ရှေ့က လားဟူ လီရှော ရှမ်း တိုင်းရင်းသားများ တစ်ရာကျော်နဲ့ သာစည်၊ ပျဉ်းမနား စတဲ့ ရပ်ဝေးက တပည့်ဒကာဝေနေယျများလည်း ရောက်နေနှင့်ပါတယ်။ နတ်တလူ သာသနာပြုအသင်းကြီးရဲ့ ဂေါပကအဖွဲ့များလည်း ရေမီး ပြည့်စုံရေး၊ ကြိုဆိုနေရာချထားရေး၊ ကျွေးမွေးဧည့်ခံရေး၊ သွားလာပို့ဆောင်ရေး စသည်ဖြင့် အရေးအရာ ပေါင်းစုံအတွက် ကြိုတင်ပြင်ဆင်လျက်ဖြင့် မအားလပ်အောင် အလုပ်များလျက် ရှိပါတယ်။ ကျွန်တော်ကား နတ်တလူတောရနှင့် လည်းကောင်း၊ ဂေါပကများနှင့်လည်းကောင်း မစိမ်းတော့ပါ။ ဆရာတော်ဘုရားကြီး နတ်တလူတောရသို့ ပြန်ကြွလာတဲ့ ၁၉၉၇ ခုနှစ်မှစပြီး အခါအခွင့်သင့်တိုင်း ရောက်ခဲ့ပါတယ်။ ဒါကြောင့် ဂေါပကဆရာများကို ဘာကူလုပ်ရမလဲ အထူးမေးနေစရာ မလိုတော့ဘဲ ကိုယ်တတ်နိုင်တာ၊ ကျွမ်းကျင်တာ ဝင်ကူလုပ်ရပါတယ်။

ကျွန်တော့်အဖို့ ပွဲတော်မတိုင်မီ ကြိုတင်ရောက်ရှိသွားခြင်းဟာ ကံကောင်း ထောက်မတာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ နောက်တစ်နေ့ ၂၅-၂-၉၉ မှာ **'ဥယျာမ်ရွှေချက်သို တံခွန်တိုင်စေတီ'** ပန္နက်ချမင်္ဂလာနဲ့ ကြုံကြိုက်နေလို့ပါပဲ။ နေရာအားဖြင့် နတ်တလှုတောရရဲ့ အနောက်ဘက် နှစ်မိုင်ခန့်လောက်မှာရှိတဲ့ 'မင်းကုန်းရွာ' မှာ ဖြစ်ပါတယ်။ ရွှေဘိုခရိုင်၊ ကန့်ဘလူမြို့နယ်ထဲက မင်းကုန်းရွာဟာ ဆရာတော်ဘုရားကြီးရဲ့ ဇာတိချက်ကြွေ မွေးရပ်မြေပါ။ နှောင်းခေတ် သာသနာတော်ကြီးရဲ့ သမိုင်းမှာ သာသနာပြု အရိယာအရှင်မြတ်ကြီးတစ်ပါးကို မွေးဖွား သန့်စင်ပေးလိုက်ရာ 'အောင်မြေ' ပဲ ဖြစ်ပါတယ်။ ဆရာတော်ဘုရားကြီးဟာ မွေးရပ်မြေကို နှစ်ပေါင်းများစွာ ခွဲခွာသွားခဲ့ပြီး မြန်မာပြည် အရပ်ရပ်တောတောင်အသီးသီးမှာ ကျင့်ကြံအားထုတ်တော်မူခဲ့ပါတယ်။ ၃၀-၃-၉၇ ကမှ သံလွင်အရှေ့ခြမ်း သုဝဏ္ဏသျှမ်တောင်ကနေ ဇာတိမြေဆီ ပြန်ကြွခဲ့ခြင်း ဖြစ်ပါတယ်။ လားဟူ လီရှောတိုင်းရင်းသားတွေ ခြံရံလို့၊ တပည့်သာဝကပေါင်းများစွာ လိုက်ပါလို့ အလွန်အင်မတန် ခမ်းနားစွာ ပြန်ကြွခဲ့ခြင်း ဖြစ်ပါတယ်။ အဲဒီတုန်းကပင် ဆရာတော်ဘုရားကြီး နောက်တော်ပါးက ကျွန်တော်လည်း လိုက်ပါခွင့် ရခဲ့လေရာ 'မင်းကုန်း' ကို ပထမဆုံးအကြိမ် ရောက်ဖူးခဲ့ခြင်းလို့ ဆိုရပါမယ်။

အဲဒီတုန်းက မင်းကုန်းရွာကလေးဟာ အိပ်ပျော်ရာမှ နိုးထလာသလို၊ အခါမဲ့ပွဲတော်ကြီးကို ရုတ်တရက် ကျင်းပလိုက်ရသလို လှုပ်လှုပ်သည်းသည်း ဖြစ်သွားခဲ့ပါတယ်။ မင်းကုန်းရွာကလေးဟာ ချက်ချင်းပဲ အသက်ဝင်သွားပြီး မောင်းထောင်းကြ၊ မုန့်လုပ်ကြနဲ့ ညှော်သည်တွေကို ဖိတ်ကြားကျွေးမွေးကြနဲ့ မြန်မာတို့ရဲ့ ကျေးလက်အလှကို ဖော်ပြခဲ့ပါ

တယ်။ လားဟူ လီရှောတိုင်းရင်းသားများကလည်း ဖုန်တထောင်းထောင်း ထအောင် ရိုးရာ ဂီတ အက အလှ အဆို အတီးတွေနဲ့ သူတို့ဆရာတော် ဘုရားကြီးရဲ့ ရွာကလေးကို ဂုဏ်ပြုခဲ့ကြပါတယ်။ အဲဒီတုန်းက ဆရာ တော်ဘုရားကြီး မွေးဖွားကြီးပြင်း နေထိုင်ခဲ့ရာ ဝါးထရံအိမ်ကလေး ရှိ နေဆဲ၊ အိမ်ကလေးထဲမှာ ဧည့်သည်တွေ အမြဲပြည့်နေတယ်။ ဆရာတော် ဘုရားကြီးရဲ့ အစ်မအရင်း 'ဒေါ်ကြည်'၊ အစ်ကိုရင်း 'ဦးသန်း' တို့လည်း ချွေးတလုံးလုံး တပြုံးပြုံးနဲ့ ဧည့်ခံရတာ အမော။

လာသမျှ ဧည့်သည်တွေက ဆရာတော်ဘုရားကြီးရဲ့ ငယ်ဘဝတွေ ကို မေးကြ၊ မြန်းကြ၊ စပ်စုကြနဲ့...၊ ခုနေခါမှာတော့ ဆရာတော်ဘုရား ကြီးနဲ့ ပတ်သက်သမျှ အရာရာသည်ပင်လျှင် မြတ်နိုးစရာ ဖြစ်ခဲ့ပြီမဟုတ် ပါလား။ လားဟူ လီရှော တိုင်းရင်းသားတွေက ဆိုလျှင် ဆရာတော် ဘုရားကြီးရဲ့ အိမ်ကလေးကို ဝိုင်းပတ်ကနုန် ဂုဏ်ပြုကြတယ်။ အိမ်ဦး တိုင်က မြေတွေ တူးပြီး **'အောင်မြေ'** အဖြစ် ဆောင်ယူသွားကြတဲ့အထိ ပါလေ။ ခုတော့ အဲဒီအိမ်ကလေးကို ဖျက်ကာ နတ်တလူတောရမှာ ကျောင်းအဖြစ် လှူထားလိုက်ပါပြီ။ ဒီအိမ် မြေကွက်လပ်နေရာလေး မှာ **'ဥဿျမိမ် ရွှေချက်သို တံခွန်တိုင်စေတီ'** တည်ထားမှာ ဖြစ်ပါတယ်။ ဥဿျမိမ်ဆိုတာ ဆရာတော်ဘုရားကြီးရဲ့ ဘွဲ့တော်ရင်း **အရှင်ဥဿျ မိမ္ဗသာမိ** ကို ရည်ညွှန်းပါတယ်။ ဆရာတော်ဘုရားကြီးက အရညဝါသီ တောရပ်မှီ ရှင်ရဟန်းဖြစ်လေတော့ ဘွဲ့တော်ရဲ့ရှေ့မှာ **ဝနဝါသီ** ဆိုတဲ့ ဝိသေသနနဲ့ တွဲလျက် **ဝနဝါသီဥဿျမိမ္ဗသာမိထေရ်** ရယ်လို့ ဖြစ်လာတာ ပါ။ စာပေသုံးအားဖြင့်တော့ **မဟာဗောဓိမြိုင်ဆရာတော်** အဖြစ် ကျော် ကြားပါတယ်။ မြန်မာပြည်အရပ်ရပ် လှည့်လည်သီတင်းသုံးခဲ့တဲ့ တောရ

များကို အစွဲပြုပြီးတော့လည်း **သာစည် ရွှေကျောင်းကုန်း ဆရာတော်၊ ပျဉ်းမနား လက်လုပ်တောင် ဆရာတော်၊ သုဝဏ္ဏသျှမ်တောင်ဆရာတော်၊ နတ်တလူ ဆရာတော်** စသည်ဖြင့်လည်း အထူးထင်ရှားကျော်ကြားတော်မူပါတယ်။

ဆရာတော်ဘုရားကြီး မွေးဖွားခဲ့ရာ 'မင်းကုန်းရွာ' မှာ တည်ထားမယ့် 'ဥဒယျမ်ရွှေချက်သို' မှာ ဆရာတော်ဘုရားကြီးရဲ့ ဆံတော်နဲ့တကွ သပိတ်၊ သင်္ကန်းစတဲ့ ပရိက္ခရာများ၊ ဆရာတော်ပြုစုခဲ့တဲ့ ကျမ်းစာအုပ်များကို ဌာပနာ ထည့်သွင်းမှာ ဖြစ်ပြီး တံခွန်တိုင်ရဲ့ ထိပ်ဖျားမှာတော့ ဘုရား ရဟန္တာတို့ရဲ့ ဓာတ်တော်များကို ဌာပနာပူဇော်မှာ ဖြစ်ပါတယ်။ ရွှေချက်သိုရဲ့ ပင်မ ဒါယကာများကတော့ ရန်ကုန်မြို့မှ ဗေဒင်ဆရာ နန္ဒအောင် အဖွဲ့နှင့် ရန်ကုန် ပန်းဆိုးတန်းလမ်း မြတ်မွန်မိတ္တူမှ ကိုခေတ်ကို မိသားစုတို့ ဖြစ်ပါတယ်။ သူတို့က မ,တည်ပြီး အများပြည်သူတို့ရဲ့ စုပေါင်းအား အလှူငွေဖြင့် တည်ထားမှာ ဖြစ်ပါတယ်။

ဥဒယျမ်ရွှေချက်သို ပန္နက်ချပွဲမှာ လားဟူ လီရှော တိုင်းရင်းသားများရဲ့ ရိုးရာ ဂီတ အက အလှတို့လည်း မပါမပြီး၊ မဖိတ်ခေါ် မကြေညာပါဘဲ ရောက်လာတဲ့ ပရိသတ်ကြီးကလည်း ကြက်ပျံမကျ၊ ဝေနေယျတို့ လိုက်ပါလျှောက်လှမ်းစေလိုသော **ဓမ္မလမ်းစဉ်** ကိုကား ဆရာတော်ဘုရားကြီးက ကျောက်စာရေးထိုး ညွှန်ပြထားခဲ့ပေပြီ။ အဲဒီကျောက်စာချပ်ကြီး လေးချပ်ကို နတ်တလူတောရ ဂေါပကရုံးထဲမှာ ယာယီထားရှိပြသထားပါတယ်။ ကျွန်တော် ဖတ်မှတ် ရေးကူးနေစဉ်မှာပဲ ဂေါပကအတွင်းရေးမှူး ဦးဝင်းဆွေက အသင့်ရိုက်နှိပ်ထားတဲ့ ကျောက်စာပါ မူရင်းဓမ္မစာသားများကို ပေးလာပါတော့တယ်။

'ဒီကျောက်စာ လေးချပ်က ရွှေချက်သို တံခွန်တိုင်မှာ လေးဖက် လေးတန် လေးမျက်နှာမှာ ကပ်ထားမှာပါဆရာ'

'အင်မတန် ကောင်းပါတယ်ဗျာ'

ဆရာတော်ဘုရားကြီးရဲ့ဘဝအစနှင့်ဓမ္မလမ်းစဉ်တို့ကိုကျောက်စာ များက ထင်ရှားစွာ ဖော်ပြနေပေသည်တကား။ လမ်းစ၏ လမ်းဆုံးသို့ သွားနည်းကိုပါ အနှစ်ချုပ် ဖော်ပြထားချေသည်တကား။ ဆရာတော် ဘုရားကြီးရဲ့ ဩဝါဒဓမ္မတို့ကို နာကြားခံယူလိုသူများအတွက် ဥဿချမ်း ရွှေချက်သိုမှ ကျောက်စာလေးချပ်ကို မူရင်းအတိုင်း ဖော်ပြပေးလိုက်ပါ တယ်။

ဆရာတော်ဘုရားကြီးရဲ့ ဓမ္မကျောက်စာတိုင် ကမ္ဘာတည်သရွေ့ ခိုင်မြဲပါစေ။

မောင်သွေးချွန်

၂၆-၃-၉၉

*

ဥဿျှစမ် ရွှေချက်သို
နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ဘဝချက်မြှုပ်

မြန်မာပြည်အရပ်ရပ်၌ အရည်ဝါသီ တောရပ်မှီလျက် နေလေ့ရှိသော ဝနဝါသီဥဿျှစမ္မသာမိ အရှင်သူမြတ်သည်…

သာသနာတော် သက္ကရာဇ် ၂၄၈၅ နှစ်မြောက်၊

ကောဇာသက္ကရာဇ် ၁၃၀၃ ခုနှစ်၊ ဝါဆိုလပြည့် ညဉ့်သန်းခေါင်ကျော် အချိန်တွင်သည့် (၁) ရက်နေ့၏ အင်္ဂါနေ့သို့အဝင်တွင် …

ခမည်းတော် – ဦးဘစံ

မယ်တော် – ဒေါ်မေ

ထို ခမည်းတော်၊ မယ်တော်နှစ်ပါးတို့ကို အမှီပြု၍ ဤနေရာမှပင် စကင်ကာ လူ့ပြည်ခွင်သို့ ဝင်ရောက်တော်မူခဲ့ပါသည်။

ထိုဝင်ရောက်ခြင်းသည်ကား …

ဘုရားစကား နားဝယ်ထားလျက်က လည်းကောင်း၊ သံဃာ့စကား နားဝယ်ထားလျက်ကလည်းကောင်း၊ ဆရာသမားစကား နားဝယ် ထားလျက်က လည်းကောင်း၊

က။ ဘုရားအစထား အရိယာ အစားစားတို့အား ကျေးဇူးဆပ်ရန်အတွက်တည်း။

ခ။ မိဘအစထား လောကသားအပေါင်းတို့အား ကျေးဇူးဆပ်ရန်အတွက်တည်း။

ဂ။ မိမိကိုယ်တိုင်လည်း လူ့ဘဝရောက်တုန်း၊ သာသနာတော်ကြီးနှင့်ကြုံတုန်း လူ့တာဝန်၊ လူ့အခွင့်အရေး၊ လူ့အစားအစာများ မြိန်ယှက်စွာ ခံစားနိုင်ရန်အတွက်တည်း။

ဥယျာဉ်မှူး ရွှေချက်သို
နမောဗုဒ္ဓါယ သိဒ္ဓမ်

## လူ့တာဝန်

လူ့ဘဝ၏ အရေးပါဆုံး တာဝန်သည်
လူ့အရှိ ရှိဖို့သည် ပထမ လက်ဦးတည်း။
လူ့အသိ သိဖို့သည် အဓိက အထူးတည်း။

(က) လူ့အရှိ ရှိဖို့ဆိုသည်မှာ

သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ (သတိ) ဟီရိ၊ ဩတ္တပ္ပ အမည်ရသော ယုံကြည်ချက်ထားခြင်း၊ ကိုယ်ကျင့် မှန်ကန်ခြင်း၊ အကြားအမြင်များခြင်း၊ ငါစွဲ စွန့်လွှတ်ခြင်း၊ အရာရာ ခွဲခြားသိတတ်ခြင်း၊ အမှတ်သတိ မပြတ်ထားရှိခြင်း၊ မကောင်းမှု ကြံ-ပြော ပြုရမည်ကို ရှက်ကြောက်ခြင်းများပင်တည်း။

ထိုသူကောင်းပြုဥစ္စာ ခုနစ်ဖြာတို့သည်
လူ့ဘဝမှာသာ ပြုခွင့်၊ စုခွင့် သာစေတတ်သောကြောင့်တည်း။

(ခ) လူ့အသိ သိဖို့ဆိုသည်မှာ

၁။ မကောင်းသည်ကို ထိုမကောင်းသော အတိုင်း သိခြင်း၊
၂။ ထိုမကောင်းတရား၏ မြစ်ဖျားခံရာကို သိခြင်း၊
၃။ မကောင်း အစက် ထိုခံစားချက်တို့၏ ချုပ်ပျက်ပုံကို သိခြင်း၊
၄။ မကောင်းအစက် ထိုခံစားချက် ချုပ်ပျက်ပုံ မြင်နိုင်သော ကြည့်နည်းကို သိခြင်းများပင်တည်း။

ထိုအမှန်တရားလေးချက်တို့ကို ထိုးထွင်းသိ သိရန်အတွက် အာရုံခံစားစဉ် ခဏ္ဍာတွင် သတိထား ဖြစ်ပျက်ကို မြင်သိခြင်းများသည်လည်း လူ့အသိဉာဏ်မှသာ သိပိုင်ခွင့်ရှိသောကြောင့်တည်း။

ဒေါ်ယုမြဲမြင့်ရွှေချက်သို
နမော ဝိဘင္ဂ ဝါဒိနော

# လူ့အခွင့်အရေး

နတ်တို့၏ဘဝသည်…

သစ္စာကို သိနိုင်စွမ်းသော ဉာဏ်စွမ်းရှိ၏။ သို့သော် ကျင့်ရမည့် ဘုတရုပ်ကား မရှိချေ။

တိရစ္ဆာန်လောကရှိဆင်၊ မြင်း၊ ကျွဲ၊ နွား စသည်တို့၏ဘဝများသည် ကျင့်နိုင်စွမ်းသော ဘုတရုပ်ကား ရှိ၏။ သို့သော် သိနိုင်မည့် ဝိဇ္ဇာဉာဏ်ကား မပါလေ။

လူတို့၏ဘဝသည်သာ…

ခန္ဓာကိုရင်း၍ ကျင့်နိုင်ခြင်း၊ ဘုတရုပ် တင်းလင်းရှိ၏။

အရှိကို အရှိသစ္စာသိ သိနိုင်ခြင်း၊ ဝိဇ္ဇာဉာဏ်လည်း တင်းလင်းရှိ၏။

သို့ကြောင့် လူ့ဘဝ၏ လူ့အခွင့်အရေးဟူသည်

မိမိ၏ ကိုယ်တွင်းမှနေ၍ သစ္စာလေးချက်ဘို့ကို တစ်ပြိုင်နက် ထိုးထွင်း သိ သိရန်၊ ရှိရန်အတွက်…

ခန္ဓာကို ရင်း၍ ကျင့်ခင်းသာခြင်း – စရဏ၊

အကျင့်ကို ရင်း၍ သိခွင့်သာခြင်း – ဝိဇ္ဇာ၊

ထိုနှစ်ဖြာတို့ကို သေချာပေါက်ရနေခြင်းပင်တည်း။

အိုဘယ့်လူသား ဘုရားသားတော် သမီးတော်များတို့…

သင်တို့၏ လက်တွင်းဝယ် ထိုအခွင့်အရေးများ တင်းတင်းရှိနေကြ၏။

သို့စဉ်လျက်…

သင်တို့သည် ဘာကြောင့် အရမယူချင်ကြသနည်း။

သင်တို့သည် ဘာကြောင့် အထဲသိ မဖက်၊ အစွဲသိ သက်သက်ဖြင့် နေချင်ကြသနည်း။

## ဥဿယျမ်မ် ရွှေချက်သို
## နမော တော ဗုဒ္ဓ ဝိရတ္တု

## လူ့အစားအစာ

ကာမဂုဏ်ခံစားရာမှ ရလာသော အရသာသည်ကား…

အထက်၊ အောက်သား ပုထုဇဉ်အများအပြားပင် ရယူခံစားနိုင်ခြင်းကြောင့် ဘုံစာဟူ၍ ဆိုရချေမည်။

ဓမ္မဂုဏ် အာရုံခံစားရာမှ ပေါ်ထွက်လာသော အရသာကား…

လူ့ဘဝရောက် လူသားလောက်သာ ခံစားခွင့် သာသောကြောင့် လူစာ သက်သက်ဟူ၍ပင် ဆိုရချေသည်။

ထိုသို့ အရသာနှစ်မျိုး တန်ခိုးပြကြရာတွင်

(က) ကာမဂုဏ်အရာ ဘုံစာသည် သူတစ်ပါးနှင့်ဖက် အဖျက်ခံနေရခြင်းကြောင့် ကြိုးစားဆဲ၊ ခံစားဆဲ၊ ခံစားပြီးသည်အထိ ဒုက္ခမကင်း၊ ကြွေးမကင်း။

(ခ) ဓမ္မဂုဏ်အရာ လူစာသည်ကား မိမိတစ်ဦးတည်းတည်း မတို့မထိ အကြည့်သက်သက်မျှဖြစ်ခြင်းကြောင့်၊

၁။ ကြိုးစားဆဲ၏ မရမီကာလ၌လည်း ဒုက္ခကင်းရှင်း၊ ကြွေးကင်းရှင်း၏။

၂။ ရပြီး ခံစားဆဲကာလ၌လည်း ဒုက္ခကင်းရှင်း၊ ကြွေးကင်းရှင်း၏။

၃။ ခံစားပြီးနောက်ကာလ၌လည်း ပို၍ပင် ဒုက္ခကင်းရှင်း၊ ကြွေးကင်းရှင်း၏။

အို… ကာမဘုံဖွား လူအများတို့၊

သင်တို့သည် ကြီးပွားရာ၊ ချမ်းသာရာကို ရယူလိုကြသည်ဆို၏။ တကယ်လျှင် ကြီးပွားလို၊ ချမ်းသာလိုကြပါ၏လော။ အကယ်တိတိ–

ကြီးပွားခြင်း၊ ချမ်းသာခြင်းကို လက်ငင်းလိုလားကြပါလျှင်

လူ့ဘဝရောက်သခိုက်၊ လူစာကို လူလိုခံစားပြီးမှသာ ပြန်ကြပါလေ။

လူ့ဘဝ ရောက်သခိုက် ဘုံစာသာစားပြီး ပြန်က အပြန်လှမည် မဟုတ်တော့ချေ။

[ဒါဟာ ကျောက်စာများက ပြောပြတဲ့ ဆရာတော်ဘုရားကြီးရဲ့ဘဝအစနဲ့ ဓမ္မလမ်းစဉ်ပဲဖြစ်ပါတယ်။ ။]

ကျမ်းကြီးမှာလည်း သရဏဂုံရဲ့သဲဘောကို လေးလေးနက်နက် စောကြော ဖော်ထုတ်ပြထားပါတယ်။

သရဏဂုံဆိုတာ နှုတ်က ရွတ်ဆိုနေရုံနဲ့ အကျိုးမပြီး၊ ခရီးဆုံးသို့ ရောက်အောင် မသွားနိုင်၊ စကားသရဏဂုံမှ တရားသရဏဂုံဖြစ်အောင်၊ တစ်နည်းအားဖြင့် ပညတ်သရဏဂုံမှ ပရမတ် သရဏဂုံသို့ ဆိုက်ရောက် အောင် ပွားများနိုင်ပါမှ ဗုဒ္ဓဘာသာဝင်တို့ရဲ့ ရည်မှန်းချက်ပန်းတိုင် ဖြစ်တဲ့ နိဗ္ဗာန် မဂ်ဖိုလ်ကို ဆိုက်ရောက်နိုင်မယ်လို့ အတိအလင်း လမ်းညွှန် ထားပါတယ်။ ဆရာတော်ဘုရားကြီးက သရဏဂုံရဲ့အဓိပ္ပာယ်ကို ရှေး ဦးစွာ မိတ်ဆက်ဖွင့်ဆိုပေးပါတယ်။

### သရဏဂုံဟူသည်

သရဏဂုံ ဟူသည် မိမိ၌ အားကိုးလာသူတို့၏ ဘေးရန်ကို ပယ် ဖျောက်ပေးတတ်သောသဘောကို ဆိုချေ၏။ အပူကို ထား၍ အအေးကြား သို့ ပို့လွှတ်ပေးတတ်သော သဘောကို ဆိုချေ၏။ အနိမ့်ကို ဖျက်၍ အမြင့် ဘက်သို့ မြှင့်တင်ပေးတတ်သော သဘောကို ဆိုချေ၏။

– ပဋိဘာန ဉာဏ ဒဿနကထာ၊ စာ–၈၇၅

ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးတို့ရဲ့ ဂုဏ်တော်သဘော တရားများကိုလည်း ထင်လင်းတိကျစွာ ဆက်၍ ဖွင့်ဆိုပေးပါတယ်။

### ဘုရားတည်းဟူသော အားကိုးရာ

ဘုရားတည်းဟူသော အားကိုးရာသည်ကား မိမိသို့ ချဉ်းကပ်လာ သူ မှန်သမျှ အကျိုး အစီးအပွားရှိရာကို ညွှန်ပြ၍ အကျိုး အစီးအပွား ပျက် စီးစရာ မှန်သမျှကိုကား တားဆီးပေးတတ်သောအားဖြင့် သူတစ်ပါးတို့

## သရဏဂုံခရီးစဉ်

### ဗုဒ္ဓဘာသာအစ သရဏဂုံက

ဗုဒ္ဓဘာသာအစ သရဏဂုံကလို့ ဆိုရင် မမှားပါဘူး။

သရဏဂုံသုံးပါးလို့ ဆိုတဲ့ ဘုရား၊ တရား၊ သံဃာ ရတနာမြတ် သုံးပါးတို့ဟာ မမေ့ကောင်းတဲ့ တရား (အပ္ပမာဒ) ရဲ့ အမြင့်ဆုံး အမြတ်ဆုံး တရားများလည်း ဖြစ်ကြပါတယ်။ ဗုဒ္ဓဘာသာဝင်အဖြစ်ကို ကြေညာပြဆိုရာမှာ...

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ

ဓမ္မံ သရဏံ ဂစ္ဆာမိ

သံဃံ သရဏံ ဂစ္ဆာမိ

ရယ်လို့ ဒုတိယမ္ပိ၊ တတိယမ္ပိ သုံးကြိမ်မြောက်တဲ့အထိ ခိုင်ခိုင်မြဲမြဲ ဆောက်တည်ကြရလေ့ ရှိပါတယ်။ ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီးက **သရဏဂုံသုံးပါးရဲ့ အရေးကြီးပုံ** ကို အကြိမ်ကြိမ် အထပ်ထပ် မပြတ်တမ်း လမ်းညွှန်ဟောကြား ရေးသားလေ့ရှိပါတယ်။ အခုနောက်ဆုံး ထွက်ပေါ်လာတဲ့ 'ပဋိဘာန ဉာဏဒသနကထာ'

ကျမ်းကြီးမှာလည်း သရဏဂုံရဲ့သဘောကို လေးလေးနက်နက် စာကြောဖော်ထုတ်ပြထားပါတယ်။

သရဏဂုံဆိုတာ နှုတ်က ရွတ်ဆိုနေရုံနဲ့ အကျိုးမပြီး၊ ခရီးဆုံးသို့ရောက်အောင် မသွားနိုင်၊ စကားသရဏဂုံမှ တရားသရဏဂုံဖြစ်အောင်၊ တစ်နည်းအားဖြင့် ပညတ်သရဏဂုံမှ ပရမတ် သရဏဂုံသို့ ဆိုက်ရောက်အောင် ပွားများနိုင်ပါမှ ဗုဒ္ဓဘာသာဝင်တို့ရဲ့ ရည်မှန်းချက်ပန်းတိုင် ဖြစ်တဲ့ နိဗ္ဗာန် မဂ်ဖိုလ်ကို ဆိုက်ရောက်နိုင်မယ်လို့ အတိအလင်း လမ်းညွှန်ထားပါတယ်။ ဆရာတော်ဘုရားကြီးက သရဏဂုံရဲ့အဓိပ္ပာယ်ကို ရှေးဦးစွာ မိတ်ဆက်ဖွင့်ဆိုပေးပါတယ်။

## သရဏဂုံဟူသည်

သရဏဂုံ ဟူသည် မိမိ၌ အားကိုးလာသူတို့၏ ဘေးရန်ကို ပယ်ဖျောက်ပေးတတ်သောသဘောကို ဆိုချေ၏။ အပူကို ထား၍ အအေးကြားသို့ ပို့လွှတ်ပေးတတ်သော သဘောကို ဆိုချေ၏။ အနိမ့်ကို ဖျက်၍ အမြင့်ဘက်သို့ မြှင့်တင်ပေးတတ်သော သဘောကို ဆိုချေ၏။

– ပဋိဘာန ဉာဏ ဒဿနကထာ၊ စာ–၈၇၅

ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးတို့ရဲ့ ဂုဏ်တော်သဘောတရားများကိုလည်း ထင်လင်းတိကျစွာ ဆက်၍ ဖွင့်ဆိုပေးပါတယ်။

## ဘုရားတည်းဟူသော အားကိုးရာ

ဘုရားတည်းဟူသော အားကိုးရာသည်ကား မိမိသို့ ချဉ်းကပ်လာသူ မှန်သမျှ အကျိုး အစီးအပွားရှိရာကို ညွှန်ပြ၍ အကျိုး အစီးအပွား ပျက်စီးစရာ မှန်သမျှကိုကား တားဆီးပေးတတ်သောအားဖြင့် သူတစ်ပါးတို့

အားကိုးရကျိုး နပ်စေ၏။ သို့ကြောင့် ဘုရားရှင်၏ အဆုံးအမတော် စကား နားမထောင်ကြား မကျင့်ပွားဘဲ အသားလွတ် အကျိုးပြုလိမ့်မည် ဟူ၍ကား သင် အကန်းယုံ မယုံလင့်၊ ပတ္တမြားရတနာများ ခင်းကျင်းပြသ ထားသော ဆိုင်ခန်းကြီးအတွင်းသို့ ဝင်၍ ပတ္တမြားငမောက် လှမ်းကြည့် ရုံမျှဖြင့် ထိုပတ္တမြား၏ အာနိသင် ခံစံခွင့်မရ၊ လက်ဝယ်ပိုင်ပိုင် ကိုင် ဆောင်၍ အသုံးပြုနိုင်မှသာ ခံစံခွင့် ရမည်ကို သတိပြု။

## တရားတည်းဟူသော အားကိုးရာ

တရားတည်းဟူသော အားကိုးရာသည်ကား မိမိသို့ ချဉ်းကပ်လာ သူ မှန်သမျှ ပူစိတ်မှ သက်သာရာရသောအားဖြင့်၊ အပူလမ်းခရီးမှ ထုတ် ဆောင်ပေးသောအားဖြင့် အားကိုးရကျိုးနပ်စေ၏။ သို့ကြောင့် တရား လမ်းစဉ်မှန်အတိုင်း မကျင့်ကြံဘဲနှင့် အသားလွတ်အကျိုးပေးလိမ့်မည် ဟူ၍ကား သင် အရမ်းမယုံလင့်။

မြရတနာများ ခင်းကျင်းပြသထားသော ဆိုင်ခန်းကြီး၏ အတွင်း သို့ ဝင်ရောက်ကာ မြကျောက်သို့ မျက်လုံးရောက်ရုံမျှဖြင့် ထိုမြကျောက် ၏ အာနိသင်ကို မခံစံရ၊ လက်ဝယ်ကိုင်၍ ပိုင်နိုင်စွာ အသုံးချတတ်မှ ခံစံ ခွင့် ရမည်ကို သတိပြု။

## သံဃာရတနာ အားကိုးရာ

သံဃာရတနာတည်းဟူသော အားကိုးရာသည်ကား မိမိသို့လှူဒါန်း လာသူမှန်သမျှ အနည်းငယ်မျှ (တစ်ဇွန်းစာ၊ တစ်ယောက်စာမျှပင်) ဖြစ် ပါစေ၊ ထိုကုသိုလ်မှအကျိုးပေးသော တစ်ဘဝလုံးကို မူရင်းအကျိုးအဖြစ် ခံစားခွင့် ရစေ၍ ဘဝ အဆက်ဆက် နိဗ္ဗာန် နယ်ဘက်ကျအောင်ကား အကျိုးဆက် ခံစားခွင့်ပေးသောအားဖြင့် အားကိုးရကျိုးနပ်စေ၏။

သို့ကြောင့် ဘုရားနှင့် အမြင်ချင်း၊ အကျင့်ချင်း တူညီသောအားဖြင့် ရှုပွားနေသော ထိုသံဃာ၏ ဉာဏ်တော်သို့ သင့်စိတ်ဥက္ကောင်း မစိုက်မိလျှင် ပုဂ္ဂိုလ်၌သာ မေးတင်နေတတ်လှသဖြင့် လိုရာကိစ္စ မပြီးစီးနိုင်သည်ကို သတိပြု။

–ဋ္ဌင်းကျမ်း၊ စာ–၈၇၆

ဒါ့ကြောင့် ဆရာတော်ဘုရားကြီး ညွှန်းဆိုတဲ့ သရဏဂုံ ဆိုတာ **'အကျင့်သရဏဂုံ'** ဖြစ်ကြောင်း ရှင်းရှင်းလင်းလင်း သဘောပေါက်လိမ့်မယ် မျှော်လင့်ပါတယ်။ ကျွန်တော်တို့ ရွတ်ဆိုပူဇော်နေတဲ့ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော်များမှာ **'ဂုဏ်တော်အမွှန်း'** များသာ၊ 'အမွှမ်းတင် သရဏဂုံ' မျှသာလို့ ဆိုပါတယ်။ 'ဝေနေယျတို့ တုမြင်အားကျ လိုက်နာခွင့်ရစေသော၊ ဝေနေယျတို့ စိုးရွံ့ထိတ်ဖောက်ကို အကြောက်ပြေစေသော **နိုးထဂုဏ်** များသာ ဖြစ်ကြသဖြင့် နှိုးဆော်ဂုဏ်များသာ ဖြစ်ကြချေ၏'လို့ ဆရာတော်ဘုရားကြီးက ရေးထားပါတယ်။ ဆေးအညွှန်းလို့ မှတ်ယူရာ၏ လို့ ဆိုပါတယ်။ သရဏဂုံရဲ့ အရင်းအမြစ်ဟာ ဘယ်လောက်ထိ လေးနက်တယ်ဆိုတာ ဒီလိုဆက်ပြီး ရေးပြန်ပါတယ်။

'ထိုဘုရားရှင်၏ ခန္ဓာတွင်း၌ တကယ့်ထင်လင်း စင်းစင်းရှိသော သဗ္ဗညုတဉာဏ်တော်၊ အနာဝရဏဉာဏ်တော်အပေါင်းတို့၏ စွမ်းပကားသည်သာ ပရမတ် သရဏဂုံမည်ချေ၏။ ထိုအစွမ်းတော် သတ္တိဂုဏ်သည်ကား သဘောသတ္တိမျှသာ ရှိ၍ အပြောဖြင့် ထုတ်ဖော်ပြ၍ မရစကောင်း၊ တရားတော်၏ တကယ့်စွမ်းပကား သတ္တိ၊ ပရမတ္ထ သံဃာတော်အရင်

ကောင်း အရှင်မြတ်တို့၏ တကယ့်စွမ်းပကား သတ္တိတို့လည်း ထိုနည်း လည်းကောင်းပင် ရှိချေ၏'။

– ပဋိဘာန ဉာဏ ဒသန ကထာ၊ စာ–၈၇၈

ဆေးညွှန်း ကပ်ထားတဲ့ ပုလင်းထဲက ဆေးများရဲ့ တကယ့် ဆေး တန်ခိုးသတ္တိဆိုတာ လက်တွေ့စားကြည့်မှ သိနိုင်မယ်လို့ ဆိုပါတယ်။ ဘုရားကား ဆေးနည်းပေးခဲ့၍ သံဃာတော်အရှင်မြတ်တို့က ဆေးနည်း တစ်ဖန် ဖြန့်ဝေပေးခဲ့ပြီး ဆေးမှန်မှန်စားဖို့ကား ဝေနေယျများရဲ့တာဝန် သာပါပဲ။

## တံတားဆောက်သူနှင့် တံတားလျှောက်သူ

ဘုရား တရားတော်ကား အလွန်နူးညံ့သိမ်မွေ့လေစွ၊ ငါတို့နှင့် မထိုက်။

လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ဖြည့်ကျင့်လေမှ ဘုရားဖြစ်ပွင့်၍ တရားတော်ကို သိခွင့်ရ၏။ ငါတို့ ဉာဏ်မမီလေ စသည်ဖြင့် အလျော့ တွက် မတွက်အပ်ပြီလို့ ဆရာတော်ဘုရားကြီးက အားပေးတော်မူပါ တယ်။ တံတားဆောက်သူအဖို့ ပင်ပန်းကြမ်းတမ်းမည်၊ လေးဖင့် ရှည် ကြာမည်၊ ဒုက္ခစုံဖြင့် အနာခံရမည်။ တံတားကြီး ပြီး၍ ဖြတ်လျှောက်ရ သူ အဖို့ကား အဘယ်မှာ ပင်ပန်း ကြမ်းတမ်းဖို့ လိုပါတော့သနည်း။ တံတားဖောက်သူကဲ့သို့ ဒုက္ခအဖုံဖုံ တွေ့ကြုံဖို့ မလိုတော့ပါပေ။ ဆောက် ပြီး တံတားကြီးအပေါ် ကြော့ကြော့မော့မော့လေး ဖြတ်ကူး လျှောက်သွား ရုံသာ၊ ဘုရားရှင်ကား တံတားဆောက်သူတည်း။ တံတားဆိုသည်ကား သံသရာကမ်းတစ်ဖက်သို့ ပို့ဆောင်ရာ တရားမဂ္ဂ၊ နောက်လိုက် ဝေနေယျ များကား တံတား လျှောက်သူများ။

သို့သော် တံတားပေါ် ကောင်းစွာ မလျှောက်လှမ်းကြ၊ သို့မဟုတ် လုံးလုံး မလျှောက်လှမ်းကြ၊ တံတားထိပ် ရောက်မှ လှည့်ပြန်သွားသူများကို ဘယ်လိုနားလည်ရပါမည်လဲ။

လူ တွေ ထ မင်း ဆာ သ လောက် တ ရား မ ဆာ သေး၊ စီး ပွား ရှာ သလောက် တရားမရှာသေးလို့ ဆရာတော်ဘုရားကြီးက မကြာခဏ ထောက်ပြဖူးပါတယ်။

ထမင်းတစ်ပွဲ ရှေ့ရောက်လာဖို့ အဆင့်ဆင့် ဖြတ်သန်းကျော်လွှားခဲ့ရတဲ့ ဒုက္ခတွေ အများကြီး၊ လယ်သမား မိုးဦးကျ ပျိုးထောင်ချိန်က စပြီး ဆောင်းအကုန် စပါးပုံကတစ်ဆင့် ဆန်ဖြစ်တဲ့အထိ မနေမနား ကြိုးစားခဲ့ရတာတွေ၊ ဒီနှစ် တပေါင်းလ စားရမယ့် ထမင်းတစ်ဆုပ် ယခင်နှစ် တပေါင်းလက စပြီး နှစ်ပတ်လည် အားထုတ်လုပ်ကိုင်ခဲ့ရတာတွေ၊ မိဘတို့ ရှာဖွေကျွေးမွေးလို့ ထမင်းပွဲရှေ့ရောက် လက်ဆေးစားရုံမျှ အဆင့်မှာ သားသမီးတို့က ထမင်းတစ်လုတ်ရဲ့တန်ဖိုး နားမလည်ပုံမျိုး ဖြစ်နေတတ်ပါတယ်။

တရားရှုမှတ်တာ ထမင်းအဖြစ်သို့ ရောက်အောင် လုပ်ရတာလောက်လည်း မခက်ခဲ မကြမ်းတမ်း၊ အမှတ်သတိ ရှိနေရုံမျှဖြင့် သိစရာရှိတာလည်း သိပြီးသား၊ ပယ်စရာရှိတဲ့ ကိလေသာလည်း ပယ်ပြီးသား၊ ထမင်းစားရတာကမှ နယ်ရ ဖတ်ရ၊ ဆုပ်ကိုင်ရ၊ မြှောက်သွင်းဝါးမျိုရနဲ့ အဆင့်တွေ များလွန်းလှပါတယ်။ တရားသဘောကား တစ်ချက်မှတ်လိုက်ရုံမျှနဲ့ ကောင်းကျိုး မှချရနိုင်ပါလျက် လူတွေဟာ တရားမရှာ၊ ကယ်တင်ရှင်ကိုသာ ရှာကြတယ်လို့ ဆရာတော်ဘုရားကြီးက ထောက်ပြပါတယ်။

## မိမိသာလျှင် ကယ်တင်ရှင်

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက …

'သင်၏ သဘာဝဓမ္မတာ တရားလက္ခဏာတို့ကို သင်ကိုယ်တိုင် ပြုပြင်နိုင်မှသာ ဖြစ်ချေ၏၊ သင် ဆိုးသွမ်းသဖြင့် အောက်တန်းသို့ နိမ့်ကျခြင်း၊ မကျွတ်မလွတ်ခြင်းတို့ကို သင်မှလွဲ၍ မည်သူမျှ မကယ်တင်နိုင်၊ ဘုရားလဲ မကယ်နိုင်၊ သိကြားလဲ မကယ်နိုင်၊ အကယ်တိတိ ဘုရားရှင်ကသာ ကယ်တင်နိုင်စွမ်းရှိလျှင် ယောက္ခမတော် သုပ္ပဗုဒ္ဓမင်းနှင့် ယောက်ဖတော် ဒေဝဒတ်ရဟန်းတို့ကို မြေမျိုခြင်း၊ အဝီစိလားခြင်း အလျဉ်းမရှိစေနိုင်ရာပြီ။

သင်၏ ကောင်းမွန်သဖြင့် အထက်တန်းသို့ တက်လှမ်းခွင့် ရခြင်း၊ အကျွတ်အလွတ်သို့ ရောက်ရခြင်းများသည်လည်း သင်သာလျှင် တတ်နိုင်စွမ်း ရှိ၏။ မည်သူမျှ ကြားမဝင်နိုင်ပြီ။ အကယ်တိတိ ဘုရားရှင်ကသာ ချီးမြှောက်နိုင်စွမ်း ရှိလျှင် ယသော်ဓရာ၊ ရာဟုလာတို့လည်း သဗ္ဗညုတ ဉာဏ်ရှင်တို့ချည်း ဖြစ်လောက်ရာ၏' လို့ ပဋိဘာန ဉာဏ ဒေသနကထာ၊ စာမျက်နှာ ၈၈၀ မှာ ထောက်ပြထားပြန်ပါတယ်။

ဒီသဘောနှစ်ခု ပေါ်လွင်အောင် ဂါမဏိရွာသူကြီးနဲ့ ပုံဆောင်ခဲ့ပြန်ပါတယ်။

## ဂါမဏိအမေး ဘုရားရှင့်အဖြေ

အခါတစ်ပါး ဘုရားရှင် ဒေသစာရီခရီး လှည့်လည်ခိုက် ဂါမဏိရွာသူကြီးနဲ့ ကြုံကြိုက်ပါတယ်။ ဂါမဏိက သူ့စိတ်ထဲ သို့လော သို့လော ဖြစ်နေတာတွေ မေးလျှောက်ပါတယ်။

'အရှင်ဘုရား…တခြားဘာသာ တခြားဝါဒများမှာတော့ သေသူ အောက်ရောက်နေပါသည်ကို အထက်သို့ တင်ပို့ပေးနိုင်ကြသည် ဆိုပါ၏၊ ထိုမှ အပြန်အားဖြင့် သေသူ အထက်တက်နေသည်ကိုလည်း ဒဏ်ခတ်သောအားဖြင့် အောက်သို့ ဆွဲချနိုင်စွမ်းရှိသည် ဆိုကြပါ၏၊ အရှင်ဘုရားကကော ဤလိုများ တတ်နိုင်စွမ်း ရှိပါသလား ဘုရား'

ဘုရားရှင်က ဂါမဏိကို ဒီလိုပြန်မေးခဲ့ပါတယ်။ နှစ်သက်သလို ဖြေပါလို့လည်း ခွင့်ပေးခဲ့ပါတယ်။

'လေးလံတဲ့ ကျောက်ဖျာကြီး ရေထဲကျရောက် နစ်မြုပ်သွားသည် ဆိုပါစို့၊ ထိုကျောက်ဖျာကြီး နစ်မြုပ်ရာသို့ ကမ်းနဖူးမှနေ လှမ်းမျှော်လျက်က အို…ကျောက်ဖျာကြီး၊ ရေပေါ်တက်ခဲ့ …တက်ခဲ့ ဟူ၍ အမိန့်ပေး၍ ရရာသလော'

'သည်လောက် လေးလံနေတာကြီး ဘယ်ကလာ ရနိုင်ပါမတုံး ဘုရား'

'အေး…သည့်အတူပဲ မကောင်းမှု အကုသိုလ်တို့၏ ပူးကပ်အားကြောင့် ညစ်နွမ်းလေးလံလျက် ရှိသောသူကိုလည်း မည်သူမျှ အထက်သို့ မပို့နိုင်ရာပြီ'

'တစ်ဖန် ထောပတ်အိုးကြီးတစ်ခု ရေပြင်ကျယ်အနက်ထဲသို့ ကွဲလျက်က ကျရောက်သွားသော် ထောပတ်တို့သည် ရေပေါ် ပေါ်လာပြီ ဆိုပါအံ့၊ ထိုပေါ်လာသော ထောပတ်တို့ကို လက်ညှိုးထိုးလျက်က…အို ထောပတ်၊ အောက်ဆင်း…အောက်ဆင်း ဟူ၍ ကမ်းနဖူးမှနေ သင်အမိန့်ပေး၍ ရနိုင်သလော'

'ဒါလဲပဲ ဘယ်လိုနည်းနှင့်မျှ မရနိုင်ပါဘုရား'

'အေး၊ သည့်အတူပဲ ကောင်းမှုကုသိုလ်တို့၏ ရှင်သွက်အားကြောင့် သန့်စင်ပေ့ါပါး ဉာဏ်ကျက်စားနေသူကိုလည်း မည်သူကမျှ ဆွဲမချနိုင်ပြီ'ဟူ၍ မိန့်တော်မူခဲ့ချေ၏။

သို့ကြောင့် ဤဒေသနာတော်ကို ထောက်ဆ၍ မိမိ၏ ကောင်းတရားကိုလည်း မိမိသာ ပိုင်ဆိုင်ချေ၏၊ မိမိ၏ ဆိုးတရားများကိုလည်း မိမိသာလျှင် ပိုင်ဆိုင်ချေ၏။ မိမိကောင်းရန်သည် မိမိသာ ပြုလုပ်ပိုင်ခွင့်ရှိသဖြင့် မိမိသည်သာ အချစ်ဆုံး၊ အားအကိုးရဆုံး၊ စိတ်အချရဆုံး မိတ်ဆွေစစ် ဖြစ်ချေ၏။ တစ်ဖန် မိမိဆိုးရန်ကိုလည်း မိမိ ပြုလုပ်နိုင်မှသာ ရသဖြင့် မိမိသည်သာ မိမိ၏ အကြောက်ရဆုံး၊ ရှောင်ပုန်း၍ မရဆုံး၊ စိတ်မချရဆုံးသော ရန်သူစစ် မည်ချေ၏'

– ပဋိဘာန ဉာဏဒဿန ကထာ၊ စာ–၈၈၂

ဒါ့ကြောင့် ကျွန်တော်တို့ဟာ မိမိကိုယ်ကို ကယ်တင်ဖို့ သရဏဂုံသာလျှင် အားကိုးပွားထုံရာလို့ ဆိုရမှာ ဖြစ်ပါတယ်။ ဒီလို သရဏဂုံပွားထုံရာမှာ 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' စသည် အသံထွက် ရွတ်ဆိုဆောက်တည်ခြင်းကား ပညတ်သရဏဂုံဟု ဆိုခဲ့ပြီ။ **ပရမတ်သရဏဂုံကား** တရားရှုမှတ်ခြင်းဖြင့် စတင်ပွားများရမည်လို့ ဆရာတော်ဘုရားကြီးက မိန့်မှာထားပါတယ်။

## ပညတ်သရဏဂုံမှ ပရမတ်သရဏဂုံသို့

ပညတ်သရဏဂုံတည်ရာ၌ ဗုဒ္ဓမှ စရသော်လည်း ပရမတ်သရဏဂုံကား ဓမ္မမှ စရချေ၏။

'ဓမ္မံ ပဿတိ သောမံ ပဿတိ' ဟူသည့်အတိုင်း သစ္စာတရား မြင်သည်နှင့် ဘုရား သံဃာတို့ကိုလည်း မြင်ပြီးသား ဖြစ်ချေရကား ဓမ္မသရဏဂုံ တည်သည်နှင့် ဗုဒ္ဓနှင့် သံဃာလည်း တည်ရှိပြီးပင် ဖြစ်ချေတော့၏။

* သဘောမျှကို အောက်မေ့ဆင်ခြင် သတိဝင်နေခြင်းသည် ဓမ္မ မည်၏။
* သဘောမျှသို့ တပ်အပ်ကုန်စင် ဉာဏ်ဖြင့်မြင်နေခြင်းသည် ဗုဒ္ဓ မည်၏။
* သဘောမျှကို ငါစွဲမထင် ရှုဆင်ခြင်နေခြင်းသည် (သုပ္ပဋိပန္န) 'သံဃ' မည်၏။

ဤသို့လျှင် သရဏဂုံသုံးပါးလုံးသည် ဓမ္မကို အခြေခံ၊ ဗုဒ္ဓနှင့် သံဃတို့သည် ပါရှိပြီးသား ဖြစ်နေခဲ့သဖြင့် မဂ်ကျသောကာလ ထိုသုံးပါးလုံး ပူးဝင်လာခြင်းသည်သာ ဖြစ်ချေ၏။

– ပဋိဘာန ဉာဏ် ဒဿနကထာ၊ စာ–၈၈

ပရမတ်သရဏဂုံ အမြဲတည်ဖို့ ရှုမှတ်ခြင်း၊ အောက်မေ့ခြင်း၊ ဆင်ခြင် သုံးသပ်ခြင်းတို့ကို ပြုနိုင်တဲ့ သတိကိုသာ စွဲမြဲရာလို့ နားလည်မိပါတယ်။

'ထိုပရမတ် သရဏဂုံသည် အခြေခံ၌ တစ်ခါပွားမှ တစ်ခါသာ တည်တတ်ချေ၏။ ဤသို့ဖြင့် လောကီသီလ အဆင့်ဆင့် သင့်တင့်စွာ သန့်ပြန့်စင်ကြယ် ခန့်ထည်စေပြီး၍ ထိုသရဏဂုံဓား အင်အားထက်မြက် ဉာဏ်ရင့်ကျက်လာသောအခါတွင်ကား ဆိုင်ရာလက်ငုတ်စွဲကိုဖယ်ထုတ် သတ်ဖြတ် **မဂ်သို့** ကပ်ဝင်စေခြင်းအားဖြင့် **အမြဲတည်တံ့ချေတော့**၏။

ယင်း ပရမတ်သရဏဂုံတည်ခြင်းကြောင့်ပင် အရိယာကန္တ ခေါ်တွင်သော ငါးပါးသီလသည်လည်း ခါးဝတ်ပုဆိုးမျှသာမက ကိုယ်မှာပတ်ထား အရေထူ၊ အရေပါးတို့ကဲ့သို့ စိတ်နှင့် တစ်သားတည်း တည်စေတော့၏။ ထိုပရမတ်သရဏဂုံ၏ အထွတ်အထိပ်ကား အရဟတ္တမဂ်နှင့် ၎င်း၏ နောက်ပိုင်းကာလများအထိပင် ဖြစ်ရချေ၏။ ရဟန်းကိစ္စ ပြီးစီးလေလေ ပရမတ်သရဏဂုံ အကြိတ်အခဲ အစွဲအမြဲ တည်ရှိလေလေပင် ဖြစ်ချေ၏။ ပွားများမှုလည်း မပြတ်လေလေ ရှိချေ၏။ သီလ၏ စင်ကြယ်မှုသည်လည်း ရှိသမျှ အနုသယ အားလုံး ဖြုတ်ကာ ဖြောင့်ကာ ချွတ်ပြီး ဖြစ်သဖြင့် ထိုရဟန္တာ၏ သီလသာလျှင် အထွတ်အထိပ် ဖြစ်၏'

– ပဋိဘာန ဉာဏ ဒသနကထာ၊ စာ–၈၈၆

'ထိုလောကုတ္တရာ သီလသည်သာ သာသနာတွင်း သီလ အမှန်စင်စစ် ကေန်ပင် ဖြစ်ချေ၏၊ ထိုလောကုတ္တရာသီလ ခေါ်သော မဂ်လေးဆင့် ဖိုလ်လေးဆင့် ဟူသော ရှစ်ပါးသီလနှင့် အပ္ပမာဒ သရဏဂုံ ကိုယ်ပိုင် ရကြမှသာ သင်သည် သာသနာတွင်းသား ဘုရားရှင်၏ ရွှေရင်တော်ဖွားသားတော်စစ် သမီးတော်စစ်များ ဖြစ်ကြချေမည်။ ထိုရှစ်ပါးစုထဲမှ နှစ်ခုလောက်မျှ (သောတာပတ္တိ မဂ်နှင့်ဖိုလ်) မတည်သေးလျှင်ကား ဘုရားနားကပ်ဝင်နေသော်မှ ဘုရားရှင်ချစ်သား အစစ်ကား မဟုတ်ကြသေးပြီ။ တရားနားကပ်နေသော်မှ တရားချစ်သော ဘုရားသားစစ် မဖြစ်ကြသေးပြီ။ သံဃာနား ခိုနေသော်မှ သံဃာနှစ်သက် ဘုရားသားအစစ် မဖြစ်ကြသေးပြီ'

– ပဋိဘာန ဉာဏ ဒသနကထာ၊ စာ–၈၈၈

ဆရာတော်ဘုရားကြီးက အဲဒီလို သတိပေးဆုံးမလမ်းညွှန်လိုက်တဲ့ အခါ မိမိကိုယ်ကိုပြန်လည်ရှုမြင်သံဝေဂဖြစ်လျက်က ပညတ်သရဏဂုံ မှ ပရမတ် သရဏဂုံဆီ ခိုမှီလိုက်ပါနိုင်အောင် အားထုတ်လိုစိတ်တွေ တဖွားဖွား ပေါ်ပေါက်လာပါတော့တယ်။

[**အညွှန်း။** ။ဝနဝါသီဆရာတော်ဘုရားကြီး၏ မေတ္တာဓာတ် ... ] 

၇-၂-၉၉

*

# ကိုယ်ကျင့်သီလ ပဓာန

ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး ကြွချီလေရာ တောတောင်အသီးသီးဆီ လိုက်ပါပြီး ဒါန၊ သီလ၊ ဘာဝနာမှု ပြုကြတယ်ဆိုတာ သာသနာပွင့်ရာ အမွေလာတောင်းတာနဲ့ တူပါတယ်။ ဒါနခန်းနဲ့ အမွေတောင်းသူများကိုသော်မှ သီလပေးပြီး စိတ်ကလေး စင်ကြယ်ပြီဆိုမှ လှူစေပါတယ်။ သာသနာ့အလုပ် ဘာပဲလုပ်လုပ် သီလသိက္ခာပုဒ် မဆောက်တည်ဘဲ မရနိုင်ပါ။ ဆရာတော်ဘုရားကြီးက 'ကိုယ်ရမယ့်အမွေ သေချာသိမ်းထားကြ၊ လက်ထဲရောက်မှ မပျောက်စေနဲ့' လို့ မှာကြားလေ့ရှိပါတယ်။ သီလဆိုတာ ကိုယ်ကျင့်သိက္ခာ၊ ကိုယ်တိုင်ကျင့်မှရမယ့် သိက္ခာ၊ သီလ အမွေ ပေးရတဲ့အကြောင်းရင်းက အဘိဇ္ဈာဆိုတဲ့ အလိုဆိုး၊ ဗျာပါဒ ဆိုတဲ့ မုန်းငြိုးပြစ်မှားမှု ဒီနှစ်ခုကို ခုခံတွန်းလှန်ဖို့ ပေးထားတာ။

ကျောင်းမှာ သီလယူပြီး အိမ်ပြန်ရောက်တာနဲ့ သားဖို့ (သားဘို့)၊ သမီးဖို့ (ဘို့)၊ လင်ဖို့ (ဘို့)၊ မယားဖို့ (ဘို့) ဆိုတဲ့ ဘို့တွေက ပေါက်လာပြီနော်။ အဲဒီမှာ သားကျွေးမှု မယားကျွေးမှုတွေဆိုတဲ့ ဘို့တွေကြောင့်

အဘိဇ္ဈာဆိုတဲ့ အလိုဆိုးတွေ ဝင်လာပြီ။ လိုချင်စိတ် အားကြီးလာတာ ဝိသမ လောဘလို့ ခေါ်တယ်။ လိုတာထက် လွန်ကျူးလာတာမျိုး၊ သူ တစ်ပါးပစ္စည်း မရ ရတဲ့နည်းနဲ့ ရအောင် ယူနေတာ 'အလိုဆိုး' ပဲ၊ လို ချင်ရင် ကြိုက်ပြော ပြောပြီး မလိုချင်တာနဲ့ တွေ့ရင် မကြိုက်ဘူးပြောတာ အလိုဆိုးပဲ၊ မုန်းငြိုးပြစ်မှားမှုပဲ။

ကြက်သား ချိုနေတာ တို့စားဖို့ ချိုနေတာမဟုတ်ဘူး။ သူ့ကံ သူ့ အကျိုးပေး သူ့သတ္တိနဲ့သူ ချိုနေတာ၊ ချိုတာ ကြိုက်တော့ အကောင်းထင် ပြီး အစွဲနဲ့ ကပ်စားနေတာ၊ ဒါကိုပဲ မတရားတဲ့ အလိုဆိုးလို့ ခေါ်ရတယ်။ ချိုတဲ့ကြက် ကြိုက်လို့ အကောင်းထင်နေသမျှ ခါးတဲ့ကြက်ဟင်းခါးသီး နဲ့ တွေ့တော့ ကောင်းလိုက်တာလို့ ပြောနိုင်သေးရဲ့လား။ ကြက်ဟင်း ခါးသီးက အရွဲ့တိုက်ပြီး ခါးပြနေတာမဟုတ်ဘူး။ သူ့သဘောသူ့သတ္တိနဲ့ သူ ခါးနေတာကို မကောင်းဘူး မဆိုးဖြတ်ပါနဲ့။

လူတွေမှာလည်း ဒီလိုပဲ၊ လောဘ စရိုက် ဒေါသစရိုက်တွေ ကွဲနေ တာပဲ။ ဒေါသစရိုက် ရှိသူက ဘယ်သူ့ဖြစ်ဖြစ် ကလန်ကဆန်ပဲ၊ သူ့မို့ လို့ ငါ့မို့လို့ မချေမငံလုပ်တယ် မထင်ပါနဲ့။ သူတစ်ယောက်တည်း လမ်း သွားရင်းတောင် ခလုတ်တိုက်မိရင် အဲဒီ ခလုတ်နဲ့ ရန်ဖြစ်နေမှာပဲ။ လောဘသမားကလည်း ဘယ်သူ့တွေ့တွေ့ ပျစ်ချွဲချွဲပဲ။ သူ့စရိုက်သူ ပြ နေတာ။ စရိုက်ဝါသနာဆိုတာ သံသရာက ပါလာတာ၊ စရိုက်ဝါသနာ ဆိုတာ ငွေယူဖို့ အခက်သားကလား၊ စေတနာပြစ်သာ အဓိက၊ ကိုယ် ကောင်းစားဖို့ သူတစ်ပါး ပျက်စီးစေလိုတဲ့ စေတနာရှိရင် အဲဒီစေတနာ ပြစ်ကို အရေးယူရမှာ၊ ငရုတ်သီးစားပြီး စပ်ရမလား အပြစ်တင်မနေနဲ့၊ ကြိုက်စား မကြိုက် မစားနဲ့။

ဒီလိုသဘောသတ္တိ၊ စရိုက်သဘာဝတွေကို နားလည်မထားရင် မိမိမှာ အလိုဆိုးတွေ ဝင်လာတဲ့အချိန်နဲ့ ထိပ်တိုက်တွေ့ရင် မလိုလားအပ်တဲ့အမှုကိစ္စ ပြဿနာတွေ ပေါ်လာမှာပဲ။ အခုနေ ကျောင်းကအပြန် လမ်းမှာ ငန်းမြွေကြီးတစ်ကောင်နဲ့ တွေ့ရင် ဘယ့်နှယ်လုပ်မလဲ။ မြွေက သူ့စရိုက် သူ့ဝါသနာ သူ့သတ္တိအတိုင်း ကိုက်စရာရှိကိုက်မှာပဲ၊ ဘာမှမသိဘူး။ ကိုယ်က အခုမှ အသိရှိရှိနဲ့ သီလယူပြီး ဘုန်းကြီးကျောင်းက ပြန်လာတာ။

ဘယ့်နှယ်လဲ၊ မြွေကို သတ်မှာလား၊ ကိုယ့်သီလ ကိုယ် ထိန်းမှာလား။

'ကိုယ့် ကိုက်မယ့်မြွေဆိုရင် သတ်မိမှာပါ ဘုရား'

ဒီလိုဆို သွားပြီပေါ့ဗျ၊ သီလက အခုမှ အာမဘန္တေ ခံလာတာ၊ မြွေ က မသိလို့ ကိုက်တာ ခံလိုက်ပေါ့ဗျ၊ ကဲဗျာ…ရှေ့ဆက်သွားတော့ လှည်းလမ်းကြောင်းပေါ်မှာ ရှေ့က လှည်းပေါ်က ကျကျန်ရစ်ခဲ့တဲ့ ရွှေငွေတွေ အပြည့်ပါတဲ့ အိတ်ကြီး တစ်အိတ် ကောက်ရဆိုပါရောဗျ၊ ပိုင်ရှင်က ပုံ့သကူ ပစ်ခဲ့တာ မဟုတ်ဘူးနော်။ တစ်နေ့တစ်နေ့ လုပ်ကိုင်ရှာဖွေနေတာတွေကလည်း ဒီရွှေတွေ ငွေတွေ လိုချင်လို့ လုပ်နေတာဆိုတော့ ဒီလို ကောက်ရပစ္စည်းဆိုရင် စားရကံ ကြုံလို့ မှတ်ဆိတ် ပျားစွဲတယ် မထင်ဘူးလား။ အထုပ်ကြီး ဖွင့်ကြည့်လိုက်တော့လည်း ပိုင်ရှင်ရဲ့မှတ်ပုံတင်နဲ့ လိပ်စာနဲ့ အတိအကျဗျ။ ကဲ…တို့သီလရှင်တွေ ဖြေပါ။ ပြန်ပေးမှာလား။ အချောင် ယူထားမှာလား။

'… … …'

ဟောဗျာ၊ ဘာသံမှ မကြားရတော့ဘူး။ ဘူးသီးကြီးတွေ ထောင်

ထားသလို ဘာသံမှ မထွက်တော့ပါလား။ သူတစ်ပါးက နှုတ်ဖြင့် မပေး၊ လက်ဖြင့် မပေးတဲ့ပစ္စည်းကို မယူပါဘူးလို့ တို့သံဃာတွေဆီမှာ ကတိခံခဲ့တာ ဟိုရွှေထုပ် ငွေထုပ်ကြီးနဲ့တွေ့တော့ မေ့သွားပြီ ထင်ပါ့ဗျာ။ ကဲ… ထားလိုက်ဦး။

အိမ်မှာ ခြေဆော့ လက်ဆော့ သားလေးတစ်ယောက် မွေးထားမိတယ် ဆိုပါစို့ဗျာ၊ ဟိုမှာ ခိုး ဒီမှာ ခိုးနဲ့ သူခိုးစာရင်းဝင်နေလို့ ရဲကလည်း အလိုရှိနေ ဆိုပါစို့ဗျာ၊ ဒါနဲ့ ရပ်ထဲရွာထဲ အိမ်မှာတောင် မနေရဲဘဲ ရှောင်နေရာက လူသူအလစ်မှာ မိဘအိမ်ပြန်လာပြီး ခဏဝင်ပုန်းနေတယ် ဆိုပါစို့၊ ရဲကလည်း မျက်ခြည်မပြတ် ဒေါက်ထောက်ကြည့်နေတာဗျ၊ ရဲက အိမ်ထဲ ဝင်အလာ၊ သားကလည်း ပုန်းမိပုန်းရာ ပုန်းနေ၊ သားကို မတွေ့တော့ ရဲက မေးလိမ့်မယ်။

'ခင်ဗျားသား ဒီမှာရှိနေပါတယ်၊ ဘယ်မှာပုန်းနေပါသလဲ' ပေါ့။

မလိမ်ပါဘူး၊ မညာပါဘူး၊ မုသာဝါဒါ ဝေရမဏီဆိုတဲ့ တို့သီလရှင်တွေ အမှန်အတိုင်း ဖြေရဲပါ့မလား။ တစ်ဖက်ကလည်း ကိုယ်ချင်းစာစိတ်ကလေးတော့ မွေးရလိမ့်မယ်နော်၊ ငါ့သားက သူများအိမ် လျှောက်ခိုးနေတယ်။ ချွေးနှဲစာနဲ့ ရှာထားတဲ့ ငါ့ပစ္စည်းတွေ သူများ လာခိုးရင်ကော ကြိုက်ပါ့မလားဆိုတာ၊ ဒီမှာ သားအပေါ် ထားရှိတဲ့ အဘိဇ္ဈာကို သတ်ရတော့မယ်နော်။ ဒီလို ကိုယ်ချင်းစာစိတ်ကလေး မွေးကြည့်မှလည်း တရားတဲ့စိတ် ပေါ်လာမယ်။ မေတ္တာဆိုတဲ့ တန်းတူထားမှု ပေါ်လာမယ်။ လူလူချင်းမှ မဟုတ်ဘူး၊ တိရစ္ဆာန်တွေအပေါ်မှာလည်း တန်းတူထားနိုင်ရမယ်၊ ကြက်ကလေး သတ်စားတော့ ချိုလိုက်တာတဲ့။ သူ ကြက်ဖြစ်လာတာ ခင်ဗျားတို့ သတ်စားဖို့ ကြက်ဖြစ်လာတာ မဟုတ်ဘူး။ မိမိ

က ကိုယ်ကျန်းမာ စိတ်ချမ်းသာနဲ့ သက်တမ်းစေ့ နေချင်သလို အဲဒီကြက်ကလေးလည်း နေချင်ပေလိမ့်မယ်။ ကိုယ်ကတော့ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းရပါလို၏ လို့ ဘုရားရှေ့ ဆုတောင်းနေပြီး ကြက်ကလေးကို အသက်အန္တရာယ် သွားပေးနေရင် တရားပါ့မလား။ ကိုယ့်ပါးစပ် အရသာရှိဖို့ သူ့အသက် သတ်စားနေတာ သီလရှင်ကြီး၊ သိက္ခာရှင်ကြီးလို့ ဆိုရမလား။ ကျားကလည်း သမင်ကို သတ်စားနေတာပဲ၊ မြွေကလည်း ဖားကို သတ်စားနေတာပဲ။ အဲဒီတော့ ကိုယ့်တစ်ကိုယ် ကောင်းစားရေး အတွက် သူ့တစ်ကိုယ်ကောင်းကို ဖျက်ဆီးနေပြီဆိုရင် တိရစ္ဆာန်နဲ့ ဘာမှ မထူးဘူး၊ ငါဟာ ကျားလို မြွေလိုပဲလို့သာ မှတ်လိုက်တော့။ သီလ ယူတယ်ဆိုတာ လူ့ပြည် ရောက်တုန်းသာ ယူရတာ၊ သီလနဲ့ မေတ္တာ မပါရင် ကျားလို မြွေလိုပဲလို့သာ မှတ်လိုက်ပါ။

ဒီသီလ ဆောက်တည်ပြီး အဘိဇ္ဈာအလိုဆိုးတွေ ပယ်ဖျောက်ရမှာ၊ ဗျာပါဒ ဒေါမနဿဆိုတဲ့ မုန်းငြိုးပြစ်မှားမှုတွေ တားဆီးကာကွယ်ရမှာ၊ ရဟန်းသံဃာတွေဆီမှာ သီလယူခဲ့တဲ့အကြိမ်ပေါင်း ဘယ်လောက်ရှိပြီလဲ။ ယူခဲ့တဲ့ သီလ၊ ဆောက်တည်ခဲ့တဲ့ သိက္ခာပုဒ်တွေ ဘယ်လောက် ခိုင်မြဲသလဲ။ ကိုယ့်ကိုယ်ကို မညှာမတာ စစ်ဆေးကြည့်ပါ။ သီလ လုံလေ အထက်တက်လေ၊ အဘိဇ္ဈာအလိုဆိုးတွေ အောက်ကျသွားလေ။ ဘာနဲ့တူသလဲဆိုတော့ **စက်သီးတပ်ထားတဲ့ ရေပုံးနဲ့ ရေငင်သလိုပဲ။** ကြိုးရဲ့ တစ်ဖက်မှာ ရေပုံး၊ တစ်ဖက်မှာ ကြိုးထုံး၊ ပုံးနဲ့ အထုံး ဘယ်သူ့ဆွဲတင်မလဲ။ ရေလိုချင်ရင် ရေပုံးကို ဆွဲတင်ရမှာပေါ့။ အဘိဇ္ဈာနဲ့ ဒေါမနဿတွေကြောင့် လူတွေ အပူကြီးနေတာ၊ လိုချင်လို့ ရှာ၊ ရှာလို့ ရ၊ ရပြီးတော့ ထပ်လိုချင်နဲ့ တစ်ပူပေါ် နှစ်ပူဆင့်နေတာ။ ငါ့သားဖို့ဆိုပြီး စုဆောင်း ရှာ

ဖွဲ့ထားသမျှ ချွေးမက ကြားဝင်သုံးသွားတော့ ဘာတတ်နိုင်သေးသလဲ။ ဒီလိုပဲ ငါ့သမီးဖို့ဆိုပြီး ရှေ့ရေးတွေးပူ ရှာထားသမျှ သမက်စာ ဖြစ်သွားမှာပဲ။ ပြီးတော့ ချွေးမက မွေးတဲ့ မြေး၊ သမက်က မွေးပေးတဲ့ မြေး ဆိုတာတွေက လာလိမ့်ဦးမယ်၊ တစ်သီတစ်တန်းကြီး၊ မဆုံးတော့ဘူး။

ဒီလိုပဲ အပူခံနေမှာလား၊ အေးရာအေးကြောင်း ရေကလေး တစ်ပေါက် ဖြစ်ဖြစ် ရှာမှာလား။ ရေငတ်လို့ ရေသောက်ချင်ရင်တော့ ရေခပ်ကြရလိမ့်မယ်။ ဒီဘက်က ကြိုးထုံးကြီးနဲ့ တူတဲ့ အဘိဇ္ဈာတွေ မြန်မြန်လွှတ်ချလိုက်ပါ။ ရေပုံးကိုသာ သွက်သွက်ကလေး ဆွဲတင်ပါတော့။ သီလအားကောင်းလို့ စိတ်ကလေး စင်ကြယ်နေရင် ယုတ်ညံ့မှုမှန်သမျှ အလိုလို အောက်ကျသွားလိမ့်မယ်။ ဒီတော့ ကိုယ့်ကိုယ်ကို ကယ်ပါ၊ ဆယ်ပါတော့၊ ရေပုံးကို မြန်မြန်ဆွဲတင်ပါတော့။ ဘုရားသားသမီး မှန်ရင် အထက်ကိုသာတက်ရိုးထုံးစံရှိတယ်။ ဘယ်တော့မှ အောက်ကိုမဆင်းဘူး၊ တို့အကျင့် တို့သီလတွေနဲ့ တို့ဘဝတွေကို ဆွဲတင်ကြပါ။

ဒါဟာ သာသနာတော် ပွင့်ချိန်မှာ သီလနဲ့ အမွေယူနေတာ။

အင်္ဂါ ခြေလက်နဲ့ စီးပွားဥစ္စာ ဘယ်သူ့စွန့်မလဲဆိုလို့ရှိရင် စီးပွားကို စွန့်ရမယ်၊ အင်္ဂါခြေလက် ရှိနေသမျှ စွန့်လိုက်တဲ့ စီးပွားဥစ္စာတွေရဲ့ ဆယ်ဆမက ပြန်ရှာလို့ ရနိုင်တယ်မဟုတ်လား။ အင်္ဂါခြေလက်နဲ့အသက် တစ်ခုခု စွန့်ရမယ်ဆိုရင်တော့ အင်္ဂါခြေလက်ကိုသာ စွန့်ရမယ်လို့ ဆိုထားတယ် မဟုတ်လား။ အသက် ရှိနေသမျှ မျှော်လင့်ချက် ရှိနေသေးတယ် မဟုတ်လား။ အသက်နဲ့ သီလ တစ်ခုခုကို စွန့်ရမယ်ဆိုရင်တော့ အသက်ကိုသာ စွန့်လိုက်ပါတဲ့။ သီလကို ဘယ်တော့မှ မစွန့်ပါနဲ့တဲ့။

သီလကို စွန့်ပြီး ကံကျူးမိရင် ကြွေးတင်ပြီ၊ သံသရာကြွေးတို့မည်

သည် ဆပ်လို့ မဆုံးတော့ဘူး။ တခြားမကြည့်ပါနဲ့၊ တို့ဘုရားအလောင်းတော်နဲ့ ဒေဝဒတ်တို့ဟာ ဟိုးသံသရာ ငါးကမ္ဘာက ဖြစ်ခဲ့တဲ့ အာဃာတ၊ ရွဲကုန်သည်ဘဝက အငြှိုးကို ဘုရားဖြစ်တဲ့အထိ လာတောင်းနေတယ် မဟုတ်လား။ စိဉ္စမာန မိန်းမယုတ်လည်း ဒီလိုပဲ၊ ကိုယ်က မကြေ သူ့ပြန်ချေ။ သူက မကြေ ကိုယ့်ပြန်ချေနဲ့ သံသရာဆုံးမှာ မဟုတ်တော့ဘူး။

ဒီနေရာမှာ သီဟိုဠ်ခေတ်က သီလထိန်းပုံ၊ လေးစားပုံလေးကို ပြောပြချင်ပါတယ်။ မဟာဝင်မှာ ဒုဋ္ဌဂါမဏိမင်းကြီးဆိုတာ လက်ရုံးရည် နှလုံးရည် အင်မတန်ပြည့်ဝတဲ့ ထင်ရှားတဲ့ မင်းတစ်ပါး။ နိုင်ငံရဲ့ရန်သူ၊ သာသနာတော်ရဲ့ ရန်သူ မိစ္ဆာဒိဋ္ဌိ ကျေးကုလားတွေကို တိုက်ထုတ်ခဲ့တဲ့ သူ၊ သူတို့မှာ ညီအစ်ကို သုံးယောက်ရှိတယ်။ ဒုဋ္ဌဂါမဏိ၊ ဝဋ္ဋဂါမဏိနဲ့ သဒ္ဓါတိဿ…တဲ့။ သူတို့ငယ်စဉ် 'ထမင်းခွံ့မင်္ဂလာ'ပြုစဉ် ထမင်း တစ်လုတ် သစ္စာတစ်ချက် ဆိုရတယ်။ ထမင်းသုံးလုတ် သစ္စာ သုံးချက်ပေါ့။ ဘာလဲဆိုတော့…

(၁) ဘုရားနဲ့သံဃာတွေကို စားဦးစားဖျားမလှူဘဲ မစားပါဘူး ဆိုတာ ရယ်၊

(၂) ခိုက်ရန်ဖြစ် သတ်ဖြတ်ဖို့ မစားပါဘူး ဆိုတာရယ်၊

(၃) ညီအစ်ကိုချင်း စစ်မခင်းပါဘူး ဆိုတာရယ်။

ဒီလိုနဲ့ ညီအငယ်ဆုံး သဒ္ဓါတိဿ နန်းတက်ချိန်ကို ရောက်လာတယ်။ တိုင်းကားပြည်ရွာ သာယာပါလျက် သူ့မှာတော့ ခေါင်းစွဲနာ စွဲရာက နားပြည်ယိုရောဂါ ဖြစ်လာတာ မရပ်တော့ဘူးတဲ့။ ဒီအနာရောဂါ ဘယ်ဆေးနဲ့ကုမလဲ၊ သမားတော်ကြီးတွေက 'ခါသား'စားမှ ပျောက်မယ် လို့ အကြံပေးကြတယ်။ ခါသားနော်၊ မှိုမဟုတ်ဘူး၊ ကျောက်ခဲ မဟုတ်

ဘူး၊ သူများအသက် သတ်ရမှာ။ သူများကို သတ်ခိုင်းပြန်ရင်လည်း သူ့ ပယောဂ မကင်းတော့ သူသတ်သလို ရှိတော့မှာပဲ။ ရောဂါဝေဒနာ ပျောက်ဖို့ ခါသားလည်း မစားမဖြစ် စားရတော့မယ်။ သူ့အမှုထမ်း မင်းချင်းတွေကို ရှာခိုင်းပြန်ရင်လည်း ဒါ ပုံသက္ကူသားပါ၊ ကျွန်တော်တို့မသတ်ခဲ့ပါဘူးလို့ ညာပြောမှာကို မလိုလားဘူး။ ဒီတော့ တကယ်သီလစောင့်ထိန်းတဲ့ သူကို သူ ရှာရတော့မယ်။

အဲဒီမှာ အမတ်ချုပ်ကြီးရဲ့ သား မောင်သီလရဲ့ ဂုဏ်သတင်းက လည်း သင်းပျံ့နေတယ်။ မောင်သီလရဲ့ သီလ လုံမလုံ မင်းချင်းတွေနဲ့ စုံစမ်းစေပါတယ်။ စုံစမ်းပုံကတော့ ငွေတစ်ထောင်၊ ဓားတစ်လက်၊ ကြက်တစ်ကောင်နဲ့ စမ်းသပ်တာပါပဲ။ ဟောဒီကြက်ကို ဟောဒီဓားနဲ့ သတ်ပေးနိုင်ရင် ဟောဒီငွေတစ်ထောင် မောင်သီလ ယူလေ တဲ့။ အဲဒီခေတ် ငွေတစ်ထောင်ဆိုတာ ဒီနေ့ခေတ် ငွေဆယ်သိန်းလောက် ရှိမှာပ။

ကြက်မသတ်ခဲ့ရင်တော့ ငွေတစ်ထောင် မရ၊ ထောင်ဒဏ်ကျခံစေတဲ့။ အဲဒါ အဘိဇ္ဈာဆိုတဲ့ လိုချင်မှုနဲ့ ဗျာပါဒဆိုတဲ့ ထောင်ကျမယ့် ဘေးသောကနဲ့ စမ်းတာ၊ ဒါကို သာမန်လူတွေ မသိနိုင်ဘူး၊ သတိရှိသူသာ သိနိုင်မယ်။ မောင်သီလက သီလရှိသူပဲ၊ ကြိုက်တဲ့အပြစ်ပေး၊ ကြက်ကိုတော့ မသတ်နိုင်ဘူး။

'ဒါ ဘုရင့်အမိန့်တော်... အာဏာဖီဆန်မှုနဲ့ ပိုပြီး အပြစ်ကြီးသွားမယ်'

မင်းချင်းတို့ ဘယ်လိုပင် ခြိမ်းခြောက်ပေမယ့် မောင်သီလကတော့ သူတို့ခိုင်းတဲ့ ကြက်သတ်မှုကို မကျူးလွန်ဘူး။ ဒါနဲ့ မင်းချင်းတို့က...

'ခုနစ်ရက် အချိန်ပေးမယ်၊ ခုနစ်ရက် ပြည့်လို့မှ ကြက်မသတ်ရင် မင်းကို သတ်ရလိမ့်မယ်' လို့ ရာဇသံပေးပြီး ပြန်သွားတယ်။ မောင်သီလက ဘယ် တုန်လှုပ်လိမ့်မလဲ။ ဒီလိုနဲ့ ခုနစ်ရက် ပြည့်ချိန်မှာတော့ မောင်သီလကို သူသတ်ကုန်းမှာ သတ်ဖို့ ပြင်ဆင်ထားတဲ့ အနေအထားနဲ့ တွေ့ရတယ်။ မောင်သီလကလည်း ကြက်သတ်လို့ ရမယ့်ငွေ ငါဘယ်လောက်ကြာကြာ သုံးရမလဲ၊ ကြက်သတ်မိရင် အရင်ဦးဆုံး ငရဲကျခံရမယ်၊ ငရဲက လွတ် ပြန်တော့ ကြက်လို ခံရဦးမယ်၊ ကြွေးဆပ်လို့ မဆုံးတော့ဘူးဆိုတဲ့ ခံယူ ချက်နဲ့ ကြက်ကိုမသတ်ဘူး။ သူ့ဘေးမှာတော့ သတ်လိုသတ်ငြား ကြက် ကလေးကို အဆင်သင့် ထားပေးထားတယ်။ ဒီမှာ မောင်သီလက ကြက် ကလေးကို ပြောလိုက်သတဲ့။

'ကြက်ကလေးရေ...ငါ ဒီတစ်ဘဝပဲ အသေခံမယ်၊ သံသရာဘဝ အဆက်ဆက် မသေပါရစေနဲ့၊ ငါသေပေမယ့် ငါ့သီလက ရှင်နေလိမ့် မယ်၊ မင်းကိုယ်စား ငါပဲ အသေခံပါမယ်'

ဒီလိုပြောပြီး ကြက်ကလေးကို လွှတ်လိုက်တယ်။ ကြက်ကလေး ဟာ အနီးရှိညောင်ပင်ပေါ် ပျံတက်သွားပြီး လွတ်မြောက်ခြင်း အထိမ်း အမှတ်နဲ့ တွန်လိုက်ပုံဟာ တယ်ပြီး သာယာနာပျော်ဖွယ်ရှိတယ်။

အဲဒီလို ဖြစ်ပုံပျက်ပုံ အကြောင်းစုံကို ဘုရင် သဒ္ဓါတိဿ ကြားသိ ရလေတော့...

'မောင်သီလကို ငါ စိတ်ချပြီ၊ နန်းတော်ကို ခေါ်ခဲ့ပါတော့' တဲ့၊ မှာ ရှာတယ်။ ဒီလိုနဲ့ မောင်သီလ နန်းတွင်းရောက်တော့ ဘုရင်ကြီးက လှိုက် လှဲ ဝမ်းသာ သာစုခေါ်ပြီး ငွေတစ်ထောင် ဆုချတယ်။ ပြီးတော့ ညင်ညင် သာသာ တောင်းပန်လိုက်တာက

'ငါ့ရောဂါ ပျောက်ဖို့ ပွဲသကူ ခါသားလေးများ ရရင် မောင်သီလ ရှာပေးစမ်းပါကွယ်'တဲ့။ ကဲ...ကြည့်စမ်းပါဗျာတို့။ ရေမြွေသနင်း ပြည့်ရှင်မင်း ဖြစ်ပေမယ့် ခါကလေး တစ်ကောင်ရဲ့အသက်ကိုသော်မှ သူ့အတ္တအတွက် မသတ်ရက်၊ သီလမျက်နှာ တစ်ခုတည်း ကြည့်တယ်။

မောင်သီလဘက်ကလည်း ငွေနဲ့ အာဏာ ဘာကိုမှ ဂရုမစိုက်ဘဲ သူ့သီလကို သူ ဂရုပြုတယ်၊ မင်းနဲ့ပြည်သူ သီလချင်းတူမျှကြလို့ တိုင်းနိုင်ငံလည်း အတိုင်းထက်အလွန် ချမ်းသာတယ်။ ကြီးပွားရာ အောင်မြင်ကြောင်း နည်းကောင်းလမ်းမှန်ဆိုတာ သီလဆိုတဲ့ ကိုယ်ကျင့်တရားပေါ်မှာ အခြေခံတယ်။ စောင့်ထိန်းနိုင်သလောက် အကျိုးပေးတာ သီလသိက္ခာကိုယ်ကျင့်တရားပါပဲ။

[**အညွှန်း။** ။ ၁-၆-၉၇ နှတ်တလူတောရမှာ ဟောပါတယ်။]

၁၉-၃-၉၉

*

# မြတ်သောအကျင့်ရဲ့ အစိတ်ပိုင်း

သီလတွေ ဆောက်တည်ပြီး တကယ် မထိန်းသိမ်းကြရင် သီလပေးသူ ဥပဇ္ဈာယ်ဆရာ သံဃာတွေကို ပမာမခန့်လုပ်ရာ ရောက်တာကိုရော သတိထားမိပါရဲ့လား။ စစ်မတိုက်ချင်တဲ့လူကို လက်နက်တပ်ဆင်ပေးမိရင် တပ်မှူးမှာ တာဝန်ရှိသလိုပဲ၊ ဒီလက်နက်ကိုမှ မရိုသေ မလေးစား၊ ပေါ့တီးပေါ့ဆနေမိရင် ဒီလက်နက် ရန်သူလက်ထဲ ပါသွားတော့မယ်။ တရား သရဏဂုံဆောက်တည်ပြီး သီလယူတာဟာ ကိလေသာရန်သူကို တိုက်ဖို့ လက်နက်တပ်ဆင်ပေးလိုက်တာပဲ။ ဝဋ်ဆင်းရဲဒုက္ခအပေါင်းကို အမြစ်က လှန်ဖို့ လက်နက်ကိရိယာ ထုတ်ပေးလိုက်တာပဲ။

ဒါ့ကြောင့် အပ္ပမာဒ သတိနဲ့ သရဏဂုံလက်နက်ကို သံဃာတော်များက တစ်ကြိမ် တောင်းရုံနဲ့ ပေးရိုးထုံးစံမရှိဘူး၊ တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ်မြောက်အောင် အလေးအနက် တောင်းဆိုရတယ် အဲဒီမှာ ပေးပိုင်ခွင့်ရှိတဲ့ သံဃာတော်က ပေးလိုက်တဲ့ ဒီသရဏဂုံ လက်နက်ကို ပစ္စလက္ခတ် မထားပါနဲ့လို့ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက သံဃာ့ကိုယ်စား အကြိမ်ကြိမ် မှာကြားလေ့ရှိပါတယ်။

သရဏဂုံသီလ တောင်းခံပြီးချိန်မှာ ရဟန်းသံဃာများက...

'ယ မဟံ ဝဒါမိ၊ တံ ဝဒေထ' လို့ သတိပေးလိုက်ပြီးသား ဖြစ်ပါတယ်။

အဓိပ္ပာယ်က 'အကြင်စကားကို ငါဆိုတော့မယ်၊ သင်တို့ လိုက်ဆိုကြ'တဲ့။ ဒါနဲ့ ဘုန်းကြီးဆိုလို့ လိုက်ဆိုရုံသက်သက် စေတနာမထက်သန်ဘူး ဆိုရင် ဆောက်တည်နေဆဲ သီလလည်း မခိုင်မာမထက်မြက်တော့ဘူး။ သရဏဂုံဆောက်တည်စဉ်မှာလည်း ပါးစပ်က 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' လို့ အော်နေပြီး စိတ်က တခြားသွားနေရင် သရဏဂုံ မတည်တော့ဘူး။ စိတ်ပါလက်ပါ ဆောက်တည်မှ မြတ်တယ်လို့ ဆိုရတာ၊ သူများဆိုလို့ လိုက်ဆိုရုံသက်သက် စိတ်မပါလက်မပါဆိုရင် သရဏဂုံမတည်ဘူး၊ အရင်းမှ မရှိဘဲ အမြတ် မရနိုင်ဘူး။

ရဟန်းအဖြစ်နဲ့ သာသနာ့ဘောင် ဝင်ရာမှာတောင်မှ ကမ္မဝါ သုံးဆိုင်း ဖတ်ရပါတယ်။ တစ်ခုမမိ တစ်ခုမိအောင်လို့၊ ခြေက မမြဲ လက်က မြဲအောင်လို့၊ လူတွေ သရဏဂုံဆောက်တည်ရာမှာလည်း ဒုတိယမ္ပိ၊ တတိယမ္ပိ သုံးကြိမ်ဆောက်တည်ပေးရတာ ဒီသဘောပါပဲ။ တကယ်လေးလေးနက်နက် စိတ်ပါလက်ပါဆိုရင် တစ်ကြိမ်ဆောက်တည်ရုံနဲ့လည်း သရဏဂုံတည်ပါတယ်။

သရဏဂုံဆောက်တည်ခြင်း မပြုမီ 'နမောတဿ... ...' သုံးကြိမ်ပူဇော်ရတာက ဘုရားဂုဏ်တော်တွေ အာရုံပြုခိုင်းနေတာ၊ ဘာဖြစ်လို့လဲ၊ သရဏဂုံသုံးပါးရဲ့ ပိုင်ရှင်သည် ဘုရားရှင်ဖြစ်နေလို့၊ ဘုရားပွင့်မှ တရားပေါ်တယ်၊ တရားတော်ကို ကျင့်မှ သံဃာရယ်လို့ ဖြစ်လာတယ်၊ ဒါကြောင့်

ဘုရားရဲ့ဂုဏ်တော် ကျေးဇူးတော်တွေကို အရင်ဦးဆုံး အောက်မေ့ပူဇော်ရတာပဲ။

မိဘများက သားသမီးတွေကို အဖိုးတန် ရတနာကလေးများ ဆင်ယင်ပေးချိန်မှာ ဟဲ့ မပျောက်စေနဲ့၊ ကျွတ်မကျစေနဲ့ စသည်ဖြင့် စိတ်မချလို့ တတွတ်တွတ် မှာသလိုပဲ၊ ရတနာမြတ်သုံးပါးဖြစ်တဲ့ သရဏဂုံသုံးပါး ဆောက်တည်ချိန်မှာ သံဃာတော်တွေက မတောင်းမီလည်း သတိပေးရ၊ တောင်းပြီးတော့လည်း သတိပေးရတယ်။ သရဏဂုံဟာ အဲဒီလောက်ထိ အရေးကြီးပါတယ်။ နားမှာ ကပ်နေတဲ့ 'နားကပ်ကလေး' လို စားစားသွားသွား နားနားနေနေ မိမိကိုယ်စိတ်မှာ သရဏဂုံသုံးပါးလုံး မကွာမကွေ ရှိပါစေ။

သရဏဂုံဆောက်တည်ပြီးတော့ သီလယူကြရပါတယ်။ လူဖြစ်ရင် ငါးပါးသီလဆိုတာ မြဲကို မြဲရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ ငါးပါးသီလဆိုတာ လူနဲ့ တိရစ္ဆာန်တို့ရဲ့ နယ်ခြားမျဉ်းပဲ။ သတ်ချင် သတ်မယ်၊ ခိုးချင် ခိုးမယ်၊ နိုင်ရာစားမယ်ဆိုရင် ဒါ လူ့အကျင့်လို့ မခေါ်နိုင်တော့ဘူး။ ဒီလို သီလဆောက်တည်ထားမှသာလျှင် ကံအကျိုးပေးတွေကို ဘေးကင်းရန်ကင်း ခံစားနိုင်မယ်။ ဒါကြောင့် ရပ်ထဲရွာထဲမှာတော့ ငါးပါး သီလပေါ့၊ ရိပ်သာ၊ ကျောင်းရောက်လာကြတော့ သာသနာ့နယ်မြေဆိုတော့ ရှစ်ပါးသီလ အနည်းဆုံး ထိန်းကြရမယ်။ ဘာဖြစ်လို့လဲ၊ မဂ္ဂင်ရှစ်ပါးနဲ့ သွားရမှာမို့။

ရှစ်ပါးသီလမှာက ငါးပါးသီလထဲက နံပါတ်သုံး သိက္ခာပုဒ် 'ကာမေသု မိစ္ဆာစာရာ ဝေရာမဏီ.. ...' ရဲ့နေရာမှာ 'အဗြဟ္မစရိယာ ...' ဝင်လာတာ၊ မမြတ်သော အကျင့်မှ ရှောင်ကြဉ်ပါ၏ ဆိုတာ မေထုန်မှိုက်

ခြင်း မပြုပါဘူးလို့ ကတိခံဝန်ချက် ပြုတာ၊ ကာမေသုက သူ့လင် သူ့မယား အုပ်ထိန်းမှုရှိတဲ့သူ ဘယ်သူ့ကိုမဆို မပျော်ပါး မစော်ကားပါဘူးလို့ ကတိပေးခဲ့တာ၊ ကိုယ့်လင် ကိုယ့်မယားကျတော့ ခွင့်ပြုတယ်။ အခု ရှစ်ပါးသီလထဲက 'အဗြဟ္မစရိယာ'မှာတော့ ကိုယ့်လင် ကိုယ့်မယား တောင် မပေါင်းရတော့ဘူး။ ဘာဖြစ်လို့လဲ၊ မြတ်သောအကျင့် မဟုတ်လို့၊ ခွေးလည်း ကျင့် ဝက်လည်း ကျင့်နိုင်တဲ့ မေထုန်အကျင့်ဆိုတာ မြတ်သောအကျင့် မဟုတ်လို့။ ပြီးတော့ ဒီမေထုန် အကျင့်ကြောင့်ပဲ အစွဲတဏှာ အာရုံခံစားမှုတွေ ပိုပြီးပြင်းထန်လာစေတယ်၊ ဒီအစွဲတဏှာတွေကပဲ အပါယ်ဘုံကို ပို့နေတာမဟုတ်ဘူးလား။ ဘုရားသားသမီးမှန်ရင် အထက်သို့သာ တက်ရလိမ့်မယ်း အောက်ဆင်းနေတာအစွဲက ဆွဲလို့၊ စိတ်ဓာတ်တွေ ယုတ်ညံ့လာတာ အဲဒီမေထုန်မှုကြောင့်။

ဒီကနေ့ မြတ်သောအကျင့်ကို ကျင့်နေချိန်မှာ 'ဥပုသ်တော်သီလ' ရဲ့ အဓိပ္ပာယ်ကို အပြည့်အဝ နှလုံးသွင်း ဆင်ခြင်နိုင်ရမယ်။ 'ဥပုသ်' ဆိုတာ အာရုံမှ ဆိတ်သုဉ်းခြင်း၊ ညစာ မစားတာ တစ်ခုတည်းနဲ့ ဥပုသ် မရဘူး။ အာရုံလုံမှ ဥပုသ်ရမှာ၊ ကာမအာရုံ အကုန်ပယ်ရမှာ။

သီလက ကိုယ်နဲ့ နှုတ်ကိုပဲ တာဝန်ယူတာ၊ ဥပုသ်ကမှ စိတ်ကို တာဝန်ယူတာ၊ အသံတစ်သံ ကြားတယ်ဆိုပါစို့၊ နားရှိလို့ ကြားမိတာထက် မပိုစေရဘူး။ ဘာသံလဲ၊ ဘယ်သူလဲဆိုတဲ့ စုံစမ်းတာ စပ်စုတာတွေ မလုပ်ရတော့ဘူး။ သတိကလေးနဲ့ သူ့ဆိုင်ရာ အာရုံတံခါးပေါက်တွေကို စောင့်ပေးနေတာ ဥပုသ်စောင့်တာပါပဲ။ တပ်စခန်းတွေမှာ လူချည်း စောင့်ရိုးထုံးစံရှိသလား။ လက်နက်ကိုင်ပြီး စောင့်တာလား၊ ဒီမှာလည်း စိတ် လုံ

ခြိုးရေးအတွက် အပ္ပမာဒဆိုတဲ့ သတိလက်နက် ကိုင်ပြီး စောင့်ရမှာ။ အာရုံ လုံမှ၊ သတိမြဲမှ ဥပုသ်ရမှာ။

ဝမ်းစာရှာအလုပ်လုပ်ဖို့က နံနက်စာ၊ နေ့လယ်စာတွေနဲ့ လုံလောက်ပါတယ်။ ညစာ စားနေကြတယ်ဆိုတာက သုက်သွေးအလို့ငှာအားဖြည့်နေတာပါ။ ညဘက်စားတဲ့ အစာတွေကို သုက်သွေးဖြစ်အောင် တစ်ညလုံး ချက်ရတာ၊ ဘိန်းမည်းက ဘိန်းဖြူချက်သလိုပါပဲ။ ဒီတော့ ညစာရှောင်တယ်ဆိုတာ တဏှာမထကြွအောင် ကြိုတင်ကာကွယ်ရေး လုပ်တာ၊ နွားသိုး သင်းကွပ်တာနဲ့ တူလိမ့်မယ် ထင်ပါတယ်။

ရသ တဏှာ ဆိုတာ ဓာတ်ခဲ နဲ့ တူတယ်။ ကျန်တဏှာတွေက မီးစာ၊ ဓာတ်ခဲ အားမရှိရင် ကျန်တဏှာတွေ ဘယ်ဟာမှ မပွင့်ဘူး။ ဒါကြောင့် ညစာမစားဘူးဆိုတာ ဓာတ်ခဲတွေ ထုတ်ထားတာ။ ‘ဝိကာလ’ ဆိုတဲ့ ‘အထူးအချိန်’ ဆိုတာ နေမွန်းတည့် ၁၂ နာရီကနေ နောက်တစ်နေ့ မနက် ၅ နာရီအထိ ၁၇ နာရီလုံးလုံးကို ရည်ညွှန်းပါတယ်။ တစ်ပတ်လုံး စုဆောင်းခဲ့တဲ့ တဏှာတွေ၊ မောဟတွေကို ဒီ ၁၇ နာရီအတွင်း အကုန်ဖယ်ထုတ်ပစ်ရမှာ၊ ဝိကာလဆိုတာ ရှေ့တန်းသွားရတာမျိုး၊ မွန်းမတည့်ခင် ၁၂ နာရီအတွင်းကတော့ ကိုယ့်တပ်တွင်း ကိုယ့်အိမ်မှာလို စားချင်ရာ စားလို့ ရသေးတယ်။ ဝိကာလအချိန်မှာတော့ ရန်သူကိလေသာတွေကို စစ်ဆင်ရေး လုပ်ရတော့မယ်။

ပြီးတော့ ဒီ ‘ဝိကာလ’ မှာ ညစာအတွက် ရှာရဖွေရ၊ ချက်ရပြုတ်ရနဲ့ ကိစ္စများတယ်။ တရားသမားဆိုတာ ကိစ္စများလို့ မဖြစ်ဘူး။ ညစာ စားမိရင် ဗိုက်လေးသလို မျက်လုံး လေးပြီး အိပ်ချင်မယ်။ အိပ်နေရုံနဲ့ ကိလေသာတွေ ထွက်ပြေးပါ့မလား။ ဥပုသ်သည်ကို မဆိုထားပါနဲ့၊ ရှေး

ခေတ်က ညစောင့်ကုလားတွေတောင်မှ ညစာမစားဘူး၊ နွားနို့လေး တစ်ခွက်ပဲ သောက်တယ်။ ညစာများ စားမိရင် အိပ်ချင်ပြီး တာဝန်မကျေမှာစိုးလို့၊ ဥပုသ်သည်များကလည်း ဥပုသ်ရဲ့တာဝန် ကျေဖို့ လိုပါပြီ။

ဗုဒ္ဓဘာသာဝင် မျိုးဆက်သစ် သားသမီးတွေက မေးလိမ့်မယ်။

'ဥပုသ်စောင့်တယ်ဆိုတာ ဘာလဲ'

ညစာ မစားတာလို့များ ဖြေမိရင် ဒုက္ခ။ ညစာ စားမိရင် ဘာဖြစ်သလဲ၊ ကလေးက စပ်စပ်စုစု မေးရင် ဘယ်လိုဖြေမှာပါလိမ့်။ 'ငရဲကြီးတယ်' လို့ ဖြေမှာလား။ ဒီတော့ 'နံနက်စာ စားတော့ကော ငရဲမကြီးဘူးလား' လို့ ကလေးတွေက မေးလိမ့်မယ်။

ဥပုသ်ရဲ့ အနှစ်သာရဟာ ညစာမစားခြင်း မဟုတ်ပါဘူး၊ အာရုံတွေကို ဖြတ်နေတာ။ ညစာ မစားဘဲ ဆာဆာနဲ့ ပေအိပ် ကွေးအိပ်နေလို့လည်း ဥပုသ်မရဘူး၊ ဝိကာလဆိုတဲ့ ၁၇ နာရီလုံးလုံး ရှုမှတ်ပွားများနေရမှာ။ ဥပုသ်သည်ကြီးခများ ပွဲလမ်းသဘင် ရုပ်ရှင်တွေတော့ မကြည့်ပါဘူး၊ ကိုယ့်သားမယား ပြန်ကြည့်ပြီး အဆင်ပြေတာတွေ့ရင် သောမနဿ၊ အဆင်မပြေတာ တွေ့ရင် ဒေါမနဿတွေ ဝင်လာခဲ့လို့ကတော့ ဥပုသ်ကျိုးပြီနော်။ ပန်းပန်ခြင်း၊ အမွှေးနံ့သာ လိမ်းခြယ်ခြင်းဆိုတာလည်း မိမိကိုယ်ကို သာယာစေတတ်တဲ့ တဏှာရဲ့အကြောင်းရင်းတွေ ဖြစ်လို့ ပယ်ရပါတယ်။ ကိုယ်က ဥပုသ်ယူပြီး လိမ်းခြယ်ထားလို့ မြင်တဲ့သူ ပြစ်မှားစရာဖြစ်ရင် သူတစ်ပါးကို အကုသိုလ်ပေးမိတာနဲ့ အတူတူပဲ။

ဒီတော့ တပ်မက်ခြင်းအကြောင်းမှန်သမျှ အကုန်ပယ်၊ အာရုံငါးပါးတံခါးငါးပေါက်မှာ သတိအစောင့်ချပြီး သရဏဂုံကို မနားတမ်း ပွားများနေမှသာလျှင် ဥပုသ်တော်သီလရဲ့ စင်ကြယ်သော အာနိသင်ကို အပြည့်

အ၀ ရနိုင်တယ်လို့ ဆရာတော်ဘုရားကြီးက ဟောကြားခဲ့ကြောင်းပါ ဗျာ။

[**အညွှန်း။** ။ ၁၃-၆-၉၇ နတ်တလူတောရမှာ ဟောပါတယ်။]

၂၁-၃-၉၉

*

# အစစ်အမှန် အောင်နိုင်ခြင်း

(ဇီတံ မေ အောင်ပြီ)

ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးရဲ့ သာသနာပြု ရည်မှန်းချက်မှာ လူတွေရဲ့ ငါးစွဲဒိဋ္ဌိ ခွာချရေးနဲ့ ရတနာမြတ်သုံးပါးနဲ့ ကံ ကံရဲ့အကျိုးအပေါ် ယုံမှားသံသယ ဝိစိကိစ္ဆာကို အမြစ်ဖြုတ် သုတ်သင်ရေးတို့အပေါ်မှာ အခြေခံတယ်လို့ နားလည်ရပါတယ်။ နတ်ဘုံနတ်နန်းသဖွယ်သော သာသနိက အဆောက်အအုံများ ဖွံ့ဖြိုးစည်ပင်လာရေးထက် လူတွေရဲ့ အတွင်းမနောကံ စိတ်ဓာတ် သန့်ရှင်းစင်ကြယ် ဖွံ့ဖြိုးရေးကို ဦးတည်နေခဲ့ပါတယ်။ ဝိပဿနာအမြင် သန့်ရှင်းရေးကိုသာလျှင် အစဉ်သဖြင့် လမ်းညွှန်တော်မူခဲ့ပါတယ်။ အပြင်အောင်နိုင်ခြင်းထက် အတွင်း အောင်နိုင်ခြင်းသာလျှင် တကယ့်အောင်နိုင်ခြင်းအဖြစ် ဆုံးမလမ်းပြခဲ့လေ့ရှိပါတယ်။

သီဟိုဠ်ခေတ် မဟာဝင် ဝတ္ထုထဲက ဒုဋ္ဌဂါမဏိမင်းကြီးရဲ့ ပြည်ထောင်ဖက် စစ်သူကြီး 'ထေရပုတ္တာဘယ' ရဲ့ ခံယူချက်နဲ့ ကျင့်စဉ်ကို ပုံဆောင်ပြလေ့ရှိပါတယ်။ နိုင်ငံတော်ကို လွှမ်းမိုးနှိပ်စက်နေတဲ့ မိစ္ဆာဒိဋ္ဌိ

ကျေးကုလားတွေရဲ့ ရန်ကို တွန်းလှန်ချေမှုန်းရာမှာ စစ်သူကြီး ထေရပုတ္တာဘယဟာ ဒုဋ္ဌဂါမဏိမင်းကြီးရဲ့ တိုက်တိုင်းအောင် ညာ လက်ရုံး စစ်သူကြီးပေါ့။ တိုက်ပွဲပေါင်းများစွာမှာ ရန်သူမိစ္ဆာဒိဋ္ဌိတွေကို သိမ်းနဲ့သင်းနဲ့ချိုးပြီး သုတ်သင်ခဲ့ပြီးချိန်မှာ ဒုဋ္ဌဂါမဏိမင်းကြီးဟာ သီဟိုဠ်ကျွန်းတစ်ကျွန်းလုံးရဲ့ တစ်ပါးတည်းသောမင်းအဖြစ် ဘိသိက်ခံပါတယ်။ သူ့ရဲ့ ပြည်ထောင်ဖက် စစ်သူကြီးတို့ကိုလည်း မြို့ရွာစည်းစိမ်ရာထူးတွေ အပ်နှင်း ချီးမြှောက်ပါတယ်။ ထေရပုတ္တာဘယကတော့ ပေးသမျှစည်းစိမ်တွေကို လုံးလုံးမယူ၊ ဘာ့ကြောင့် မယူသလဲ အမေးရှိတော့...

'အရှင်မင်းကြီး...ကျွန်ုပ် စစ်ထိုးရန် ရှိပါသေးသည်'

'ငါကိုယ်တိုင် ဘုရင်ဧကရာဇ်ဖြစ်ခဲ့ပြီပဲ၊ အဘယ်မည်သော စစ်ထိုး ရန် ရှိသေးသနည်း'

'မြတ်သောမင်းကြီး...ကျွန်ုပ်တို့သည် အပြင်ရန်မှန်သမျှ အကြွင်း အကျန်မရှိ အောင်နိုင်ခဲ့ပါပြီ၊ ကျွန်ုပ်တို့ရဲ့အတွင်းရန် ကိလေသာကိုကား တစိုးတစိမျှ မအောင်နိုင်သေးပါ၊ သို့ပါ၍ ယခု ကိလေသာရန်သူကို ထိုး စစ်ဆင်ပါတော့မည်၊ မင်းကြီး ခွင့်လွှတ်ပါလေတော့'

စစ်သူကြီးဟာ အပြင်အောင်နိုင်ခြင်း မှန်သမျှ စည်းစိမ်ဥစ္စာ ရာ ထူးက အစ စွန့်လွှတ်နေပါပြီ။ ဒုဋ္ဌဂါမဏိမင်းကြီးက အကြိမ်ကြိမ် တား သလောက် စစ်သူကြီးက အဖန်ဖန် တောင်းပန်ပြီး ရဟန်းပြုကာ ကိလေ သာရန်သူတွေကို တရစပ် စစ်ဆင် တိုက်ပွဲဝင်လေရာ မကြာခင် ရဟန္တာ အဖြစ်သို့ ရောက်ရှိသွားပါတော့တယ်။ ကိလေသာရန်ကို အောင်နိုင်ခြင်း၊ အတွင်းရန်ကို အောင်နိုင်ခြင်းသာလျှင် တကယ့်အောင်နိုင်ခြင်း ဖြစ်ပါ

တယ်။ ဒီသဘောကို ဆရာတော်ဘုရားကြီးက ဗုဒ္ဓဘုရားရှင် သက်တော် ထင်ရှားရှိစဉ်က သူဆင်းရဲတစ်ယောက်ရဲ့ ဇာတ်ကြောင်းနဲ့လည်း ပုံဆောင် ဟောကြားပြန်ပါတယ်။

ဘုရားရှင့် ရွှေလက်ထက်တော်က...

ကောသမက ပုဏ္ဏားမိသားစုဟာ အလွန်ဆင်းရဲရှာတယ်။ ဘယ် လောက်ထိ ဆင်းရဲသလဲ ဆိုရင် လင်ရယ် မယားရယ် သားရယ် တစ် မိသားစုလုံးရဲ့ ဘုံပိုင် အသုံးအဆောင်ဆိုလို့ 'ခြုံလွှာတဘက်' ကလေး တစ်ထည်ပဲ ရှိသတဲ့။ ခြုံလွှာတဘက် အစစ်တောင်မှ ဟုတ်ချင်မှ ဟုတ်ပါ လိမ့်မယ်။ ပုဆိုးစုတ်ကလေးကို တဘက်လုပ်ထားတာ ဖြစ်ပါလိမ့်မယ်။ တစ်နေ့တော့ ဖခင်လင်ပုဏ္ဏားကြီးဟာ အဲဒီပုဆိုးစုတ်ကလေး ပခုံးပေါ် တင်ပြီး ဘုရားရှင်ကို သွားရောက်ဖူးမြော်တယ်။ ဘုရား တရားနာရတော့ လှူချင်တဲ့ သဒ္ဓါစိတ်ကလေး ပေါက်လာတယ်။ လှူစရာဆိုလို့လည်း ပခုံးပေါ်က ပုဆိုးစုတ်ကလေးပဲ ရှိတယ်။ အင်း...ဒီပုဆိုးစုတ်ကလေး တောင် ငါတစ်ယောက်တည်း ပိုင်တာ မဟုတ်ပေဘူး၊ မိန်းမဖြစ်သူ ဘုရား သွား ကျောင်းတက် လုပ်တော့လည်း ဒီပုဆိုးစုတ်ကလေးပဲ တဘက် ခြုံ ထည် ပြုရတာ၊ သားကလေး ဟိုနား ဒီနားသွားပြန်တော့လည်း ဒီပုဆိုး စုတ်ကလေးပဲ အဆောင်အယောင် လုပ်ရတာ၊ ညဘက် သိပ်ချမ်းလွန်း တဲ့အခါများမှာ ဆိုရင်လည်း ဒီပုဆိုးစုတ်ကလေးပဲ မိသားစုအလုအယက် ခြုံလို့ စောင်လုပ်ပြီး ကွေးရတာ။

ပုဏ္ဏားကြီးမှာ ဒီပုဆိုးစုတ်ကလေး ခြုံပြီး ကွေးရင် နွေးမယ် ဆိုတဲ့ လောဘကလည်း ရှိနေသေးတယ်။ ဒီပုဆိုးစုတ်ကလေး လှူလိုက်လို့ ည ခြုံစရာ မရှိလို့ ချမ်းအေးလာခဲ့ရင် ဒေါသလည်း ဖြစ်ပေါ်လာနိုင်သေး

တယ်။ ပုဆိုးစုတ်ကလေး လှူချင်တဲ့ကိစ္စမှာတောင် လောဘနဲ့ ဒေါသ ဆိုတဲ့ အတွင်းရန်က တိုက်ခိုက်နှောင့်ယှက်နေတယ်နော်။

ဒီလိုနဲ့ ပုဏ္ဏားကြီးဟာ မလှူဖြစ်ခဲ့ဘဲ အိမ်ပြန်လာတယ်။ ဘုရား ဟော တရားနာခဲ့ရလို့တော့ ဝမ်းသာပါရဲ့၊ ရှိစုမဲ့စုလေး မလှူဖြစ်ခဲ့တဲ့ အတွက်တော့ သူဟာ တနုံ့နုံ့ ခံစား ဝမ်းနည်းနေရတယ်။ သူ့ပုဆိုးစုတ် ကလေး ပြန်ကြည့်လိုက်၊ လှူဖို့စဉ်းစားလိုက်နဲ့၊ ဒါပေမဲ့ အထမမြောက် နိုင်ရှာဘူး။ ဒါလေးရှိ ဒါလေးလှူလိုက်ရင် သားမယားကများ အပြစ် ပြောမှာလား၊ ငါကိုယ်တိုင်ရော ဒုက္ခရောက်မှာလားနဲ့ အတွင်းရန် စိတ် သောက,က နှောင့်ယှက်နေတုန်းနော်။

ဒီလိုနဲ့ ညဉ့်ဦးယံကို လွန်မြောက်သွားတယ်။ ဒီပုဆိုးစုတ် ခြုံထည် ကလေး လှူဖို့ဆုံးဖြတ်ချက် မကျနိုင်သေးဘူး။ သက်ပြင်းတွေ့တဟင်း ဟင်း ချလို့၊ ဘုရားရှင်ရဲ့ရူပကာယတော်ကိုမြင်ယောင် ဖူးမြော်၊ အင်မတန် ချိုအေးပြီး ဩဇာကြီးတဲ့ တရားသံတွေ ကြားယောင်မိပြန်တော့ ဒီပုဆိုး စုတ်ကလေး ဘုရားလှူချင်စိတ် ပြင်းပြလာပြန်တယ်။ ဒါပေမဲ့ လှူလိုက် ရင် ငါတို့မှာ ခြုံစရာ မရှိပြီ၊ နွေးနွေးထွေးထွေး နေချင်တဲ့ လောဘ၊ ချမ်း မှာ ကြောက်တဲ့ သောကနဲ့ ဒေါသတွေ စီတန်းဖြစ်ပေါ်လာပြန်တယ်။ ဒီ လိုနဲ့ သန်းခေါင်ယံကို လွန်မြောက်သွားပြန်ပါတယ်။ လှူမယ်ဆိုတဲ့ ဆုံး ဖြတ်ချက်ကတော့ မကျသေးဘူးနော်။ မိုးသောက်ယံတိုင်တဲ့အထိလည်း လှူချင်တဲ့ ကုသိုလ်စိတ်နဲ့ လှူလိုက်ရင် ဖြစ်လာမယ့် လောဘ ဒေါသ အကုသိုလ်စိတ်တွေ လွန်ဆွဲအားပြိုင်နေတုန်းပဲ၊ အဲဒီမှာ ပုဏ္ဏားကြီး မေးခနဲ အိပ်ပျော်သွားရာက ရတ်တရက် နိုးလာချိန်မှာတော့ သူ့ရဲ့ပုဆိုး စုတ်ကလေးကို လှူမယ်၊ ဖြစ်ချင်ရာ ဖြစ် လှူမယ်ဆိုတဲ့ ဆုံးဖြတ်ချက်က

အနိုင်ရသွားပါပြီ။ သူ့သဒ္ဓါစိတ်ကို လိုက်နှောင့်ယှက်နေတဲ့ အတွင်း ကိလေသာရန် လောဘနဲ့ ဒေါသကို အနိုင်ရသွားပြီနော်။

ဒါနဲ့ ဘုရားရှင်ထံတော်မှောက် အရောက်သွားပြီး သူတို့မိသားစု ရဲ့ အချမ်းသာဆုံးဖြစ်တဲ့ ပုဆိုးစုတ်ကလေးကို လှူရင်း ဒီလိုလှူဖို့ သူ ဟာ ကိလေသာရန်သူ အတွင်းစိတ်နဲ့ တစ်ညလုံး စစ်ခင်းခဲ့ရပါကြောင်း ကို လျှောက်ထားရာတယ်။ အဲဒီမှာ ဘုရားရှင်ဟောတာကတော့...

'ယခုပြုရမယ့်ကိစ္စ ယခုဆုံးဖြတ်ပါ၊ ကြိုတင်စဉ်းစားရင် တွန့်ဆုတ်မှု ဝင်နိုင်တယ်၊ စိတ်ဆိုတာ မကောင်းမှုမှာသာ မွေ့လျော်တတ်တယ်' လို့ ဖြစ်ပါတယ်။

ဒီတရားနာရတော့ ပုဏ္ဏားကြီး ပျော်သွားတယ်။ ဘယ်လောက်ထိ ပျော်သွားသလဲဆိုရင် ဂင်္ဂါမြစ်ကမ်း သွားပြီးတော့

**'ဇိတံ မေ အောင်ပြီ'**...လို့ သုံးကြိမ်အော်ဟစ် ကြွေးကြော်တယ်။

အဲဒီအချိန်မှာ ကောသလမင်းကြီး စစ်သည်ဗိုလ်ပါတွေ ခြံရံပြီး စစ်ပွဲအောင်ရာက ပြန်လာတာနဲ့ ကြုံတယ်။ 'ဇိတံ မေ အောင်ပြီ' ဆိုတဲ့ သူဆင်းရဲပုဏ္ဏားရဲ့ ကြွေးကြော်သံကို ကောသလမင်းကြီး အတိုင်းသား ကြားရတယ်။ 'ဟာ... ဒီလို ကြွေးကြော်တယ် ဆိုတာ ငါတို့ ဘုရင် ဧကရာဇ်တွေ စစ်အောင်ချိန်မှာသာ ကြွေးကြော်တာမျိုး၊ ဒီပုဏ္ဏားက ဘာ လို့ အော်နေရတာလဲ' လို့ အမိန့်ရှိရင်း ပုဏ္ဏားကြီးကို ခေါ်မေးတယ်။ အဲ ဒီမှာ ပုဏ္ဏားကြီးကလည်း အကျိုးအကြောင်း လျှောက်ထားတယ်။ သူတို့ မိသားစုပိုင် တန်ဖိုးမဖြတ်နိုင်တဲ့ ခြုံထည်ပုဆိုးစုတ်ကလေးကို လှူဖို့ သူ ဟာ သူ့ရဲ့အတွင်းစိတ် အတွင်းရန် လောဘနဲ့ဒေါသကို တစ်ညလုံး တိုက်ပွဲဝင် စစ်ဆင်ခဲ့ရပါကြောင်း၊ ယခု သူ့ရဲ့ ကုသိုလ်စိတ် သဒ္ဓါတရားက

အောင်ပွဲခံခဲ့ပြီဖြစ်လို့ စစ်ပွဲအောင်နိုင်သူများကဲ့သို့ 'ဇိတံ မေ အောင်ပြီ' လို့ လက်ရုံးဆန့် ကြွေးကြော်ခြင်းဖြစ်ပါကြောင်း ရဲရဲတင်းတင်း လျှောက်တင်လေတော့တယ်။

သူဆင်းရဲပုဏ္ဏားရဲ့အဖြေကို ကောသလမင်းကြီး နှစ်ထောင်းအားရဖြစ်ပြီး ဆင်ရတနာ လေးရာ၊ မြင်းရတနာ လေးရာ၊ သမီးရတနာ လေးရာ လေးရာ လေးရာစီ သဗ္ဗစတုက ဆုချလိုက်တယ်။ ကြည့်စမ်း၊ သူဆင်းရဲ ပုဏ္ဏားကြီးဟာ ချက်ချင်းမနေး သူဌေးကြီး ဖြစ်သွားပြီ။ ပုဏ္ဏားကြီး ဒီဆုတွေ ဘာလို့ရသလဲ။

'အတွင်းရန်ကို အောင်နိုင်ခဲ့လို့ ရတာပါဘုရား'

ဟုတ်ပြီဗျ၊ မလိုချင်လို့ ရတာ၊ လာက်ဦးစေဟာနာ ထက်သန်လို့ ဒီဘဝမှာတွင် ချက်ချင်းအကျိုးပေးတာ၊ အတွင်းအောင်ရင် အပြင်အောင်တာပါပဲဗျာ။ ပစ္စုပ္ပန်အောင်မှ သံသရာကိုလည်း အောင်နိုင်မှာ၊ အတွင်းရန်ကို အောင်နိုင်တဲ့ ဒီပုဏ္ဏားကြီးရဲ့ ပါရမီမျိုးသာလျှင် နိဗ္ဗာန်သွားမယ့်ပါရမီမျိုးလို့ ဆိုရပါတယ်။ ကဲဗျာ...အတွင်းရန်ကို အောင်နိုင်ချင်ပါတယ် ဆိုတဲ့ တို့ဒကာ၊ ဒကာမတွေ အခုကျောင်းကအပြန် လမ်းမှာ မြွေကြီးတစ်ကောင် ပါးပျဉ်းထောင်ပြီး ကိုယ့်ကို ပေါက်သတ်မယ်လို့ ချိန်နေပြီ ဆိုပါတော့၊ ဘာလုပ်ကြမလဲဗျ။

'မြွေကို သတ်မိမှာပါ ဘုရား'

'ဟောဗျာ...မြွေက အပြင်ရန်ဗျ၊ သတ်ချင်တဲ့ စိတ်...ခင်ဗျားတို့ ဒေါသက အတွင်းရန်၊ အပြင်ရန်နဲ့ အတွင်းရန် အသတ်မှားခဲ့ကြလို့ တို့ဒကာဒကာမတွေ တစ်သံသရာလုံး ကြွေးဆပ်နေကြရတာပါ၊ တကယ်ဆို မြွေအပေါ်မှာသာ ကိုယ်ချင်းစာမေတ္တာထားနိုင်ကြရင် မြွေကလဲ ဘာ

မှ မလုပ်ပါဘူးဗျ၊ အဲဒီတော့ တို့ဒကာ ဒကာမတွေ ဘာကို သတ်ကြမှာလဲ၊ အပြင်ရန်လား၊ အတွင်းရန်လား'

'အတွင်းရန်ပါ ဘုရား'

ဒီနေ့ တို့ဒကာ ဒကာမတွေရဲ့ အပြင်အောင်ခြင်းတွေ ဖြစ်တဲ့ သူ့အသက် သတ်ခြင်း၊ သူ့ဥစ္စာ ခိုးခြင်း၊ သူတစ်ပါးအိမ်ရာ မတရားပြစ်မှားခြင်း၊ ပျော်ပါးခြင်း၊ ကိုယ်လိုချင်တာ ရဖို့ လိမ်ညာလှည့်ဖြား ပြောဆိုခြင်း စတဲ့ သူတစ်ပါးအပေါ် မတရားအောင်နိုင်ခြင်း မှန်သမျှ အပြင် အောင်နိုင်ခြင်း၊ အပြင်အောင်နိုင်ခြင်းသည် ကြွေးမကင်း၊ ကိုယ်တစ်လှည့် ပြန်ခံရဖို့ အကြောင်းတရား ဖြစ်တယ်။ ' ကြွေးပြန်ဆပ်တဲ့ အချိန်ကျတော့ အတိုးနဲ့အညွန့်နဲ့ အဆပေါင်းများစွာ ပြန်ခံရမယ်၊ ဒီတော့ အပြင်မှာ တစ်ခါ နိုင်တိုင်း သံသရာမှာ တစ်ခါရှုံးရလိမ့်ဦးမယ်၊ ပစ္စုပ္ပန်မှာလဲ ကိုယ်မုန်းတဲ့သူတစ်ယောက်ကို သတ်လိုက်ရလို့၊ ရိုက်လိုက်ရလို့ ကိုယ်က နိုင်တယ် မထင်ပါနဲ့၊ ဒေါသက နိုင်သွားတာပါ၊ ခိုင်းသလို လုပ်လေ ဒေါသက ရောင့်တက်လေ၊ အပြင်တစ်ခါနိုင် အတွင်း တစ်ခါရှုံး ဒီနှုန်းနဲ့ သံသရာခရီး သွားခဲ့ကြလို့ အောက်ရပ် အပါယ်ဘုံတွေမှာ ရေစုန်မျောနေတာ၊ မကြိုက်စိတ် ဒေါသ ဖြစ်ပေါ်လာချိန် သတိနဲ့သာ စောင့်ပြီး အနိုင်သတ်နိုင်ရင် အတွင်းရန် ဒေါသကိုလည်း အောင်ပြီးသား၊ အပြင်ရန်ကိုလည်း အမုန်းပွားစရာ မလိုတော့လို့ အောင်ပြီးသား၊ အတွင်းအောင် အပြင်အောင်မှ တကယ့်အောင်နိုင်သူ။

ဒါကြောင့် အဖ ဘုရားရှင်က...

'မိမိကိုယ်တွင်းမှာ ဖြစ်ပျက်လျက်ရှိသော မိမိကိုယ်တွင်းမှာ ဖောက်ပြန် သောင်းကျန်းလျက်ရှိသော အဝိဇ္ဇာလို့ ခေါ်တဲ့ မောဟ၊ တဏှာလို့

ခေါ်တဲ့ လောဘ၊ သူတို့နှစ်ပါး အကြောင်းပြု၍ဖြစ်တဲ့ ဒေါသ၊ အဲဒီသုံးခု အကြောင်းဆုံပြီး ဖြစ်ပေါ်လာတဲ့ ကိလေသာဆယ်ပါး၊ မီး ၁၁ ပါး၊ သံယောဇဉ်ဆိုတဲ့ တရားတွေ ဒီအတွင်းမှာရှိတဲ့ ကိလေသာရန်၊ ကိလေသာမာန်ကို အောင်နိုင်ခြင်းသည် အမြတ်ဆုံး၊ အပြင်မှာ လူ လူချင်း မတရားသဖြင့် အနိုင်ယူခြင်း၊ တစ်ပါးသူအပေါ်မှာ မိမိရဲ့ လောဘ၊ မောဟ၊ ဒေါသအလျောက် အောင်နိုင်ခြင်းသည် မမြတ်ဘူးတဲ့၊ မမြတ်ဘူးဆိုတာ ရှုံးတာနဲ့ အတူတူပါပဲ'

'အဲဒီတော့ မိမိကိုယ်ကို ရှုမှတ်စိတ်ဖြင့် ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးလုံးကို ယဉ်ကျေးအောင် ဆုံးမတတ်တဲ့ ကျင့်နည်းကျင့်လမ်းကို အမြဲစောင့်စည်းလျက် ကျင့်နေတဲ့လူရဲ့ အောင်နိုင်မှုကို ဘယ်လူ၊ ဘယ်နတ်၊ ဘယ်ဗြဟ္မာကမှ တားဆီးလို့ မရပါဘူးတဲ့ဗျာ'

'သာဓု ... သာဓု ... သာဓုပါဘုရား'

[**အညွှန်း။** ။ ၁၉၉၇၊ ဇွန်လ၊ နတ်တလူတောရမှာ ဟောပါတယ်။]

၁၉-၃-၉၉

# သောက ပရိဒေဝတို့မှ လွန်မြောက်ရာ ကိသာဂေါတမီ

သောက ဆိုတဲ့ စိုးရိမ်ပူဆွေးရခြင်း၊ ပရိဒေဝဆိုတဲ့ ငိုကြွေးရခြင်းတို့မှ ဘယ်သူမှ မကင်းနိုင်ကြပါ။ အဲဒီလို မကင်းနိုင်ကြသော်လည်း သောက ပရိဒေဝတွေကို ကျော်လွှန်နိုင်တဲ့ နည်းကောင်းလမ်းမှန်ကို ရှာရ သုံးရ ကောင်းမှန်းလည်း မသိကြပြန်ပါ။ သောကနဲ့ကြုံလို့ အရက်သောက်ပြီး ဖြေဖျောက်တော့ အရက်စွဲတာပဲ အဖတ်တင်ကျန်ခဲ့တယ်၊ သောက ပရိဒေဝကတော့ ပျောက်ပြယ်မသွားပါဘူး။ တချို့မိန်းမတွေများ သားသေလို့၊ လင်သေလို့ဆိုပြီး ဆေးလိပ်သောက်ပြီး ဖြေဖျောက်တာ တွေ့ဖူးပါလိမ့်မယ်။ အဒေါ်ကြီးတွေ မေးကြည့်စမ်းပါ၊ ငါ ဘယ်သူသေတုန်းက ဆေးလိပ်စသောက်ခဲ့ရာက ဆေးလိပ်စွဲလာတာ၊ ခုဖြတ်မရတော့ဘူး ဆိုတဲ့ အဖြေမျိုး ကြားဖူးရလေ့ရှိပါတယ်။ ဖြစ်ပေါ်လာတဲ့ စိုးရိမ်ပူဆွေးမှုတွေ ဆေးလိပ်မီးခိုးနဲ့ မှုတ်ထုတ်လို့ ပျောက်မသွား၊ မိမိသာ ဆေးစွဲပြီး ကျန်ခဲ့လို့ သောကအပိုတစ်ခု ရင်ဝယ်ပိုက်ထားရသလို ရှိပါတော့တယ်။

စိုးရိမ် ပူဆွေးမှု၊ ကြောင့်ကြမှုတွေ ဆိုတာ မိုးပေါ်က ကျလာတာ

မဟုတ်ပါ၊ သူ့အလိုလို ဖြစ်လာတာ မဟုတ်ပါ၊ ကြောင့်ကြမှု ဘာကြောင့် ဖြစ်သလဲ အရင်းစစ်လိုက်တော့ 'တောင့်တမှု' ကြောင့် ဖြစ်လာရတာ တွေ့ရပါတယ်။ သားမွေးတဲ့ဥပမာနဲ့ ပြောကြည့်ကြပါစို့။ မမွေးခင်ကတည်းက 'သားလေး မွေးပါစေ' ဆိုတဲ့ တောင့်တမှုက စခဲ့တာ၊ မွေးလာတော့ ပုခက်တွင်းကနေ အခါလည်၊ အဲဒီကနေ သုံးလေးနှစ်သား၊ ဆယ်နှစ်သား စသည်ဖြင့် သားကလေး ကြီး ကြီးလာတိုင်း 'ငါ့သား... ကြီးလာရင်တော့ ကွာ' ဆိုတဲ့ မျှော်လင့်တောင့်တမှုတွေ ပိုကြီးလာပါတယ်။ တောင့်တသလောက်လည်း ကြောင့်ကြမှုတွေ နောက်က လိုက်လာခဲ့ပါပြီ။ သားကလေး ဖျားမှာ ပူရ၊ နာမှာ ပူရ၊ သေမှာ ပူရနဲ့ ကြောင့်ကြမှုတွေ မဆုံးတော့ပါဘူး။

သားအပေါ် ချစ်တယ်ဆိုတာလည်း မျှော်လင့်ချက်နဲ့၊ အားကိုးစိတ်နဲ့၊ စိတ်ကူးယဉ်နဲ့ ချစ်နေတာ၊ 'ငါ့သား ကြီးလာရင်...' ဆိုတဲ့ အမျှော်စိတ်နဲ့၊ စိတ်က ရှေ့ကို ကြိုရောက်နေပြီ။ စိတ်နဲ့ကိုယ်နဲ့ တည့်တည့် မထားနိုင်တော့ဘူး။ တစ်ခါ နံဘေးအိမ်က အဘိုး အဘွား သူအိုလင်မယားကြည့်မိပြန်တော့ ဩော်... သားမရှိ၊ သမီးမရှိ၊ အားကိုးရာ မရှိဆင်းရဲဘိခြင်းနဲ့ စိတ်အတွေးက နောက်ပြန်ပြေးလို ပြေးပေါ့။ ဒီတော့ သားတည်းဟူသော တောင့်တမှုကလေးတစ်ခုအပေါ်မှာပဲ စိတ်ကလေးဟာ ရှေ့ကြိုရောက်လိုက်၊ နောက်ပြန်လိုက်နဲ့ အငြိမ်မနေ ယောက်ယက်ခတ်နေပြီနော်။ စိတ်ယောက်ယက်ခတ်နေသမျှ ဘာကိုမှ အမှန်မမြင်၊ အမှန်အတိုင်းလည်း ဆုံးဖြတ်သုံးသပ်နိုင်မှာ မဟုတ်တော့ဘူး။

ဒီလိုနဲ့ သားကလေး ကြီးလာပြီ ဆိုပါစို့၊ ကိုယ်မျှော်လင့်သလို အားကိုးလောက်တဲ့ လူတော်လူမော်ကလေး ဖြစ်မလာဘဲ အရက်စွဲ၊ ဆေးစွဲ၊

ပေတေလေလွင့်သူလေးများ ဖြစ်လာရင် သောက ပရိဒေဝဆိုဖွယ်ရာ မရှိ တော့ပြီ။ တောင့်တမှု အားကြီးခဲ့သလောက် ကြောင့်ကြမှုအပူကြီးတော့ မယ်။ ချိန်ခွင်မှာ အလေးတစ်ပိဿာ ထည့်ရင် ကုန်ပစ္စည်းလည်း တစ် ပိဿာ ထည့်ရသလိုပဲ။ မလိုချင်တဲ့ သောကတွေ ရခဲ့တာ လိုချင်တဲ့ တောင့်တမှုက စခဲ့တာ၊ သားကိစ္စမှ မဟုတ်ပါ။ အခြားကိစ္စတွေလည်း အတူသာ။ ငွေလိုချင်တော့ ငွေသောက၊ ပစ္စည်းလိုချင် ပစ္စည်းသောက၊ တောင့်တမှုတိုင်းရဲ့ နောက်မှာ ကြောင့်ကြမှုဆိုတာ အရိပ်လို လိုက်ပါနေ ကြတယ်။ လိုချင်တာတွေ ရှာနေသမျှ မလိုချင်တာတွေပဲ ရလိမ့်မယ်။

ကိုယ်ပြီး ကိုယ်ပိုင်ဘဝလို့ ဆိုကြတဲ့ လူ့ဘဝမှာ သောက၊ ပရိဒေဝ တွေ ဒီလောက်များရင် တိရစ္ဆာန်ဘဝတွေ ဘယ်လောက်ဒုက္ခကြီးမလဲ၊ မျက်မြင်ပါပဲ။ ဒီတော့ နတ်တွေမှာရော သောက ပရိဒေဝ မရှိဘူးလား မေးစရာ ရှိပါတယ်။ နတ်လည်း နတ်အလျောက် တောင့်တမှု ရှိရင် ကြောင့်ကြနေရတာပါပဲ။ ပဥ္စသိခ်နတ်သား သူကြိုက်တဲ့ နတ်သမီး လို ချင်တော့ စောင်းတီးပြီး နားပူနားဆာ လုပ်ရတာပဲ။ သိကြားမင်းကြီး လည်း သူသေမယ့်နေ့ကို သိလိုက်ချိန်မှာ စိုးရိမ်ပူဆွေး သောကဘေးနဲ့ ရင်ဆိုင်ရတာပါပဲ။ လူ နတ် တိရစ္ဆာန် ဘယ်သူဖြစ်ဖြစ် တောင့်တမှု ရှိသူ မှန်သမျှ ကြောင့်ကြနေရတာပါပဲ။

ဘဝဆိုတာကတော့ ကံအကျိုးပေးအတိုင်း သွားနေမှာပဲ။ စေတနာ ထက်သလောက် အကျိုးပေး သန်နေမှာပဲ။ ကြက်သွန်ခွံ မပစ်ချင်ရင် ကြက်သွန် ဝယ်မလာပါနဲ့။ ကြောင့်ကြပူပန်မှု မဖြစ်ချင်ရင် စိတ်ကို ရှေ့ ရောက် နောက်ပြန် မဖြစ်စေဘဲ ပစ္စုပ္ပန်တည့်တည့်မှာ ထားရမယ်။ မြင် ရင် မြင်တယ် မြင်သိစိတ်နဲ့ မပြီးဘဲ မြင်ပြီး စွဲရာ ငြိရာက ထပ်ပြီး တွေ့

ချင်၊ မြင်ချင်သေးတယ်ဆိုရင် တောင့်တမှု ပေါ်လာမယ်။ အဲဒီတောင့်တမှု နေခက်မှာ ကြောင့်ကြမှုက ထက်ကြပ်မကွာ လိုက်ပါလာစမြဲ။

ထမင်းအိုး ကြီးလေ မီးပြင်းပြင်း ထိုးရလေပဲ၊ မီးပြင်းထိုးလေ ထမင်းအိုး ပွက်လေ၊ ပွက်လေ ပွက်လေ မငြိမ်လေပဲ။ ဘယ်လောက်ထိ မငြိမ်အောင် ပွက်ထ နေသလဲဆိုရင် ထမင်းအိုးဖုံးကြီးတောင် ပြုတ်ကျသွားတဲ့ အထိပဲ မဟုတ်လား။ ပွက်နေရင် အိုးနဲ့အဖုံး မတည့်တော့ဘူး။ ဒီလိုပဲ ဘဝခန္ဓာအိမ်မှာ သောကဆိုတဲ့ ထင်းမီးတွေ ဘယ်လောက်ထိအောင် ထိုးထားကြပါသလဲ။ မိမိရေ့ရေး၊ သားရေ့ရေး၊ သမီးရေ့ရေး ဆိုတဲ့ ထင်းမီးတွေ ဘယ်လောက်များနေခဲ့ပါသလဲ။ မီးပြင်းထိုးလေ အိုးဆူပွက်လေ ဖြစ်သလို သောက ပရိဒေဝတွေ ဆူပွက်နေမှာပဲ။ အိုးနဲ့ အဖုံး မတည့်သလို စိတ်နဲ့ကိုယ်လည်း မတည့်တော့ဘဲ လွင့်ချင်ရာ လွင့်နေမှာပါပဲ။

ဘုရားရှင့် ရွှေလက်ထက်တော်က ...

'ကိသာဂေါတမီ' ဆိုတဲ့ ပိန်ချည့်ချည့် ဆင်းရဲသူမလေးတစ်ယောက် ရှိခဲ့ပါတယ်။ သူ့ဘဝ အကြောင်းကံ ဖန်လာပုံ ဆန်းကြယ်လေတော့ ကုဋေကြွယ်သူဌေးမဘဝ ရောက်ခဲ့ပုံက ဒီလိုပါ။ သူတို့မြို့မှာ ကုဋေ လေးဆယ် ကြွယ်ဝတဲ့ သူဌေးကြီးတစ်ယောက် ရှိတယ်။ သူဌေးကြီးရဲ့ နောက်ခံအကြောင်း အတိတ်ကုသိုလ် မစင်ကြယ်လို့ပဲ ထင်ပါရဲ့။ သူ့မှာ ရှိသမျှ ရွှေငွေတွေ အားလုံးဟာ မီးသွေးခဲတွေ ဖြစ်ကုန်ပါရောတဲ့။ ရှိရှိ သမျှတွေ မီးသွေးခဲ ဖြစ်ကုန်တယ်ဆိုတော့ ခများ ဘယ်လောက် သောက ရောက်ရှာမလဲ၊ ဒါကို မမြင်ရက်တဲ့ မိတ်ဆွေတစ်ယောက်က ဒီလို အကြံ ပေးတယ်။

'ခင်ဗျား မီးသွေးခဲတွေ ဈေးထဲ သွားပုံထား၊ မီးသွေးခဲတွေကို ဟာ

ရွှေတွေငွေတွေဟော့လို့ ပြောရင် ခင်ဗျားနဲ့ ကံစပ်တယ်၊ သူက အမှန်မြင်လို့ အမှန်ဘဝပြန်ရောက်အောင် လုပ်ပေးမယ့်သူပဲ၊ အဲဒီလူဟာ ယောကျ်ားများ ဖြစ်ခဲ့ရင် ရွှေငွေတွေ တစ်ဝက်ပေးပြီး ကျေးဇူးဆပ်လိုက်ပါ၊ မိန်းမ ဖြစ်ခဲ့ရင်တော့ သားနဲ့ပေးစား၊ ချွေးမအဖြစ် မြှောက်စားလိုက်ပါလေ’ တဲ့။

ဈေးသွား ဈေးလာ လူတွေ လူတွေဆိုတာ ရှုပ်ယှက်ခတ်နေတာပဲ။ သူ့မီးသွေးပုံကြီးကို ဘယ်သူမှ ရွှေငွေလို့ မပြောဘူး။ အဲဒီမှာ ‘ကိသာဂေါတမီ’ ဆိုတဲ့ ပိန်ချည့်ချည့် သူဆင်းရဲမလေးကတော့…

‘ဟယ်… ရွှေပုံကြီး တော့်၊ ငွေပုံကြီး တော့်’ တဲ့ တအံ့တသြ အာမေဍိတ် ပြုရှာတယ်။ သူဌေးကြီးလည်း အလွန်အမင်း အံ့သြခြင်း ဖြစ်ကာ ‘ဟဲ့ ဘယ်မလဲ ရွှေတွေ ငွေတွေ’ လို့ မေးတော့တာပေါ့။ ‘ဒီမှာလေ ဒီမှာ’ ကိသာဂေါတမီရဲ့ လက်ထဲမှာ မီးသွေးခဲတွေဟာ ပကတိ ရွှေငွေတွေ ပြန်ဖြစ်လာတာကို သူဌေးကြီး မြင်တွေ့ဝမ်းသာရပေပြီ။ ဒါနဲ့ သူဌေးကြီးလည်း ကိသာဂေါတမီကို အိမ်ခေါ်သွားပြီး သားနဲ့ပေးစား၊ ချွေးမအဖြစ် မြှောက်စားတော့တယ်။

လူဆိုတာ ပြည့်စုံလာခါမှ တောင့်တမှုတွေ ပိုများလာတတ်တာကလား။ ကိသာဂေါတမီလည်း ကုဋေကြွယ်သူဌေးမ ဖြစ်လာခါမှ ‘သားဆု’ ကို တောင့်တတယ်။ တောင့်တတဲ့အတိုင်းလည်း သားကလေး ရပါပြီ။ သားကလေး ကြီးရင် ဘယ်လို ဘယ်လို၊ ဘယ့်နှယ် ဘယ့်နှယ်နဲ့ တောင့်တ မျှော်ခေါ်စိတ်တွေ မဆုံးခင်မှာပဲ သားကလေး ဆုံးသွားရှာတယ်။ ကြည့်စမ်းပါဦး၊ မပီကလာ တီတီတာတာနဲ့ ချစ်စရာအကောင်းဆုံး အရွယ်ရောက်ခါမှ သားကလေး ဆုံးရလေခြင်း၊ ကိသာဂေါတမီက ဖြင့် သားကလေး သေတယ်ဆိုတာ ယုံကို မယုံဘူး။ သူ့သားကို သင်္ချိုင်း

အပို့မခံဘူး။ သားကလေး အိပ်ပျော်နေတာပါ ထင်ရာတုန်း။ သေတယ် ဆိုရင်တောင် ပြန်ရှင်အောင် အသက်သွင်းပေးကြပါလို့ ဆေးဆရာကြီး တွေကို ပူဆာတုန်း။ သားဆုံးမေမယ့် အမေ့သောက မဆုံးသေးဘူးနော်။ သားကဖြင့် ပုပ်ပွလာပြီ၊ မြင်မကောင်းတော့ဘူး။ ဒီမှာ ဆေးဆရာကြီး တစ်ဦးက အကြံပေးတယ်။

'ဗုဒ္ဓဘုရားရှင်ဆီမှာ ဆေးရှိတယ်' တဲ့။

ကိသာဂေါတမီလည်း လှုးလဲငိုယိုပြီး ဘုရားရှင်ဆီ ဆေးသွား တောင်းတော့တာပေါ့။ ဘုရားရှင်က လူမသေဖူးတဲ့အိမ်က မုန်ညင်းစေ့ ရှာခဲ့၊ ဆေးဖော်ပေးမယ်တဲ့။ ဒါနဲ့ ကိသာဂေါတမီလည်း တငိုငိုတယိုယို နဲ့ လူမသေဖူးတဲ့အိမ်က မုန်ညင်းစေ့ ရှာသတဲ့။ မြို့လုံးသာ နှံ့ပါရော၊ မသေဖူးတဲ့ အိမ် မတွေ့ပြီ။ ဒီမှာ ကိသာဂေါတမီ 'သတိ' ဝင်လာပြီနော်။ ဩော်...ငါ့သားကလေးမှ ရွေးပြီးသေရတာ မဟုတ်ပါလား၊ လူဆိုတာ သေမျိုးချည်းပါလား တဲ့။ ဒါနဲ့ ပုပ်ပွနေတဲ့ သူ့သားလေးကိုလည်း သင်းချိုင်း ပို့ခဲ့ပြီးကာ ဘုရားရှင်ထံမှောက် ပြန်ရောက်လာပါတယ်။ ဒီမှာ ဘုရားက ဟစ်ခွန်းတည်းသော တရားကို ဟောတယ်။

**'သမီး... မြစ်ကမ်းပါး၌ အိပ်ပျော်နေသူဟာ မိုးရွာစဉ် ရေစီး ကြောင်းများ ဖြစ်ပေါ်တိုက်စားတာကို မသိသလို သတ္တဝါတွေဟာလဲ ကိလေသာရဲ့ တိုက်စားခြင်းကို မသိကြလေကုန်'**

တရားကို စိုက်နာခနေတဲ့ ကိသာဂေါတမီဟာ တရားအဆုံးမှာပဲ သောတာပန် တည်ပါတယ်။ သောက ပရိဒေဝတို့မှ လွတ်မြောက်သွား ပါတယ်။ ဒါ့ကြောင့် အဖ ဘုရားရှင်က 'စိုးရိမ်ပူဆွေးရသော သောက၊

ငိုကြွေးရသော ပရိဒေဝတို့မှ ကျော်လွှန်ရန်အလို့ငှာ သတိဖြင့် ရှုမှတ်ရသော လမ်းသည် တစ်ခုတည်းသော လမ်း၊ တစ်ကြောင်းတည်းသော လမ်းတည်း’လို့ မဟာသတိပဋ္ဌာနသုတ်မှာ ဟောခဲ့ကြောင်းပါဗျာ။

[**အညွှန်း**။ ။ ၆-၆-၉၇၊ နတ်တလှူတောရမှာဟောပါတယ်။]

၂၀-၃-၉၉

*

# ရက်ကန်းသည်မလေးရဲ့အဖြေ

ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး သွန်သင်ဟောကြားတော်မူလေ့ရှိတဲ့တရားတော်များရဲ့အနှစ်ချုပ်ဟာ ဘာပါလဲလို့ မိတ်ဆွေတစ်ဦးက မေးဖူးပါတယ်။ သူက အနှစ်ချုပ် ဖြေပါဆိုတာကို ကျွန်တော်က 'တစ်ခွန်းတည်း'နဲ့ အဖြေပေးခဲ့ပါတယ်။ **'အပ္ပမာဒ'** လို့။ အဓိပ္ပာယ်ကတော့ 'မမေ့မလျော့ မပေါ့မဆသော သတိဖြင့် နေထိုင် ရှင်သန်ခြင်း'လို့...၊ ဒါကို နည်းနည်းလေး ဆက်ရှင်းရရင် **'မမေ့'** ဆိုတာ ကာမဂုဏ်အာရုံ ခံစားစဉ်မှာတောင် မေ့မေ့မျောမျောကြီး မခံစားပါနဲ့၊ စိတ်လွတ်ကိုယ်လွတ် မဖြစ်ပါစေနဲ့၊ သူ့ဘက်လိုက်ပြီး မခံစားပါနဲ့လို့ ဆိုလိုပါတယ်။ 'မလျော့'ဆိုတာကတော့ ဝီရိယကို ရည်ညွှန်းပါတယ်။ အပြေးပြိုင်ပွဲဝင်သူဟာ ပန်းတိုင်မရောက်မချင်း သူ့ခြေလှမ်းတွေကို ရပ်မပစ်ဘူး၊ နောက်ဆုံးခြေလှမ်းအထိ အားမလျှော့ဘူး။ **'မပေါ့'** ဆိုတာကတော့ ကိုယ့်အလုပ် ကိုယ် အလေးအနက် တန်ဖိုးထားခြင်း ဖြစ်ပါတယ်။ **'မဆ'** ဆိုတာ ချိန်ဆမနေနဲ့၊ ထမင်းစားတုန်းမို့ တရားမှတ်လို့ ရမှ ရပါ့မလား၊ ရေချိုးနေတုန်းမို့၊ အိမ်သာတက်နေတုန်းမို့ စသည် ချိန်ဆ

တွေဝေနေစရာမလိုဘဲ ဘာလုပ်လုပ် လှုပ်ရှားမှုနောက်က မှတ်ချက်ယူပေးနေတာ(ဝါ) သတိကပ်ပါနေတာကို ဆိုလိုပါတယ်။ ဒါသည်ပင်လျှင် အကောင်းဆုံးသော ဘဝနေနည်း၊ ဒီလိုသာ နေထိုင်သွားကြပါလျှင် သေသော်လည်း ရှင်ပေလိမ့်မယ်။ 'သေသော်လည်း ရှင်'ဆိုတာ အပါယ်မလား၊ အထက်ဘုံများမှသည် အမြတ်ေ ရွှေပြည်လို့ ခေါ်တဲ့ နိဗ္ဗာန်အထိ စိတ်ချချ သွားနိုင်တယ်လို့ အာမခံချက် ပေးလိုရင်း ဖြစ်ပါတယ်။

တရားနှင့် ကင်းလွတ်သော အရာသည် လောကမှာ မရှိ၊ ဒါကြောင့် တရားတော်မှာ မမှတ်ကောင်းတာ လုံးဝမရှိ၊ အမှတ်ပြည့်တဲ့နေ့မှာ သာမန် လူတို့ သိနေကြ အသိထက်ထူးတဲ့ အသိထူး(တရား) ရမှာ ဧကန်၊ ပိုက်ဆံဆိုတာ ဘဏ်က ထုတ်တဲ့ အသစ်ကျပ်ချွတ်ပဲ ဖြစ်ဖြစ်၊ အမှိုက်ပုံက ကောက်ရတဲ့ အဟောင်းအနွမ်းကလေးပဲဖြစ်ဖြစ် သုံးလို့ရတာချည်း၊ သတိနဲ့ ရှုမှတ်ခြင်းဆိုရာမှာလည်း ရိပ်သာမှာပဲ မှတ်မှတ်၊ စားရင်းပဲ မှတ်မှတ်၊ သွားရင်းပဲ မှတ်မှတ်၊ အိပ်ရင်းပဲ မှတ်မှတ် သတိကပ်နေပုံချင်းကတော့ အတူတူပါပဲ။ သတိကပ်အား မှတ်အား များလာရင်တော့ ဉာဏ်မပွင့်မှာ မပူပါနဲ့။ သိစရာရှိတာ အလိုလို သိလာပြီး ပယ်စရာရှိတဲ့ ကိလေသာတွေ အလိုလို ပယ်ပြီးသား ဖြစ်သွားပါလိမ့်မယ်။

တရားအသိ ရဖို့ဆိုတာ အသက်ငယ်တာ၊ ကြီးတာ၊ အလုပ်များတာ၊ အလုပ်အားတာ၊ ဆင်းရဲချမ်းသာတွေနဲ့ မဆိုင်လှပါဘူး။ တရားဆိုတာကို လိုချင်တတ်ဖို့၊ ရိုသေတတ်ဖို့၊ ရှုမှတ်ဆင်ခြင်တတ်ဖို့သာ ပဓာနပါ။ ဒီသဘောကို အသက် ၂၀ မပြည့်တတ်သေးတဲ့ ရက်ကန်းသည် သူဆင်းရဲမလေးနဲ့ ဆရာတော်ဘုရားကြီးက ပုံဆောင်ဟောကြားတော်မူခဲ့ပါတယ်။

ဘာဘုရားရှင် အာဠဝီပြည်ကို ကြွလာပြီး ပြည်သူပြည်သားတို့ရဲ့ ကြီးစွာသော ဒါနမှုကြီးကို အနုမောဒနာတရား ဟောကြားရာမှာ 'ဒါ ယကာ ဒါယိကာမတို့…ငါသည် မမြဲ၊ သေခြင်းတရားသာ မြဲ၏၊ ငါ၏ အသက်ကား သေခြင်းလျှင် အဆုံးရှိ၏'ဆိုတဲ့ **မရဏဿတိ** ကို ပွားများ ဖို့ ညွှန်ပြတော်မူခဲ့တယ်။ သေခြင်းတရားကို နှလုံးသွင်းမှ နေခြင်းမှာ သတိကပ်လိမ့်မယ်။ အနေတတ်မှ အသေတတ်မှာ၊ နေတုန်းက အမှုမဲ့ အမှတ်မဲ့ နေခဲ့ရင် သေတော့လည်း ထိတ်လန့်တွေဝေပြီး သေရလိမ့်မယ်။ ဒီလို သေရင် အပါယ်ကို သွားမှာ ဧကန်ပဲ။ ဒါကြောင့် မြတ်စွာဘုရားက 'မရဏဿတိ'ပွားဖို့ မှာကြားတော်မူကာ သာဝတ္ထိပြည် ဇေတဝန်ကျောင်း တော်ကို ပြန်ကြွသွားတယ်။ လူတွေဟာ လျူတာလောက်တော့ လျူတတ် ကြပါရဲ့၊ ဒါပေမဲ့ ဘုရားရှင်လည်း ပြန်ကြွသွားရော၊ ဘုရား မှာခဲ့တဲ့ စကား 'ပွားများပါ'ဆိုတာ မေ့သွားကြပြီ။ ရောင်းသူ ရောင်း၊ ဝယ်သူ ဝယ်နဲ့ ကိုယ့်အလုပ် ကိုယ်ပဲ ဆက်လုပ်နေကြတော့တယ်။ အလှူမှာသာ လမ်း ဆုံးခဲ့ကြပြီး ပွားများရမယ်ဆိုတာကိုတော့ မလိုက်နာကြဘူး။ ဒါပေမဲ့ ဘုရား တရားတော်ကို နာကြားလိုက်ရတဲ့ ရောမ ပရိသတ်ကြီးထဲမှာ ၁၆ နှစ် သမီးလေး တစ်ယောက် ပါတယ်။ ရက်ကန်းသည်ရဲ့ သမီးလေးပေါ့။ ဒီသမီးလေးကတော့ 'ဩော်…ဘုရား တရားတော်ဆိုတာ နာရဘိခြင်း၊ ဘုရားစကား နားထောင်ပြီး ငါပွားများမှ တော်မယ်'လို့ နှလုံးသွင်းပြီး နေ့နေ့ညည ပွားများတော့သတဲ့။ ဘယ်လောက်ထိ ပွားများသလဲဆိုရင် သုံးနှစ်ကြာသွားတဲ့အထိပဲတဲ့။ သုံးနှစ်လုံး အမှတ်သတိ ကင်းတဲ့နေ့ရယ် လို့ မရှိခဲ့ဘူးတဲ့။ ဒါကို ဇေတဝန် ရွှေကျောင်းတော်ကြီးမှာ သီတင်းသုံး နေတဲ့ ဘာဘုရားရှင်က မြင်တော်မူတယ်။ ဒီကလေးမ သောတာပန် တည်

တော့မှာကိုလည်း မြင်တော်မူတဲ့ ဘုရားရှင်ဟာ အာဠဝီပြည်ကို ကြွတော်မူလာပြန်တယ်။ ဝေနေယျတွေအပေါ် ထားရှိတဲ့ ဘုရားရှင်တို့ရဲ့ မေတ္တာကရုဏာတော်ဆိုတာ အဲဒီလိုနော်၊ ယူဇနာသုံးဆယ် အကွာအဝေးကြီးကို ကြွလာပေးတယ်။

ဘုရားကြွလာပြီဆိုတော့ အာဠဝီတစ်ပြည်လုံး အုတ်အုတ်ကျက်ကျက်ပေါ့။ သူ့ထက်ငါ အလုအယက် ဘုရားဖူး သွားကြပေမယ့် ရက်ကန်းသည်မလေးခမျာမှာတော့ အဲဒီနေ့မှာမှ မအားရှာဘူး။ ဖအေကြီးက အလုပ်မပြီးသေးလို့ ရက်ကန်းရုံကို သွားနှင့်ပြီ။ သမီးကိုလည်း ရက်ဖောက် လုံးပြီး လာပို့ရမယ် မှာခဲ့တယ်။ သမီးလေးမှာ ဘုရားဖူးပြီး တရားထူး နာချင်ပေမယ့် ဖအေကိုလည်း ကြောက်ရတယ်။ ဒီတော့ ဖအေခိုင်းတာပဲ လုပ်ရမလား၊ တရားပဲ သွားနာရမလား ခွဲခြားရ ခက်နေတယ်။

အာဠဝီ ပြည်သူပြည်သားတွေကဖြင့် မြတ်စွာဘုရားကို ဆွမ်းဆက်ကပ် လုပ်ကျွေးပြီးပြီဖြစ်လို့ ရေစက်ခွက် ကိုင်နေပြီ။ ဘုရား တရားဟောမှာကို စောင့်နေကြပြီ။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကတော့ ရက်ကန်းသည်မလေးကို စောင့်နေတယ်၊ တရား မဟောသေးဘူး။ ဒီရက်ကန်းသည်မလေးကို အကြောင်းပြုပြီး ကြွလာတာကိုး။ ဒါကြောင့် တရားမဟောသေးဘဲ ဆိတ်ဆိတ်သာ နေတော်မူတယ်။ ဒီအချိန်မှာပဲ ရက်ကန်းသည်မလေးဟာ ရက်ဖောက်လုံးပြီးပြီဖြစ်လို့ သူ့အဖေဆီ သွားပို့တယ်။ လမ်းမှာပဲ ဘုရားရှင်နဲ့ ပရိသတ်ကြီးကို မြင်တော့ သူ ဆက်မသွားချင်တော့ဘူး။ ပရိသတ်ကြီးရဲ့နောက်နား အစွန်အဖျားမှာ နေရာယူပြီး ဘုရားရှင်ကို ဖူးရှာတယ်။ ဘုရားရှင်ကလည်း လှမ်းကြည့်တယ်။ ဒါနဲ့ ရက်ကန်းသည်မလေးဟာ သူ့ရက်ဖောက်ခြင်းတောင်းကလေး ချထားခဲ့ပြီး

ဘုရားရှင့်ရှေ့တော်မှောက် တိုးပြီး ဆည်းကပ်ဖူးမြော်တယ်။ အဲဒီမှာ ဘုရားရှင်က မေးတော်မူတယ်။

'သမီး … ဘယ်က လာသလဲ'

ရွှေညာဏ်တော်နဲ့ မေးတဲ့ မေးခွန်းကို ရက်ကန်းသည်မလေး သတိကပ်ပြီး ဖြေလိုက်တာက …

'မသိပါ ဘုရား' တဲ့။

ဘုရားရှင်က ဆက်မေးတယ်။

'သမီး … ဘယ်ကို သွားမှာလဲ'

'မသိပါ အရှင်ဘုရား'

'သမီး … သင် တကယ် မသိဘူးလား'

'သိပါတယ် အရှင်ဘုရား'

'သမီး … သင် သိတယ်နော်'

'မသိပါ အရှင်ဘုရား'

ရွှေညာဏ်တော်နဲ့ မေးတဲ့ပုစ္ဆာတွေကို သတိကပ်ပြီး ဖြေနေတာနော်။ ဒါပေမဲ့ ပရိသတ်က နားမလည်တော့ အော်ကြတယ်။ 'ဟာ … ဘာတွေ ဖြေနေတာလဲ၊ ဖြေချင်ရာတွေ စွတ်ဖြေ ရမ်းဖြေနေတယ်၊ ဘုရားက ဘယ်က လာသလဲ မေးတာ၊ အိမ်ကလာတယ် ဖြေပါလား၊ ဘယ်သွားမလဲ မေးတော့ ရက်ကန်းရုံသွားမယ် ဖြေပါလား၊ ခုတော့ သိတာတွေရော မသိတာတွေရော ရှုပ်နေတာပဲ' စသည်ဖြင့် ကဲ့ရဲ့ရှုတ်ချကြတယ်။ ဒီတော့မှ ဘုရားရှင်က လူတွေရဲ့သံသယကို ရှင်းပေးတော်မူတယ်။

'သမီး … ငါဘုရားက သမီးဘယ်က လာခဲ့သလဲ မေးတော့ မသိပါ ဘုရားလို့ ဘာ့ကြောင့် ဖြေရတာတုံး'

'ဘုန်းတော်ကြီးသော မြတ်စွာဘုရား...တပည့်တော်မ အိမ်က လာခဲ့တာ လူတိုင်းသိပါတယ်၊ မသိတာကတော့ ဘယ်ဘုံက လာခဲ့ပြီး ဒီ ရက်ကန်းသည်မဘဝ ရခဲ့တာလဲ ဆိုတာပါပဲဘုရား၊ ဒါကြောင့် မသိပါ ဘုရားလို့ ဖြေခဲ့ပါတယ်'

'သာဓု...သာဓု...သမီးငယ်၊ သင် ဘယ်ကိုသွားမှာလဲ မေးတော့လဲ မသိပါဘုရားလို့ ဖြေခဲ့တယ်၊ ဒီလို ဘာကြောင့် ဖြေခဲ့ရတာတုံး'

'တပည့်တော်မ ရက်ကန်းရုံသွားမှာ လူတိုင်း သိပါတယ်၊ မသိတာ က ဒီဘဝမှ စုတေသေလွန်ခဲ့သော် အဘယ်ဘုံကို ရောက်မှာလဲ ဆိုတာပါ ဘုရား၊ ဒါကြောင့် မသိပါဘုရားလို့ ဖြေခဲ့ပါတယ်'

'ငါဘုရားက မသိဘူးလား မေးတော့ သိပါတယ်လို့ ဘာ့ကြောင့် ဖြေခဲ့ရတာလဲ သမီး'

'ဘယ်သူမဆို တစ်နေ့သေရမှာ သိလို့ သိပါတယ်ဘုရားလို့ ဖြေခဲ့ ကြောင်းပါ'

'ဒါဖြင့် ငါဘုရားက သိတယ်နော် မေးတော့ မသိပါဘုရားလို့ ဘာ့ ကြောင့် ဖြေခဲ့တာလဲ သမီး'

'ဘုန်းတော်ကြီးသော မြတ်စွာဘုရား...သေရမှာကိုသာသိပါတယ်၊ နေ့လား ညလား၊ ဘယ်အချိန် သေရမယ်ဆိုတာ မသိပါ၊ ဒါကြောင့် မသိ ပါ ဘုရားလို့ ဖြေခဲ့ပါတယ်'

အဲဒီမှာ ဘုရားရှင်က သာဓုခေါ်တော်မူလျက် ပညာမျက်စိရှိသူသာ ရုပ်နာမ်ခန္ဓာ သင်္ခါရကို ရှုမှတ်ဆင်ခြင် ထင်မြင်နိုင်ကြောင်း ဟောတော်မူ ရာ တရားအဆုံးမှာပဲ ရက်ကန်းသည်မလေး သောတာပန် တည်ပါတယ်။ ဒါဟာ သုံးနှစ်လုံးလုံး မပြတ်ရှုမှတ်ခဲ့တဲ့ ကျေးဇူး၊ ရှုမှတ်မှု မရှိတဲ့သူဟာ

ဘာတွေ ဘယ်လောက်လှုလှု ကျွတ်တမ်းမဝင်ဘူး။ ဒါနဲ့ သမီးငယ် ရက်ကန်းရုံ ရောက်တော့ ဖအေကြီးခမျာ ပင်ပန်းလွန်းလို့ အိပ်ငိုက်နေတယ်။ သမီးငယ် လှမ်းပေးတဲ့ ရက်ဖောက်ခြင်းကို မိမိရရ မကိုင်မိဘဲ လွတ်ကျတယ်။ အသံမြည်တော့ လန့်ပြီး ဖအေကြီးက လွန်း အစွန်းကို လှမ်းဆွဲတယ်၊ လွန်း အရှိန်လွန်ပြီး သမီးငယ်ရဲ့ ရင်ဝကို ထိုးမိတယ်။ သေခြင်းတရားအကြောင်း ဘုရားရှင်မေးသမျှ ဖြေဆိုနိုင်ခဲ့တဲ့ ရက်ကန်းသည်မလေးဟာ အဲဒီနေရာမှာပဲ သေပြီး တုသိတာနတ်ပြည် ရောက်သွားတယ်။ သေမှာသိပေမယ့် ဘယ်အချိန်သေမှာ မသိပါဘုရားလို့ ရက်ကန်းသည်မလေး ဖြေခဲ့တဲ့အတိုင်းပဲ ဘဝခန္ဓာဟူသည် အစိုးမရ၊ ကာမဂုဏ်အာရုံတွေကြား လူးလာပျော်ပါး မေ့မေ့ကြီး ခံစားနေပါလျှင် အနေလည်း မလှ၊ အသေလည်း မလှနိုင်ပြီ။ ရက်ကန်းသည်မလေးကတော့ အသေဆိုးနဲ့ သေရတာဖြစ်ပေမယ့် သောတာပန်တည်ပြီး နတ်ပြည် ရောက်သွားတာမို့ အသေလှတယ်လို့ ဆိုရမယ်။

ကျွန်တော်တို့ ဘယ်လိုနေ ဘယ်လိုသေပြီး ဘယ်လိုဘုံဘဝတွေဆီ ခရီးဆက်ကြမှာပါလဲ။

[**အညွှန်း။** ။ ၂၈-၆-၉၇၊ နတ်တလူတောရမှာ ဟောပါတယ်။]

၂၃-၃-၉၉

*

## စိတ်သဘာဝ ဖော်ပြချက်များ
### သို့မဟုတ်
## မြမြရီဘာဝ ပြန်ရအောင် ယူ

ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီး မကြာခဏ ဟောပြောဆုံးမလေ့ရှိပြီး ကျွန်တော်ကလည်း အလျဉ်းသင့်သလို ထုတ်ဖော်တင်ပြတတ်တဲ့ 'တရားသား'၊ 'ခမ္မကြောင်း'လေးတစ်ခုကပဲ စပြီး ပြောပါရစေ။ ဘာလဲဆိုတော့ လူတွေ ဘယ်လောက်ပဲ အလုပ်ရှုပ်ရှုပ် စာရင်းချုပ်ကြည့်လိုက်တော့ ကြိုက်လို့လုပ်တာနဲ့ မကြိုက်လို့ လုပ်တာ ဒီနှစ်ခုပဲ ရှိတယ်ဆိုတာပါပဲ။ ကျူးလွန်ရမှာ အင်မတန် ဝန်လေးလှပါတယ် ဆိုတဲ့ 'သူ့အသက်သတ်ခြင်း (ပါဏာတိပါတ ကံ)' ကိုပဲ ကြည့်ပါ။

ကြက်တွေ ဝက်တွေ သတ်စားနေကြတယ်... ကြိုက်လို့။

ခြင်၊ ယင်၊ ကြမ်းပိုးတွေ သတ်ပစ်နေကြတယ်...မကြိုက်လို့။

အဲဒီလို ရှင်းလင်းပြတ်သားတဲ့ တရားသဘော အဖြေတစ်ခု ထွက်လာပါတယ်။

ကာယကံမြောက် ပြစ်မှုကျူးလွန်တယ်ဆိုတာ စိတ်ပါလို့၊ တစ်နည်းအားဖြင့်တော့ စိတ်သာမူလ၊ မနောကံသာလျှင် အကြောင်းခံစစ်စစ်ဖြစ်ပါတော့တယ်။ ဒါကြောင့် စိတ်သာရှင်စော ဘုရားဟောတဲ့၊ ဒီစိတ်ကလေးရဲ့ မူလသဘောသတ္တိကတော့ အင်မတန် ဖြူစင်တယ်၊ တောက်ပတယ်၊ တန်ခိုးသတ္တိ ထက်မြက်လွန်းလှတယ်။ သို့သော် အဲဒီမူလသဘောဟာ သံသရာဘဝအဆက်ဆက် ကျင်လည်ဖန် များလာတော့ ပျောက်ဆုံးသွားပြီ။ ကြိုက်လောဘ၊ မကြိုက်ဒေါသ၊ မသိမောဟ စတဲ့ ကိလေသာတွေ အချိန်နဲ့အမျှ တစ်ဘဝပြီး တစ်ဘဝ ဖုံးလွှမ်းလာလိုက်တာ နဂိုဖြူစင်တဲ့ စိတ်ကလေးဟာ ဆီသည်းမ လက်သုတ်ဖတ်၊ မီးဖိုချောင်က လက်နှီးစုတ်ပမာ ဖြစ်လာခဲ့ပြီ။ ဘယ်လောက်လျှော်လျှော်၊ ဘယ်လိုဖွပ်ဖွပ် တစ်ဖန် ပြန်လည်ဖြူစင်နိုင်မယ့် အခွင့်အလမ်းက အင်မတန်နည်းပါးနေခဲ့ပါပြီ။ ညစ်ပတ်ပေရေခြင်းတွေကသာ ဒီလက်နှီးစုတ်ကလေးအပေါ် အမြဲမပြတ် တရစပ် ကျရောက်နေတယ် မဟုတ်ပါလား။

စိတ်ရဲ့သဘာဝကတော့ စိတ်တစ်ခုသာ။

ကြိုက်တာနဲ့ ပေါင်းမိတော့ ကြိုက်စိတ်၊ မကြိုက်နဲ့တွေ့တော့ မကြိုက်စိတ်၊ ဒီလိုနဲ့ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန၊ အဝိဇ္ဇာ၊ ဝိစိကိစ္ဆာ စတဲ့ မလိုလားအပ်တဲ့ စိတ်ရဲ့သဘောတွေ ဆင့်ပွား လွှမ်းမိုးလာခဲ့တာပါပဲ။ စိတ်သဘာဝ အဆင့်ဆင့်ကို ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက ဟောဒီလို ရိုးရှင်းလွယ်ကူစွာ ရှင်းပြတော်မူခဲ့ပါတယ်။

ဆိုပါစို့၊ နာမည်ရင်းကတော့ မြမြရီ...။

ဒါပေမဲ့ မစ္စတာ သော်မဆင် ဆိုတဲ့သူနဲ့ အကြောင်းပါသွားတော့

'မစ္စစ် သော်မဆင်' ရယ်လို့ ဖြစ်သွားသလိုပဲ။ ပင်ကိုစိတ်မှာ ကြိုက်တာကို အကောင်းထင် အကြောင်းခံပြီး 'ကြိုက်စိတ်' ရယ်လို့ ချက်ချင်းပြောင်းလဲသွားတယ်။ မြမြရီကနေ မစ္စစ်သော်မဆင် ဖြစ်သွားသလို စိတ်ကနေ ကြိုက်စိတ် ဖြစ်သွားပြီနော်။ ဒီလိုပဲ မစ္စတာ သော်မဆင်ကြီးနဲ့ ပေါင်းနေရာကနေ သဘောချင်း မတိုက်ဆိုင်ပြန်တော့ ကွာရှင်းပြတ်စဲလိုက်ပြန်ရော။ ဟော...နောက်တစ်ယောက် ဂျက်ဆင်နဲ့တွေ့ ပေါင်းကြပြန်တော့ မစ္စစ် သော်မဆင်ကနေ 'မစ္စစ် ဂျက်ဆင်'ဖြစ်သွားရပြန်ပြီနော်။ အဲဒီလိုပဲ ပင်ကိုစိတ်မှာ မကောင်းထင် မကြိုက်မြင်တော့ ခုနက ကြိုက်စိတ်ကနေ 'မကြိုက်စိတ်' ရယ်လို့ ရုတ်ခြည်းပြောင်းသွားပြန်ရော။ အဲဒီတော့ ဘယ်လိုပဲပြောင်းပြောင်း မစ္စစ် သော်မဆင်ပဲဖြစ်ဖြစ်၊ မစ္စစ်ဂျက်ဆင်ပဲဖြစ်ဖြစ် မူလ မြမြရီဘဝကို ပြန်မရတော့ပါဘူး။ စိတ်ကို ဖြူစင်အောင် ကြိုးစားနေတာ၊ စိတ်ရဲ့မူလသတ္တိကို ပြန်ရအောင် ကြိုးစားနေတာဟာ **မြမြရီဘဝ ပြန်ရအောင် ယူ** နေရသလို ဖြစ်နေတယ်လို့ ဆရာတော်ဘုရားကြီးက ထောက်ပြပါတယ်။

– ပဋိ ဘာန ဉာဏ ဒဿနကထာ၊ စာ–၇၇၄

အဲဒီမှာ ဆရာတော်ဘုရားကြီးက 'စိတ်ရဲ့သဘာဝ' ကို ဒီလိုဆက်ပြီး ဟောပြထားပြန်ပါတယ်။ ပင်ကိုစိတ်မှာ...

ကောင်းသည်လည်း မဟုတ်၊ မကောင်းသည်လည်း မဟုတ်၊

ကြိုက်သည်လည်း မဟုတ်၊ မကြိုက်သည်လည်း မဟုတ်၊

ဆိုင်းငံ့အဖြစ်နဲ့ ဘာသိဘာသာ ယှဉ်တွဲလာတတ်တယ် ဆိုပါစို့။ ဒီသဘော ပေါ်လွင်အောင် ဆရာတော်ဘုရားကြီး ဥပမာပေးပုံကတော့ မိန်းမတစ်ယောက် ရှိတယ်ဆိုပါစို့။ အဲဒီမိန်းမဟာ လင့်အပေါ် အထင်

လွဲနေသဖြင့် လက်မခံခြင်းတွေဟာ **စိတ်၏သဘော၊** လင်ဘာလုပ်လုပ် လက်ခံနေခြင်းကတော့ **အမှန် မသိ စိတ်သဘော၊** အဲဒီနှစ်ခုလုံး **အဝိဇ္ဇာ** ပင်တည်းလို့ ဆိုပါတယ်။

ပင်ကိုစိတ်မှာ အကောင်း ထင်လာတာနဲ့ **မြတ်နိုးစိတ်** ဝင်လာမယ်၊ အဲဒီလို မြတ်နိုးစရာကို အားကိုးကြီးလာသဖြင့် **ထန်စိတ်၊ ကောက်စိတ်** ဝင်လာတာကိုတော့ **မာန** လို့ ခေါ်တယ်ဆိုပါတယ်။ **ဒိဋ္ဌိ** ဆိုတာကတော့ ပင်ကိုစိတ်၌ ငါပိုင်တယ်လို့ ထင်တာ၊ ငါမြင်တယ်၊ ငါ့မယား၊ ငါ့သား အဲဒီလို အထင်အမြင် လွဲမှားမှုကနေ ငါစွဲ ကြီးပြီး ငါတကောကောတာ 'ဒိဋ္ဌိ' ပါပဲ။

'ပင်ကိုစိတ်၌ ငါ့အဆက်ဟူသော တလွဲမြင်နှင့်တကွ သူတစ်ပါးတို့နှင့် မဆက်ဆံစေလို၊ မရစေလိုသော သဘောသည် ယှဉ်တွဲ၍ ဝင်လာတတ်ပြန်၏၊ မိမိ၏နှစ်သက်ပစ္စည်း လက်ဝယ်မပိုင်မီ လက်တစ်ကမ်းအလို၌ ဖြစ်လေ့ရှိသော **'ကုက္ကုစ္စ'** ပင်တည်း' လို့ ဆရာတော်ဘုရားကြီးက ညွှန်ပြပါတယ်။ ပင်ကိုစိတ်မှာ 'ငါပိုင်' ဟူသော တလွဲအမြင်နှင့် သူတစ်ပါးတို့နှင့် ဆက်ဆံသည်ကို ခွင့်မလွှတ်နိုင်သော သဘောသည် ယှဉ်တွဲ၍ ဝင်လာတတ်ပြန်၏။ ထိုသဘောသည် မိမိပိုင်ဆိုင်ထားပြီး မိမိစိတ်တိုင်းကျ သုံးဆောင်ခံစားနေရပြီ ဖြစ်သဖြင့် အတိက္ကန္တာရုံ (အလွန့်အလွန် ကောင်းသောအရာ) အဖြစ် မြတ်နိုးစုံမက်နေသောအခါမျိုး၌ (သူတစ်ပါးသို့ မပေးရက်လို၊ မကမ်းလို၊ မဆက်ဆံစေလိုသော **မစ္ဆရိယ** သည်) အထူးထင်ရှားလှချေတော့၏ လို့ ဆရာတော်ဘုရားကြီးက ဆက်ရေးပါတယ်။

– ပဋ္ဌာန ဉာဏ ဒဿနကထာ၊ စာ– ၇၇၅

ပင်ကိုစိတ်၌ **'အကျင့်လွန်အလေ့အထ'** ယှဉ်တွဲလာတတ်တာကိုတော့ 'သီလဗ္ဗတ ပရာမာသ' လို့ ခေါ်ရတယ် ဆိုပါတယ်။ အရက်သမားက အရက်သောက်တဲ့ အကျင့်၊ ဖဲသမား ဖဲကစားတဲ့အကျင့် … ကိုယ့်အကျင့် ကိုယ် အမွန်းတင်နေတတ်တာလည်း စိတ်သဘာဝတစ်ခုပေပဲ။ ဒီသဘော ပေါ်လွင်အောင် ဆရာတော်ဘုရားကြီးက လူ့ဘဝတုန်းက မိတ်ဆွေများရဲ့ ဓလေ့ အတွေ့အကြုံနဲ့ ဖော်ပြထားပါတယ်။ ဟသ်ာတနယ်ဘက်မှာ ကြုံတွေ့ခဲ့ရတဲ့ ကိုတင်အောင်၊ ကိုသိန်းခန့်တို့ ညီအစ်ကိုဟာ တစ်ယောက်က အရက်သမား၊ တစ်ယောက်က ဆေးခြောက်စွဲနေသူ၊ ဆေးခြောက်စွဲနေတဲ့ ကိုတင်အောင်က သူ့ညီအရက်သမားအတွက် စိတ်ပူနေတယ်။

'ဒီကောင်တွေ အရက် ဖျက်လို့ ပျက်နေတာ၊ ကျုပ်ဆေးခြောက်က သူတို့လို မဟုတ်ဘူး၊ စိတ်ကို အေးချမ်းစေပြီး သူတကာ စိတ်ချမ်းသာအောင် ပေါင်းလို့ ရတယ်၊ ဆေးခြောက် သောက်မိလို့ ကျင်းငယ်ကို တွင်းကြီး ထင်နေတတ်တယ်ဆိုတာ သွေးမတည့်လို့ဗျ' လို့ ပြောတတ်သတဲ့။ ဆေးခြောက်သမားကလည်း သူ့ဆေးခြောက်သူ အကောင်းထင် အမွန်းတင်နေတတ်တော့တယ်။ တစ်ခါ အရက်သမား ကိုသိန်းခန့်ကလည်း 'ကျုပ်တို့အစ်ကိုကြီးတစ်ယောက်တော့ ခက်ပါသေးသဗျာ၊ အရင်က သည်လို မဟုတ်ဘူးဗျ၊ စိတ်မှန်သား၊ အခု ဆေးခြောက်စွဲနေမှ သည်လိုဖြစ်သွားတာ၊ သူ့ဖျက်နေတာ ဆေးခြောက်ပါ၊ ကျုပ်တို့ အရက်က သည်လို မဟုတ်ဘူးဗျ၊ ပြောရဲတယ် ဆိုရဲတယ်၊ ချသင့်လဲ ချရဲတယ်၊ အရက်သောက်လို့ အသည်းကျွမ်းတယ်ဆိုတာ လုံးဝမဟုတ်ပါဘူး၊ မိမိက ခံနိုင်ရည် မရှိလို့ပါ' ဟူသတတ်။

ဒီစကားတွေက ဘာကို ဖော်ပြနေသလဲဆိုရင် မိမိရဲ့အကျင့်လွန်နေပြီဖြစ်သော အလေ့အထကို အကောင်းထင်နေခြင်းပဲ ဖြစ်ပါတယ်။ ဆရာတော်ဘုရားကြီးက...

'သည့်အတူပင် ဘာသာတိုင်းသည်လဲ မိမိဘာသာ သာလျှင် အကောင်းထင် အမွန်းတင်တတ်ကြ၏၊ **သဘာဝတရား၏ လမ်းဆုံးထိ မမြင်နိုင်လေ၊ စွဲလေပင် ဖြစ်ချေ၏။** ဘာသာမှန်သမျှ အကြောက်လွန်ရာမှ အားကိုးရာပြီး တစ်ဖန်ထိုအားကိုးရာကို အထင်ကြီး မြတ်နိုးရာမှ ပေါ်ထွက်လာသည်ချည်းပင် ဖြစ်ချေ၏။ **မှန် မမှန်ကား ကြိုက် မကြိုက်နှင့်မဆိုင်ပြီ၊** သဘာဝတရားကသာ ဆုံးဖြတ်ပိုင်ခွင့် ရှိသည်။ ထိုသဘာဝ၏ မူလဇာစ်မြစ်၏ အဆုံးအထိ အမြင်ပေါက်မှသာ မှန် မမှန် ဟူသော ဝိဝါဒသည် ပြေလည်ရချေသည်။ လက်တွေ့ကျင့်သုံးကြည့်မှ သိရ၏။ အပြောနားထောင်ရုံဖြင့် မရ၊ **လတ်တလော ကောင်း လတ်တလော မှန်တို့သည်ကား** သူခိုးဝါဒ၊ ဓားပြဝါဒတို့၌ပင် လက်တွေ့ရှိချေ၏။ သူခိုးသည်လည်း ပစ္စည်းလက်ဝယ်ရှိ၍ သုံးရဖြုန်းရတုန်းမှာ ကောင်း၏၊ မှန်၏ ထင်တတ်၏။ လက်တွေ့လည်း ပြလို့ရ၏။ အကယ်တိ ခိုးမှုပေါ်၍ အချုပ်ခန်းနှင့် ထောင်တို့သို့ လမ်းဆုံးအထိ ရောက်သောအခါတွင်မူကား တကယ့်သဘာဝ၏ မကောင်း မမှန်သို့သာ ပြောင်းလဲသွားတတ်ချေတော့၏။ ဓားပြသည်လည်း ထိုနည်းလည်းကောင်းပင်တည်း။'

အဲဒါကတော့ ပင်ကိုစိတ်၌ အကျင့်လွန် အလေ့အထ **(သီလဗ္ဗတပရာမာ)** သဘောကို ညွှန်ပြခြင်း ဖြစ်ပါတယ်။ ဆက်လက်ပြီး **ဝိစိကိစ္ဆာရဲ့သဘော** ဒီလိုပြောပြပြန်ပါတယ်။ ပင်ကိုစိတ်မှာ မရေရာ ဖြစ်လာပြီဆိုရင် အကောင်း အဆိုး၊ အမှားအမှန် မဝေခွဲနိုင်တဲ့ တွေစိတ်နဲ့အတူ

ကြိုက်ရကောင်းနိုး မကောင်းနိုး၊ မှန်လိမ့်နိုးနိုး မမှန်နိုး ဖြစ်နေတာတွေဟာ ဝိစိကိစ္ဆာတွေပါပဲ။ ဝိစိကိစ္ဆာရဲ့သဘောဟာ မိမိပိုင် လက်ရှိမှာဖြစ်စေ၊ မပိုင်ဆိုင်ရသေးတဲ့ အရာပေါ်မှာဖြစ်စေ တွေ့ရာမြင်ရာ အာရုံတို့ကို ခံစားရာမှာဖြစ်စေ ပေါ်လွင်တတ်လှတယ်လို့ ဆိုပါတယ်။

ပင်ကိုမှာ လက်ရှိခံစားနေရတဲ့ဖြစ်စဉ် (ဘဝ) ၌ တပ်မက်မှု ယှဉ်တွဲလာပြန်ပါပြီ။ မိမိပိုင်ဆိုင်ထားတဲ့ ဘဝစည်းစိမ်အပေါ် တပ်မက်နေခြင်းဟာ **ဘဝရာဂ သံယောဇဉ်** ပဲ ဖြစ်ပါသတဲ့။ ဆိုကြပါစို့...

မိန်းမသည် မိမိဘဝ၏ မိန်းမအဖြစ်ဖြင့်သာ ကာမဂုဏ်ခံစားနေရသည်ကို စွဲမက်နေတတ်၏။ ယောကျ်ားဘဝသို့ ရောက်ရန်၊ ရရန်ကိုကား လုံးဝ စိတ်မဝင်စားတတ်ချေပြီ။ ယောကျ်ားသည်လည်း ယောကျ်ားအဖြစ်ဖြင့်သာ ကာမဂုဏ်ခံစားနေရသည်ကို စွဲမက်နေတတ်လှ၏။ ထိုထက် ကောင်းကိုကား မစဉ်းစား၊ ရှိသေးသည် ဟူ၍ပင် မထင်တတ်။ သည့်အတူ လယ်သမားသည်လည်း သူ့ဘဝ သူပျော်၏။ ကူလီသည်လည်း သူ့ဘဝ သူ ပျော်သည်သာ ဖြစ်၏။ သတ္တဝါတိုင်း၏ **ဖြစ်လေရာဘဝ၌ ပျော်ပိုက်နေခြင်းများသည် ဘဝရာဂ ပင်တည်း။**

သို့ကြောင့် ကာမ ဘဝ၊ ကာမဘုံသားသည် ကာမဂုဏ် ခံစားမှုမှလွတ်သော ဗြဟ္မာဘဝ မလိုလားပြီ။ တစ်ဖန် ရုပ်ရှိသော ရူပဗြဟ္မာသည်လည်း ရုပ် မရှိသော အရူပ ဗြဟ္မာအဖြစ်ကို မလိုလားပြီ။ ဘဝကို ခင်တွယ်သူ မှန်သမျှသည်လည်း ဘဝပြတ်သုဉ်း၍ အအေးဓာတ် လုံးလုံးချည်းသာ ရှိသော **နိဗ္ဗာန်** ကိုကား လုံးဝမလိုလားပြီ။ နိဗ္ဗာန်ဟူသည် တစ်ဘဝနှင့် တစ်ဘဝ ဆက်စပ်ပေးတတ်သော **'တဏှာအစေး'** မရှိတော့

သည်ကို ဆိုချေ၏။ တဏှာသည် လိုချင်တောင့်တမှုကို ဆိုရာ နိဗ္ဗာန် သည် ထိုလိုချင်တောင့်တမှု၏ ပြောင်းပြန်သာ ဖြစ်ချေ၏။

သို့ကြောင့် နိဗ္ဗာန်သည် ဘာမှ မလိုချင်တော့သော ကာလမှ ရောက် ရ၊ ရရာသော 'အပ္ပဏိဟိတ' တရားပင် ဖြစ်ချေ၏။ (ပဋိဘာန ဉာဏ ဒသန ကထာ၊ စာ-၇၇၉)

ဒါ့ကြောင့် ဆရာတော်ဘုရားကြီးက လိုချင်စိတ်တို့ အားကြီးနေ သမျှ နိဗ္ဗာန်နှင့် ဝေးသထက် ဝေးနေပြီ၊ အမည်ခံမျှ ဗုဒ္ဓဘာသာဆိုသူတိုင်း ဟာ ဒီနေ့ နိဗ္ဗာန်ကို လျင်မြန်ထုတ်ချောက် ရောက်ရာပါလို၏ အစား ဘုရားတပည့်တော် တပည့်တော်မ **'ဘာမှ မလိုချင် ရလိုပါ၏ ဘုရား'** လို့ ပြင်ဆင်ကာ တည့်တည့်ကြီး ဆုတောင်းခိုင်းသော် အားလုံး ခေါင်း ယမ်းကြမည်ချည်းသာတည်း...လို့ အရှိအမှန်အတိုင်း ဆုံးမထားပါ တယ်။

သိစေလိုရင်းကတော့ ပင်ကိုဖြူစင်တဲ့ စိတ်ကလေး ကြိုက်စိတ်၊ မကြိုက်စိတ်တွေကနေ အဝိဇ္ဇာ၊ မာန၊ ဣဿာ၊ မစ္ဆရိယ၊ အကျင့်လွန် အလေ့အထ၊ ဝိစိကိစ္ဆာ စသည်တို့ကနေ ဘဝရာဂ သံယောဇဉ်အထိ နယ် ကျယ်လာပြီး နိဗ္ဗာန်နဲ့ ဝေးဝေးလာတယ်။ အဲဒီစိတ်ရဲ့ အညစ်အကြေး ကိလေသာတွေကပဲ မသွားချင်ပါဘူး၊ မလိုချင်ပါဘူး၊ မရောက်ချင်ပါ ဘူး၊ မရချင်ပါဘူးလို့ တွင်တွင်ကြီး ဘူးခါ ငြင်းဆိုခဲ့တဲ့ အပါယ်လေးဘုံ ဘဝတွေဆီ ပို့ဆောင်ခေါ်ငင်သွားတော့တယ် ဆိုတာပါပဲ။

ဒါကြောင့် ကိလေသာပွားရာက ပါးအောင်၊ ပါးရာက လုံးလုံးမရှိ ပကတိစိတ်ရဲ့ ဖြူစင်တောက်ပမှု ပြန်ရအောင် သတိတစ်လုံးဆောင်ပြီး ရှုမှတ်ပွားများမှသာ နိဗ္ဗာန်ခရီး နီးလိမ့်မယ် ဆိုချင်ကြောင်းပါဗျာ။

[**အညွှန်း။** ။ပဋိဘာန ဉာဏ ဒဿနကထာ၊ ၁၉၉၉ ဖေဖော်ဝါရီ]

၆-၂-၉၉

*

# အနတ္တသို့ အပြန်ခရီး

ဓမ္မသဘော၊ ဘယ်သို့ပြောလည်း
လိပ်ကျောကြောင်ကော်၊ ပြောင်ချော်ချော်နှင့်
ပျော်တပြုံးပြုံး၊ မော်မဆုံးဘဲ
နှလုံးမယှဉ်၊ ဉာဏ်မယှဉ်တည်း
ငယ်စဉ်ယုတ်မာ၊ အိုခါ ဆိုးဝါး
ဤသို့အားလျှင်
ယောက်ျားမိန်းမ၊ သမုတ်ကြလျက်
သုဘထင်၍ လွန်ပျော်မွေ့၏
အတွေ့ခံစား၊ အောက်ရပ်သားတို့
ကျွဲနွား သိုးဆိတ်၊ အဟိတ်ပမာ
ကာမာစာရ၊ လေ့လာကြလျက်
ကာမသတ္တဝါ၊ ကာမရှာ၍
ကာမသဘော၊ မိုက်မောဟစိတ်
ဆိတ်မျှမသိ၊ ညစ်နွမ်းဘိ၏ ...။

မန်လည်ဆရာတော်ဘုရားကြီး အဲဒီလို ကဗျာရေးခဲ့သလိုပါပဲ။ တရားသဘောတွေ ဘယ်လောက်ပြောဟောနေပေမယ့် လူတွေကတော့ လိပ်ကျောကုန်း ခုံးခုံးကြီးကို ကြောင်ကုတ် ကြောင်ကော်သလိုပါပဲ။ ပြောင်ချောင်ချော်နဲ့ပဲ တရားလမ်းကြောင်းကနေ လွဲချော်နေကြတယ်။ ကာမဘုံသားတွေ ဆိုတော့ ကာမစလေ့မှာပဲ ပျော်မွေ့နေလိုက်ကြတာ ကျွဲနွားသိုးဆိတ်တွေလိုပဲတဲ့၊ တရားသဘောဆိုတာ တစ်ဆိတ်စာမျှ ဝေးရင် မသိလောက်အောင် ကိလေသာ ကြေးအထပ်ထပ်နဲ့ ညစ်နွမ်းနေခဲ့ကြပြီ။

သံသရာ အစကတည်းက မသိမောဟ အဝိဇ္ဇာနဲ့ စ လာခဲ့ကြပြီး မသိအဝိဇ္ဇာနဲ့ပဲ ဆုံး ဆုံးသွားကြတယ်နော်။ ဘယ်သတ္တဝါပဲဖြစ်ဖြစ် ရုပ်နဲ့ နာမ် ဒွန်တွဲဖြစ်ပျက်နေရာမှာ သံသရာစကတည်းက မသိရာက စ ခဲ့ကြတာ၊ **ကြက်ဥနဲ့ ကြက်ကောင် ဘယ်သူက စခဲ့သလဲ။** ဒီမေးခွန်း အမြဲ မေးခဲ့တယ် ထင်ပါတယ်။

ရုပ်ဆိုတာက ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော သဘောမတူတဲ့ ဓာတ်လေးပါး အခြေခံအကြောင်းပြုပြီး ဖြစ်လာတာ။ အဲဒီဓာတ် လေးပါးဟာ သူ့သတ္တိ သူဆောင်ပြီး တွန်းလိုက် တိုက်လိုက်နဲ့ ပေါင်းမိရာက ရုပ်ဆိုတာ ဖြစ်လာတယ်။ ဓာတ်လေးပါးဟာ ကိုယ်ပိုင်သတ္တိ ကိုယ်ပိုင် သဘောတွေနဲ့ အစွမ်းပြနေတာ ဖြစ်တော့ တစ်ခုနဲ့တစ်ခု မတည့်ကြဘူး။ ပေါင်းမိကယ်ဆိုတာက မတည့်လို့ တိုက်ရင်းခိုက်ရင်း တွန်းကန်ရင်း ထိမိ တိုက်မိ ပေါင်းမိသွားတာ၊ တစ်ခါ ဓာတ်တစ်ပါးချင်းမှာ ရောတဲ့၊ ဆန့်ကျင်ဘက် သဘောနှစ်ခု ဖွဲ့စည်းထားတာ တွေ့ရလိမ့်ဦးမယ်။ ပထဝီ ဆိုတဲ့ မြေဓာတ်မှာ မာခြင်းနဲ့ ပျော့ခြင်း၊ အာပေါဆိုတဲ့ ရေဓာတ်မှာ ယိုစီး

ခြင်းနဲ့ ဖွဲ့စည်းခြင်း ဒီလိုဆန့်ကျင်ဘက်အကြောင်းနှစ်ခုတွေ ကိုယ်စီ ပါလာကြတော့ သူ့တစ်ခုတည်းမှာတောင်မှ အားပြိုင်တဲ့သဘော၊ မတည့်တဲ့သဘော ရှိတယ်။ သဘော မတူတဲ့ ဓာတ်လေးပါးမှာ တစ်ခု နှစ်မျိုးစီ ဆိုတော့ ဓာတ်ရှစ်ပါးရယ်လို့ ဖြစ်လာတယ်။ အဲဒီ ဓာတ်သဘာဝတွေရဲ့ ပြုပြင်မှု၊ ပေါင်းဆုံမှု၊ တိုက်ခိုက်မှုတွေကြောင့် ရုပ်ဆိုပြီး ဖြစ်လာပါရော၊ လူရုပ် နတ်ရုပ် ခွေးရုပ် ဝက်ရုပ်တွေက နောက်မှ၊ သတ္တဝါတွေရဲ့ မူလအစမှာ ပဋိသန္ဓေလေးမျိုးထဲမှာ 'သံသေဒဇ' က စခဲ့တယ်။ မိမဲ့ ဖမဲ့ ဘဝက စခဲ့ကြတယ်နော်။ ဓာတ်ဆိုတာ အဲဒီက စခဲ့တာ။ ဒါ့ကြောင့် ရုပ်နဲ့ နာမ် ဘယ်သူက စဖြစ်သလဲဆိုရင် ရုပ်က စခဲ့တယ်။ ဓာတ်လေးပါးက စခဲ့တယ်။

ဓာတ်လေးပါးကြောင့် ဖြစ်လာတဲ့ ရုပ်ဟာ **အတ္တလား၊ အနတ္တလား။**

ဓာတ်လေးပါးဟာ သူ့သတ္တိနဲ့ သူ့သဘောသူဆောင်တယ်လို့ ပြောခဲ့ပြီ။ ပထဝီဓာတ် ဆောင်ထားတဲ့ ကျောက်ဆောင် ကျောက်တောင်ကြီး ရေလို တသွင်သွင် စီးဆင်းပါစေလို့ ခိုင်းလို့ မရဘူး။ တဟုန်းဟုန်း တောက်နေတဲ့ မီးကို ကျောက်တောင်ကြီးလို တည်ပါစေ ပြောမရဘူး။ သူ့သဘောသူ ဆောင်နေကြတယ်။ ကြက်ဟင်းခါးသီးရယ်၊ ထန်းလျက်ရယ်၊ သံပရာသီးရယ်၊ ငရုတ်သီးရယ် အတူနေကြသလို တစ်ခုနဲ့ တစ်ခု ရောနှောသွားခြင်း မရှိ ကိုယ်ပိုင်သတ္တိနဲ့ နေကြတယ်။ မှိုနဲ့မျှစ် ရောချက်လို့ ချိုတာတစ်ခုတည်း ထွက်ပေမယ့် ငရုတ်သီးထောင်းပြီး သံပရာရည်လေး ဆမ်းလိုက်တော့ စပ်တာလည်း မဟုတ်၊ ချဉ်တာလည်း မဟုတ်၊ 'စပ်ချဉ်၊ ချဉ်စပ်' ကလေး ဖြစ်သွားရော။ ငရုတ်ကလည်း စပ်တဲ့သဘောကို မစွန့်ဘူး၊ သံပရာကလည်း ချဉ်တဲ့သဘောကို မစွန့်ဘူး၊ ဓာတ်လေးပါး

ဆိုတာ အဲဒီလို သူ့သဘော သူဆောင်နေတာ။ ကြက်ဟင်းခါးသီးကို မျက်နှာချိုသွေးလို့လည်း ချိုလာလိမ့်မယ် မအောက်မေ့နဲ့။ သူဌေးကြီး စားတော့လည်း ခါးပြလိမ့်မယ်၊ ဆင်းရဲသား စားလည်း အခါးက ခါးမှာပဲ။ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ထောင်ကလည်း ခါးခဲ့တယ်၊ ခုလည်း ခါး နောင်လည်း ခါးလိမ့်မယ်။ အဲဒီလို ကြက်ဟင်းခါးသီးဟာ သူ့သဘော သူဆောင်ပြီး ခါးနေတာ တို့က ချိုပါဆိုလို့ ချိုမလားဟဲ့။

'မချိုပါဘူးဘုရား'

အဲဒီလို သူ့သဘောသူဆောင်နေတယ်ဆိုတာ အတ္တလား၊ အနတ္တလား။

'အနတ္တပါဘုရား'

ဒါပဲ၊ တို့ရှာနေတာ ဒါပဲ။ တရားဆိုတာ ကိုယ့်သဘော အတ္တမဟုတ်၊ သူ့သဘောသူဆောင်နေတဲ့ အနတ္တပါလားဆိုတာ သိအောင် မြင်အောင် ရှာနေကြတာ။ ဟိုဟိုဒီဒီ လိုက်ရှာရတာ မဟုတ်ဘူး။ ဒီရုပ် ဒီနာမ်ထဲမှာပဲ ရှာရတာ။ အဲဒီတော့ ရုပ်ဆိုတာ ဓာတ်လေးပါးကြောင့် ဖြစ်ခဲ့တာ ဆိုတော့ ဒီဓာတ်လေးပါးဟာလည်း သူ့သဘောသူဆောင်နေတာဆိုတော့ အတ္တလား၊ အနတ္တလား။

'အနတ္တပါဘုရား'

သံသရာ ဒီလို စခဲ့တာ၊ ရုပ်ဟာ အနတ္တအခြေခံ အနတ္တဦးဆောင်ပြီး ဖြစ်ခဲ့တာ၊ ဒီရုပ်ကြီး မအိုရ၊ မနာရ၊ မသေရ တားလို့ ရမလား။ အဲဒီလို အနတ္တက စခဲ့ပါလျက် ဒီကနေ့ ဒီလောက အတ္တ အတ္တနဲ့ ဘာကြောင့် အတ္တတွေ ဖုံးလွှမ်းနေသလဲ။ ဒီမှာ **'နာမ်ရဲ့ အခန်းကဏ္ဍ'** ဝင်လာပြီ။

နာမ်က အဝိဇ္ဇာက စခဲ့တာ။

ပင့်ိုသန္ဓေနေချိန် အကောင်း အဆိုး အကျိုးအပြစ် ဘာမှ မသိသေးဘူး။ မွေးလာပြီ ဘာမှ မသိသေးဘူး။ ဒါပေမဲ့ မွေးလာပြီဆိုတာနဲ့ အပြင်က အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့ဆိုတဲ့ အာယာတနတွေက ဆီးကြိုနေပြီ။ ဒီအာယာတနတွေက သူ့ကို ဆွဲငင်မယ်၊ တိုက်ခိုက်မယ်။ အဲဒီမှာ သူဘယ်လိုတုံ့ပြန်သလဲ။ ဓာတ်လေးပါးနဲ့ ဖွဲ့စည်းထားတဲ့ ရုပ်တွေမှာ ဦးဆောင်တဲ့ အားကဲတဲ့ဓာတ်ဆိုတာ ရှိတယ်။ ပထဝီဦးဆောင်တဲ့ ရုပ်က လေးမယ်၊ နှေးမယ်၊ ဝါယောဦးဆောင်တဲ့ရုပ်က လျင်မြန်မယ်၊ လှုပ်ရှားမယ်၊ ရုပ်တစ်ခုနဲ့တစ်ခု မတူဘူး။ လူတွေ စရိုက်သဘာဝ ကွဲနေတာလည်း ဦးဆောင်တဲ့ ဓာတ်ချင်း မတူလို့။ အကြိုက်ချင်း မတူတာလည်း ဓာတ်ချင်း (အားကြီးတဲ့ ဓာတ်) မတူလို့။

အဲဒီတော့ ပထဝီ ဦးဆောင်တဲ့သူ ဆိုပါစို့။ သူ့ဓာတ်ခံနဲ့ ညီမျှလိုက်ဖက်လက်ခံနိုင်တာကိုပဲ သူ ရှာလိမ့်မယ်။ သူ့ဓာတ်နဲ့ ကိုက်ညီတာတွေ့မှ၊ ရမှ သူနေသာထိုင်သာ ရှိလာမယ်။ အဲဒီမှာ **အကြိုက်ဆိုတဲ့ တဏှာ** ဖြစ်ပေါ်လာပြီ၊ သူကြိုက်တာကို မရရအောင် မရရတဲ့နည်းနဲ့ ရှာဖွေသိမ်းပိုက်ဖို့ အားထုတ်လာရာက 'အတ္တ' ဆိုတာ ဖြစ်လာတယ်။

မြွေတစ်ကောင် ဆိုပါစို့။

မြွေဟာ ပူတဲ့ သတ္တဝါဖြစ်လို့ အေးတာ ရမှဖြစ်မှာ၊ ဒီတော့ အေးတဲ့ သတ္တဝါ ဖားကို သတ်စားရတော့မယ်။ သူ့တစ်ကိုယ်ကောင်းအတွက် သူတစ်ပါးရဲ့ တစ်ကိုယ်ကောင်းကို ဖျက်ဆီးပစ်ရတော့မယ်။ ကိုယ်ချင်းမစာနိုင်တော့ဘူး။ ဒီသဘော ဘယ်က လာသလဲဆိုတော့ ကြိုက်စိတ် တဏှာက လာတယ်။ ကြိုက်စိတ်တဏှာ ဘယ်မှာ အခြေခံသလဲဆိုတော့ မသိ မောဟ အဝိဇ္ဇာမှာ အခြေခံလာတယ်။ ဒါ့ကြောင့် 'အဝိဇ္ဇာနဲ့တဏှာ'

ကို **'ဒွေးမူလ'** လို့ စာက ဆိုတယ်။ ရုပ်နဲ့ နာမ်ဆိုတာ မတည့်အတူနေတဲ့ သဘော၊ မတည့်ရင် ကြားထဲက သပ်လျှိုတာ ခံရတော့မယ်။ ဘယ်သူက သပ်လျှိုမှာလဲဆိုတော့ လောဘ ဒေါသ မောဟဆိုတဲ့ ကိလေသာက သပ်လျှိုမှာ။

ရုပ်က ခါတ်လေးပါး အချင်းချင်းတိုက်ပြီး သူ့သဘောသူ ဆောင်ပြီး တစ်ပျက်တည်း ပျက်ကျနေတာ၊ နာမ်က ဖြစ်တယ်ပဲ ထင်နေတာ။ ထင်မှာပေါ့၊ နာမ်က အဝိဇ္ဇာ မောဟ မသိစိတ်နဲ့ လာခဲ့တာပဲ။ ဒီကြားထဲ တဏှာနဲ့ ပေါင်းမိတော့ ပြီးပါလေရော။ ပျက်နေပါတယ်ဆိုမှ ဖြစ်တယ်ချည်း ထင်နေပါရော၊ ပြောင်းပြန်။ အဲဒါ ရုပ်နဲ့နာမ်၊ သဘောချင်း မတူကြ မတည့်ကြဘူး။ စတုန်းကတော့ ရုပ်ဆိုတဲ့ ကြက်ဥကပဲ။ ကြက်ကောင် ဆိုတဲ့ နာမ်ကလေး ပေါက်လာမှ ဒီကြက်ကောင်က ကြက်ဥကို ပြန်ပြီး ဒုက္ခပေးတော့တာကိုး။ အခုတော့ နာမ်က သခင်၊ ရုပ်က ကျွန်။ စိတ်က မညှာမတာခိုင်းသမျှ ဒီရုပ်ကြီးက ဒုံးပေကတ်သတ် လိုက်လုပ်ပေးနေရရှာတယ်။

တစ်သံသရာလုံးက စုမိဆောင်းမိ၊ အောင်းမိ ပေါင်းမိလာတဲ့ မသိမောဟ အဝိဇ္ဇာရဲ့ ခွန်အားက ဘယ်လောက်များ ပြင်းထန်နေလိမ့်မလဲ။ ဒီရုပ်ကြီး ခံပေတော့၊ အတွင်းမှာလည်း သူ့ ခါတ်လေးပါးအချင်းချင်း တွန်းတိုက်ပြီး ပျက်ကျနေတယ်။ အပြင်အာရုံတွေကလည်း ဒလစပ်တိုက်တာ ခံနေရတယ်။ နားချိန် မရဘူး၊ အသက်ရှိနေသမျှ ကာလပတ်လုံး အတိုက်ခံနေရတယ်၊ တိုက်သမျှ ပျက်ကျလို့ချည်းသာ နေတယ်။ ဒါပေမဲ့ တို့မျက်လုံးတွေက ပျက်တာကို မြင်သလားဆိုတော့ မောဟနဲ့ အဝိဇ္ဇာက ဖုံးထားလို့ မမြင်ဘူး၊ မြင်အောင်လည်း မကြည့်ဘူး။ ရှေ့က

ရုပ်ပျက်ကျသွားတဲ့နေရာမှာ နောက်က ရုပ်က အစားထိုးပေးထားတော့ ပျက်တာ မမြင် ဖြစ်တယ်ပဲ ထင်နေတယ်။ အဲဒီ ဖြစ်တာလေးဟာ မိုးပေါ် လေထဲ ခဲတစ်လုံး ပစ်လိုက်၊ လေထဲမှာ ပြန်မကျမီ ခဏလေး တန့်နေတာ လောက်ပဲ ကြာတယ်။ ဒီလောက် တိုတောင်းတဲ့ ဖြစ်တည်မှုကလေးကို ပဲ မြဲတယ်လို့ ထင်နေကြတယ်။

ရုပ်ရှင်ပြတဲ့အခါ ရှေ့က ဖလင်ကွက်တွေ တစ်ကွက်ပြီး တစ်ကွက် စက်က ရစ်သွားပြီ၊ ပျက်သွားပြီ၊ ရှေ့က ဖလင်ကွက်နေရာ နောက်က ဖလင်ကွက်က အစားထိုး လည်ပတ်နေတဲ့ သဘောပဲ။ ကြည့်တာက လည်း ဖလင်ကို ကြည့်တာမဟုတ်ဘဲ ဖလင်က ထင်လာတဲ့ အရိပ်ကိုသာ ပိတ်ကားပေါ်မှာ ကြည့်နေကြတာဆိုတော့ မူလပင်ရင်းမှာ ပျက်ကျနေ တာ မမြင်သာတော့ဘူး။ အဲဒီလို မမြင်သာအောင်လည်း အဆင်းအသံ ဆိုတဲ့ အာရုံရိပ်တွေက ဖမ်းစားထားလိုက်ပြီ၊ သာယာမှု အာရုံခံစားမှုထဲ မျောနေပြီ။ တဏှာက တဏှာနဲ့ ပြန်ဖမ်းစားလိုက်တော့ နဂိုကမှ မသိ ပါဘူးဆိုတဲ့ မောဟဟာ ပိုပြီး မသိတော့ဘူး။

အဲဒီ မသိမောဟ အဝိဇ္ဇာက ဖြစ်လာတဲ့ တဏှာဆိုတဲ့ ကြိုက်စိတ် လောဘဟာ သူလိုချင်တာ ရရင် ရ၊ မရရင် ဒေါသဖြစ်လာတော့မယ်။ မောဟမှ လောဘ၊ လောဘမှ ဒေါသ သတ္တဝါတွေကို ဒီလိုတည်ဆောက် ခဲ့တော့ အတ္တနယ်ပယ်ကြီးဟာ ကျယ်သထက် ကျယ်လာတယ်။ ဒီအတ္တ နယ်ပယ်ကြီးမှာ မောဟက ဦးစီးခေါင်းဆောင်၊ လောဘက စီမံခန့်ခွဲရေး သမား၊ ဒေါသက တိုက်ခိုက်ရေးသမား ဒီလိုထူထောင်ထားတယ်။ အတ္တ နယ်ပယ်ဆိုတာက ပညတ်တွေချည်း၊ ဒါက ဘာ၊ ဒါက ညာ၊ ပညတ်ပေါ် ရင် ကြိုက်စွဲ မကြိုက်စွဲတွေလည်း ပေါ်လာမှာပဲ။ ကြိုက်လောဘ မကြိုက်

ဒေါသ၊ မသိမောဟတွေနဲ့ တစ်ဘ၀ပြီး တစ်ဘ၀ တစ်သံသရာလုံး တွင် ကျယ်လာလိုက်တာ လူ နတ် ဗြဟ္မာ အပါယ်ဘုံသားတွေ ဒီအတ္တနယ်ပယ် ကြီးက လွတ်ခဲ့ပြီလား။

မူရင်းဖြစ်တဲ့ **အနတ္တနယ်ပယ်ကို ဘယ်လိုပြန်သွားကြမှာလဲ။**

အတ္တနယ်ပယ်မှာ မသိမောဟကို ဦးစီးခေါင်းဆောင်တင်ရင် တို့ ကလည်း အသိကို ခေါင်းဆောင်တင်ရလိမ့်မယ်။ သတိကို စိမံခန့်ခွဲသူ နေရာမှာ ထားရလိမ့်မယ်။ ဝီရိယကို တိုက်ခိုက်ရေးသမားအဖြစ် တာဝန် ပေးရလိမ့်မယ်။

ဘယ့်နှယ်လဲ။ မသိမောဟကြီးက ခြယ်လှယ်တာ မခံချင်ပါဘူး ဆိုရင်တော့ သိအောင် လုပ်ကြရလိမ့်မယ်။ ကိလေသာ ခိုင်းတာ ပေခံ နေလို့ကတော့ သိမလာဘူး။ သတိ တင်းတင်းထားပါမှ ကိလေသာ သပ်လျှိုတာ အာရုံငါးပါး တိုက်ခိုက်တာ ကာကွယ်နိုင်ပြီး သူ့သဘော သူ ဆောင်နေပါတယ်ဆိုတဲ့ သဘောလေးကို သိလာလိမ့်မယ်။ တရား ဆို တာ သဘောကလေးပဲ ရှိတာ၊ သူ့ရုပ်ပေါ် သူ့နာမ်တင် သူ့ဉာဏ်စဉ် သူ ပေါ်လာလိမ့်မယ်။ သတိသာရှိ အသိအလိုလို ပေါ်လာလိမ့်မယ်။

အခုတော့ သံပရာသီးမှ မစားရသေးဘူး၊ ပါးစပ်ထဲ ချဉ်နေကြပြီဗျ။ စွဲစိတ်တွေ ဘယ်လောက် နာခဲ့ပြီလဲ။ ထပ်ပြီး စွဲနေလို့ကတော့ အတ္တမှ မလွတ်မြောက်နိုင်သေး၊ အနတ္တသို့ အပြန်ခရီးက ဝေးလှသနော်။ မသိ ရာက စခဲ့ပြီး မသိရာနဲ့ ဆုံးခဲ့ရင် မသိရာက ပြန်စရလိမ့်မယ်။ ဘောလုံး ကွင်း တစ်ပတ်ပြေးရတာတောင် လျှာထွက်အောင် မောနေကြတာ၊ သံ သရာ တစ်ပတ်ကြီး လည်ရတာ မောပဲ့မမောနိုင်သေးဘူးကိုး။

'မောပါပြီ ဘုရား'

အေး…တို့ငယ်ငယ်က ပွဲဈေးတန်း လျှောက်ကြတဲ့အခါ အရုပ်ဆိုင်ရေ့ ရုပ်ငေးမိသလိုပဲ၊ အရုပ်ကလေးတွေက လိုချင်စဖွယ် စီတန်းချိတ်ဆွဲထားလို့။ အောက်တန်းမှာ ခွေးရုပ်၊ နွားရုပ်၊ ကြက်ရုပ်ကလေးတွေ၊ အလယ်တန်းမှာတော့ ဖိုးဝရုပ်၊ ဇီးကွက်ရုပ်၊ ပစ်တိုင်းထောင်ရုပ်ကလေးတွေ၊ အထက်တန်းမှာတော့ နတ်ဗြဟ္မာရုပ်ကလေးတွေ၊ ကိုယ့်အရုပ် ကိုယ့်မျက်လုံးနဲ့ကိုယ်မြင်ရာအရုပ်သာ ဝယ်ခဲ့ကြတာနော်။ အောက်တန်းလောက် မြင်တဲ့သူက ခွေးရုပ် ဝက်ရုပ်ပဲ အကောင်းထင် ဝယ်ခဲ့လိမ့်မယ် ထင်တယ်။ အလယ်တန်းလောက် မြင်တော့ ဖိုးဝရုပ်ပေါ့။ အထက်တန်းကို မျက်စိတန်းမိတော့ နတ်ရုပ်၊ ဗြဟ္မာရုပ်ပေါ့ကွယ်။ ကလေးဘဝကလေးအသိနဲ့ ဝယ်ခဲ့ကြတာတွေ…။

အခု ဝယ်ကြသေးသလားဗျ။

'မဝယ်ကြတော့ပါ ဘုရား'

'ဘာလို့လဲဗျ'

'ကလေး မဟုတ်တော့လို့ပါ ဘုရား'

အေး…အသိက ပြောင်းသွားပြီကိုး။ ကလေးသိ သိပြီး ကလေးကြည့် ကြည့်နေရင်တော့ ဆွဲမိဆွဲရာ တစ်ရုပ်တော့ ဆွဲပြန်ရလိမ့်မယ်နော်။ ဘဝဆိုတဲ့ ပွဲဈေးတန်းမှာ အသိလူစဉ်မမီခဲ့ပါသော် အောက်တန်းက ခွေးရုပ် တစ်ရုပ်လောက်ပဲမြင်၊ ခွေးရုပ် ဝက်ရုပ် စွဲပြီး ဆွဲကာ ပြန်ကြလိမ့်မယ်။

ဘဝကူးတယ်ဆိုတာ စွဲရာဘဝကို သွားရတာ။ သတ္တဝါတို့ရဲ့မူလအစမှာသာ ရုပ်က ဇစ်ခဲ့တာ။ ဒုတိယ၊ တတိယ ဘဝ ဘဝတွေ၊ နောက်ဘဝဆိုတာတွေဟာ စိတ်ဆွဲငင်ရာ သွားရတာ၊ စိတ် (နာမ်) က ဦးဆောင်ခေါ်

ငင်သွားတော့တာ။ ဒီကနေ့ ကြက်မျိုးရယ်လို့ သပ်သပ် မရှိတော့ဘူး။ 'လူဖြစ်ကြက်' တွေချည်း၊ ကြက်သားကြိုက်လို့ ကြက်စွဲ,စွဲရင်း သေတဲ့လူတွေ ကြက်ထဲ ရောက်ကုန်တာ၊ ဟုတ်ပလား။

အဲဒီလို တိရစ္ဆာန်ဘ၀ ရောက်သွားပြီဆိုရင် လူ့ဘ၀ တစ်ခါပြန်လာဖို့ မလွယ်တော့ဘူး။ တိရစ္ဆာန်ဘ၀ တစ်ရာလောက် ဝဋ်ဆင်းရဲတွေ ခံပြီး ကျင်လည်လိုက်ပေဦး။ တိရစ္ဆာန်ဘ၀ တစ်ရာလောက် ရင်းပြီးမှ လူ့ဘ၀ တစ်ခါ ရတာ၊ ဒါကြောင့် လူ့ဘ၀သည် ဒုလ္လဘ၊ လူဖြစ်ပြန်တော့လည်း ဘုရားပွင့်ချိန်၊ သာသနာပွင့်ချိန်နဲ့ ကြုံပါဦးမှ အတ္တလား၊ အနတ္တလား၊ ဓမ္မလား၊ အဓမ္မလား ကောင်းကောင်း ကွဲကွဲပြားပြား သိမယ်။ သာသနာပွင့်ချိန် ကြုံနေပါသော်လည်း ဒီတရားဓမ္မအပေါ် ယုံကြည်ချက်သဒ္ဓါ သမ္မတ္တိနဲ့ ပြည့်စုံပါဦးမှ။

လူတွေဟာ မှန်တိုင်း ကောင်းတိုင်း မယုံကြပါဘူး။

ကိုယ်ကြိုက်တာသာ ကိုယ် ယုံနေကြတာ။

တရားဓမ္မအပေါ် ယုံကြည်ချက် ရှိပါသော်လည်း ယုံသလောက် ကျင့်နိုင်ခဲ့တဲ့ဘ၀၊ ကိလေသာက လွတ်မြောက်အောင် ကျင့်နိုင်တဲ့ ဘ၀ (သံဃာဘ၀မျိုး) ဟာလည်း ရခဲတယ်။ ကျင့်တဲ့အခါမှာလည်း တရားနည်းလမ်းကောင်း ရနိုင်ခဲတယ်လို့ တို့အဖဘုရား အကြိမ်ကြိမ် အထပ်ထပ် မှာကြားခဲ့တယ်နော်။ အဲဒီတော့ အတ္တနယ်ပယ်မှာ ကျင်လည်နေသရွေ့တော့ လောဘ၊ ဒေါသ၊ မောဟ ကိလေသာ အလိုဆိုးတွေ ကပ်ပြီး နှိပ်စက်တာ ခံနေရမှာပဲ၊ ဒီဒုက္ခတွေက လွတ်မြောက်ရာ အနတ္တနယ်ပယ်ကို သွားချင်ကြပါတယ်ဆိုရင်ဖြင့် 'အပ္ပမာဒ' လက်နက်ကြီး အသင့်ရှိကြစေဗျာ။

သတိ အသိ ဝီရိယဆိုတာကတော့ ဒီလက်နက်ကို ထက်သထက် ထက်အောင် သွေးပေးနေတာတွေပဲ။ ကဲ…နားကြစို့ဗျ။

[**အညွှန်း။** ။ ၁၄-၇-၉၇၊ နတ်တလူတောရ၊ ကန့်ဘလူမြို့နယ်မှာ ဟောပါတယ်။]

၉-၁-၉၉

*

# သစ်ငုတ်လေတိုး မလှုပ်မျိုးသို့

သည်းခံပါ၊ သည်းခံပါနဲ့ ပြောတော့အလွယ်လေး။ တကယ့်လက်တွေ့မှာ လင်မယားချင်းသော်မှ တကျက်ကျက်၊ သူ့ဘက် ကိုယ့်ဘက် မာနကလေးတွေနဲ့လေ။ ကြိုက်စရာတွေ့တော့လည်း အငမ်းမရ၊ မကြိုက်စရာနဲ့တွေ့တော့လည်း တစ်စခန်း ထနဲ့ လူတွေဟာ အစွန်းတရား နှစ်ပါးမှာ အမြဲလမ်းသလားလျက်ရှိတယ်လို့ ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီးက ညွှန်ပြခဲ့ပါတယ်။ ကြိုက်ရင် အကောင်းထင်ပြီး မကြိုက်ရင် အမုန်းဝင်တတ်တာမျိုးဟာ စိတ်ဓာတ်ခိုင်မာမှု မရှိသေးတာကို ပြနေတာပါပဲ။ တစ်နည်းအားဖြင့် ကြိုက် မကြိုက်အပေါ်မှာ လျင်လျင်မြန်မြန် တုံ့ပြန်နေကြတာ ခံနိုင်စွမ်းရည် နည်းနေသေးလို့ပြုံးတစ်ခါ မဲ့တစ်မျိုး တစ်မျက်နှာပုံစံနှစ်မျိုး ဖြစ်နေတာ တရားမဲ့သူတို့ရဲ့အမူအရာ။ အကောင်းလောကဓံနဲ့ ကြုံတွေ့သော်မှ တုန်လှုပ်တတ်ကြသူတွေအဖို့ အဆိုးလောကဓံနှင့် ကြုံလျှင်ကား ဆိုဖွယ်ရာမရှိတော့ပြီ။

'စိတ်မယိုမဖိတ် သိပ်သိပ်သည်းသည်း ခံနိုင်အားကြီးမှ သည်းခံ

ရာရောက်သည်’ လို့ ဆရာတော်ဘုရားကြီးက ရေးသားညွှန်ပြခဲ့ပါတယ်။ ဆရာတော်ဘုရားကြီး မြင်လိုသည်ကား...

သစ်ငုတ်လေတိုး မလှုပ်မျိုးသို့သာ၊ အကောင်းဖြင့် လျော် ဖော်အစား မခံစေရ၊ အဆိုးဖြင့် ဖျော် အလျော်အစား မခံစေရ၊ သူ့စိမ်းကို မဆိုထားနှင့်၊ လင်မယားချင်းသော်မှ သည်းခံနိုင်ရမည်၊ သည်းခံခြင်းသည် အရှုံးပေးခြင်း မဟုတ်။ စိတ်မတုန်လှုပ်ခြင်းသာ၊ စရိုက်သဘာဝ ကွဲလျှင် လင်မယားချင်းသော်မှ တိုက်မိ ခိုက်မိမှာချည်း။ ဒီသဘောကို ဆရာတော်ဘုရားကြီးက ဘုရားရှင့် ရွှေလက်ထက်တော်က ဖြစ်ရပ်တစ်ခုနဲ့ ပုံဆောင်ဖော်ပြခဲ့ပါတယ်။

‘ရွာတစ်ရွာဝယ် လင်သား ကိုလူအေး မယား မစပ်ပူတို့ အတူနေကြရာ လင်သားကား လုပ်စရာရှိသလောက်သာ လုပ်၍ ကိုင်စရာ ရှိသလောက်ကိုသာ ကိုင်၏။ လုပ်စရာရှိသလောက်ကိုသာ လုပ်၍ ကျွေးစရာရှိသလောက်ကိုသာ ကျွေး၏။ မယားကား အားမရပြီ။’ (မျက်နှာဖုံးများကို ခွာချခြင်း၊ စာ-၁၄၅)

အဲဒီလို အစချီပြီး မယားဆိုးပုံ ဖော်ပြပါတော့တယ်။ နှုတ်ကြမ်းအာကြမ်းဖြင့် အရေးဆိုပုံ၊ ပတ်ကြမ်းတိုက်ပုံ၊ ဒါပေမဲ့ လင်ကား မဖြုန်ပြီတဲ့။ ကြာသော် မယား ဆဲတိုင်း ဖျာအား မဲစိုက်ရှုလေရာ မယားဆူတိုင်း ဖျာကိုလျှင် အာရုံယူကာ သမာဓိ ထူထောင်လေရာ စိတ်နှောက်မထွက် စိတ်ကြည်သက်သက်သို့ ဘက်ကူးသွားပါရောတဲ့။ လူ့ပြည်မှာ ကိုလူအေးနဲ့ မစပ်ပူတို့ အဲဒီလို ဖြစ်နေချိန်မှာ တာဝတိံသာနတ်ပြည်မှာတော့ သိကြားနှင့် အသူရာတို့ စစ်တိုက်နေကြလေရဲ့။ အသူရာတွေ စစ်ရှုံးလေ

တော့ ပြေးမိပြေးရာ ပြေးလာလိုက်တာ ကိုလူအေးတို့ရွာထိပ်က ကန်ထဲက ပဒုမ္မာကြာဝတ်ပွင့်ဖတ်တွေကြား လာပုန်းနေရသတဲ့။ ဒါကို မယားဆဲတိုင်း ဖျာကို ကမ္မဋ္ဌာန်းရှုနေရာက သမာဓိ ရလာတဲ့ ကိုလူအေး မြင်တယ်။ မြင်တော့ မနေနိုင်ဘဲ ရွာသားတွေကို ပြောမိတယ်။ 'ကြာပန်းတွေထဲမှာ စစ်ရှုံးတဲ့ အသူရာတွေ လာပုန်းနေတယ်ဟေ့'

ဘယ်သူ ယုံနိုင်ပါ့မလဲ၊ ဘယ်သူ မြင်နိုင်ပါ့မလဲ။ သူ့လိုမှ သမာဓိ မရှိဘဲကိုး။ ဒီတော့ ရွာသားတွေက လှောင်ကြတယ်။ 'ဒီကောင် မယားကြောက်လို့ ပေါက်သွားပြီ'တဲ့။

ဒီသတင်းကို ရဟန်းတစ်ပါးက ဆွမ်းခံရင်း ကြားသွားပြီး ဘုရားရှင်ကို လျှောက်တင်ပါတယ်။ ဘုရားရှင်က 'ချစ်သား…ထိုသူ မရူး၊ ရွာသားတို့သာ အရူးတည်း'လို့ မိန့်တော်မူလိုက်ပါတယ်။ ဘုရားရှင်ရဲ့ အဆုံးအဖြတ်ကို အဲဒီရဟန်းက ဆွမ်းခံရင်းပဲ ပြန်ပြောပြလိုက်တော့ ကိုလူအေး အင်မတန် အားတက်သွားတယ်။

'ငါ့ဘက်က ဘုရားရှင် ရှိသေးသကိုး' …ဆိုကာ ဘုရားထံမှောက် အရောက်သွားပြီး ရဟန်းဝတ်ရာက နောက်ဆုံးမှာ ကျွတ်တမ်းဝင်သွားပါလေရောတဲ့။

ကာမဘုံဖွား လောကီသားတို့…

သည်းခံ နိဗ္ဗာန်ရောက် စကား ကိုလူအေး ပြောကြားသွားခဲ့ချေပြီလို့ ဆရာတော်ဘုရားကြီးက အနှစ်ထုတ်ပေးလိုက်ပါတော့တယ်။ အပြင်ရန် အဝေးရန်ကို မဆိုထားနဲ့ အိမ်တွင်းက အတူနေ မယား ပူဆူသမျှ

စိတ်မကြွ စိတ်မထဘဲ သည်းခံစိတ် မြဲတဲ့ ကိုလှူအေးလို ကျွန်တော်တို့ ကျင့်နိုင်ကြပါ့မလား။

[**အညွှန်း။** ▮ မျက်နှာဖုံးများကို ခွာချခြင်း၊ ဖေဖော်ဝါရီ ၉၉၊ ပ–အကြိမ်။]

၁၇–၃–၉၉

*

## ဓမ္မဂါရဝ

မိန်းမဟူသည် အားနွဲ့သူဖြစ်လို့ ယောကျ်ားတို့ရဲ့ အရိပ်သဖွယ် နောက်လိုက်သဖွယ် အစဉ်အလာအားဖြင့် မှတ်သားပြောဆိုတာခံလာကြရပါတယ်။ သို့သော် ရာဂစရိုက်အားဖြင့်ကား မိန်းမတို့သည် ယောကျ်ားတို့ထက် ပိုပြီး အားကြီးကြောင်း ပညာရှင်များက လေ့လာဖွဲ့ဆိုကြပြီး ဖြစ်ပါတယ်။ အဲဒီ မိန်းမတို့ရဲ့ အားကြီးတဲ့ ရာဂစရိုက်ကို ပြုပြင်ပေးနိုင်မယ်ဆိုရင် ကြည်ညိုထက်သန်တဲ့ ယုံကြည်စိတ် (သဒ္ဓါတရား) အဖြစ် အလွန်တန်ဖိုးရှိစွာ ပြောင်းလဲသွားလေ့ရှိတယ်လို့လည်း သုံးသပ်ညွှန်ပြခဲ့ကြပါတယ်။ ဒါကြောင့်လည်း ရိပ်သာတွေ၊ သာသနာပြုစခန်းတွေမှာ မိန်းမတွေက အများစုဖြစ်နေတာ တွေ့ရပါလိမ့်မယ်။ သို့သော် သဒ္ဓါလွန်တော့ တဏှာကျွန်၊ သဒ္ဓါနောက်မှာ ပညာမထောက်ခဲ့ပါသော်သဒ္ဓါယောင်ဆောင်တဲ့ တဏှာကောင်တွေ ဖြစ်တယ်လို့ ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက ပျစ်ပျစ်နှစ်နှစ်ကြီး ထောက်ပြလေ့ ရှိပါတယ်။

အထူးသဖြင့် မိမိတို့ရဲ့ကြိုက်စွဲတဏှာတွေကို ရှုမှတ်မှုနဲ့ ဖယ်ထုတ်

ရမယ်။ ရာဂမှ သဒ္ဓါ၊ သဒ္ဓါမှ ပညာသို့ အဆင့်ဆင့် နုရာမှ ရင့်စေမယ်လို့ ညွှန်ပြတော်မူခဲ့ပါတယ်။ ဒီသဘော ပေါ်လွင်အောင် ဘုရားရှင် ရွှေလက်ထက်တော်က ပုံဝတ္ထုတစ်ပုဒ်နဲ့ သာဓကဆောင် ဟောကြားခဲ့ပါတယ်။

ရာဇဂြိုဟ် ရွှေမြို့တော်ကြီးရဲ့ နာမည်ကြီး သူဌေးကြီးတွေထဲမှာ 'ဝိသာခ နဲ့ ဓမ္မဒိန္နာ' လည်း အပါအဝင် ဖြစ်ပါတယ်။ ဒီဝိသာခက ကျောင်းအမကြီး ဝိသာခ မဟုတ်ပါ၊ ယောကျ်ားနာမည်က ဝိသာခ ဖြစ်ပါတယ်။ ဝိသာခဟာ ဝေဠုဝန်ကျောင်းတော်ကို သွား ဘုရားဟော တရားတွေကို ရိုသေစွာ နာကြားခဲ့ရာမှ 'အနာဂါမ်' ဘဝနှင့် အိမ်ပြန်လာပါတယ်။ အနာဂါမ်ဆိုတာ ရဟန္တာဖြစ်ဖို့ တစ်ဆင့်သာ ကျန်တော့တာကလား။ ပုထုဇဉ်ဘဝနဲ့ မိုးနဲ့မြေလောက် ဘဝခြားခဲ့ပါပြီ။ ဒါကြောင့် ဟိုယခင်က ဝိသာခ အိမ်ပြန်လာပြီ ဆိုရင်လေ အိမ်တံခါးဝက ကြိုနေတတ်လေ့ရှိတဲ့ ဓမ္မဒိန္နာ မယားအလှကလေးကို မျက်စိရှာလား ရှာခဲ့ရဲ့။ ဓမ္မဒိန္နာကလည်း ချစ်လင်ရဲ့ အပြန်လမ်းကို အပြုံးပန်းတွေ တဝေဝေနဲ့ စောင့်ကြိုနေတတ်ခဲ့မြဲလေ။ ဒီနေ့တော့ဖြင့် ...

ဓမ္မဒိန္နာကသာ အပြုံးပန်းဝေ ကြိုနေပေမယ့် ဝိသာခကား သူမဟုတ်သလို ဣန္ဒြေကြီး တစ်ခွဲသားဖြင့် တည်တည်ကြည်ကြည် လေးလေးနက်နက် မျက်လုံးသော်မှ ဖွင့်မကြည့်ပြီ။

'အလို ... ဘာဖြစ်သွားတာပါလိမ့်'

မယားလိမ္မာလေးစိတ်ထဲ ထင့်ခနဲ၊ ငါ့မှာ ဘာများ အပြစ်ရှိပါလိမ့်နဲ့၊ ထမင်းစားဖို့ ပြင်ဆင်ပေးတော့လည်း ဝိသာခကြီး တိတ်ဆိတ်လို့၊

ခါတိုင်း အတူစားနေကျ။ မျက်နှာချင်းဆိုင် ပီတိချင်း လှိုင်နေကျ။ အဲဒီကနေ အတူအိပ်ရာအုံးစက်ရာကနေပင် ဖယ်ခွာလို့ ဝိသာခကြီး တစ်ယောက်တည်း အိပ်လာချိန်မှာတော့ ဓမ္မဒိန္နာ ရွှေရင်ပူကျွမ်း မေးခွန်းနဲ့ ရှုးစမ်းရပြီလေ။

'ဒီကမှာ ဘာအပြစ်ရှိလို့ ဒီလိုအနေစိမ်းနေရတာပါလိမ့်'

'နှမမှာ ဘာအပြစ်မှ မရှိပါ၊ ယနေ့ ဘုရား တရားတော် နာကြားရသော ကျေးဇူးကြောင့် ငါ အနာဂါမ်ဖြစ်ခဲ့ပေပြီ၊ သင့်ကို နှမအရင်းထက် ပိုပြီး ရှုမြင်လို့ မရတော့ပါ၊ အိမ်ကိစ္စတွေလဲ ငါဘာမှ မဆောင်ရွက်လိုတော့ပြီ၊ သင်ကြိုက်သလို စီမံပါလေ'လို့ ဝိသာခက အကျိုးအကြောင်း ရှင်းပြပါတယ်။ ဒီတော့ ဓမ္မဒိန္နာက …

'ဒီတရားက အရှင်တို့ပဲ အားထုတ်လို့ ရပါသလား၊ ကျွန်မတို့ မိန်းမသားတွေ အားထုတ်လို့ ရနိုင်ပါသလားလို့ မေးပါတော့တယ်။ ဘယ်သူ အားထုတ်အားထုတ် ယုံသလောက် ရနိုင်တဲ့အကြောင်း ဝိသာခက ရှင်းပြလိုက်တာနဲ့ ဓမ္မဒိန္နာဟာ 'ဘိက္ခုနီ'ဝတ်ဖို့ ခွင့်တောင်းပါတော့တယ်။ ဒီလိုနဲ့ အရှင်ဓမ္မဒိန္နာဟာ တောဇနပုဒ်တွေမှာ လှည့်လည်ကာ ကြိုးစားအားထုတ်လေရာ မကြာမီ ရဟန္တာအဖြစ်သို့ ရောက်ရှိသွားပါတော့တယ်။

ယောက်ျားက အနာဂါမ်၊ မိန်းမက ရဟန္တာ၊ မိန်းမက သာသွားပြီနော်။

ရဟန္တာ ဖြစ်သွားတဲ့ ဓမ္မဒိန္နာဟာ မိမိကို အမှီပြုပြီး ဆွေမျိုးများ ကုသိုလ်တရား ပွားများစေရန် ရာဇဂြိုဟ်ကိုပြန်ကြွလာပါတယ်။ ဝိသာခမျာ ဓမ္မဒိန္နာ ရဟန္တာဖြစ်ပွင့်သွားတာ မသိရှာသေးဘူး။ သာသနာ့

ဘောင်မှာ ပျော်မှပျော်ရှာပါလေစသိရအောင် တိုက်ရိုက်မေးရင် မကောင်း တတ်လို့ ဉာဏ်စမ်းပဟေဠိနဲ့ အဖြေညှိကြည့်မှပဲ ဆိုပြီး…

'အရှင်မ… ဒုက္ခနှင့်တူသော တရားကား မည်သည့်အရာပေနည်း'

'ဒကာ ဝိသာခ… ဒုက္ခနှင့်တူသောအရာသည် သုခပေပဲ'

'အရှင်မ…သုခနှင့်တူသော အရာကော'

'ဒကာ…သုခနှင့်တူသောအရာလဲ ဒုက္ခပေပဲ'

'အရှင်မ… ဝိဇ္ဇာနှင့်တူသော အရာကား မည်သည့်အရာပေနည်း'

'ဒကာ…ဝိဇ္ဇာနှင့် တူသောအရာကား အဝိဇ္ဇာပေပဲ'

'အရှင်မ… အဝိဇ္ဇာနှင့် တူသောအရာကော'

'ဒကာ…အဝိဇ္ဇာနှင့် တူသောအရာကား ဝိဇ္ဇာပေပဲ'

'အရှင်မ… ဝိမုတ္တိနှင့် တူသောအရာကား ဘယ်အရာပေနည်း'

'ဒကာ…သင့်ပုစ္ဆာအာဘော် လွန်နေပြီ'

ဆိုလိုတာကတော့ ဘုရား သာသနာတော်မှာ ဝိမုတ္တိနှင့် တူသော ခိုင်းနှိုင်းရာသည် စိုးစဉ်းမျှ ရှာမတွေ့လို့ ဓမ္မဒိန္နာ ရဟန္တာက အဖြေပေး လိုက်ခြင်း ဖြစ်ပါတယ်။

အနာဂါမ်ကြီး ဝိသာခ သဘောပေါက်ခဲ့ပေပြီ။ ဓမ္မဒိန္နာ အရှင်မ ကား တရားအရာ မိမိထက် သာလွန်နေပါပကောလား။ သာခု သုံးကြိမ် ခေါ်လျက် အရိုအသေလည်း ပြုခဲ့လေပြီ။ မိမိညွှန်ပြလိုက်သော လမ်း ပေါ်တွင် မိမိထက် သာလွန်အောင် ခရီးဆုံး ရောက် ပေါက်မြောက်ခဲ့ သော ရဟန္တာအရှင်မကြီးအား ဝိသာခ ညွတ်နူးစွာ အရိုအသေပြုလေပြီ။

တရားတော်သည် ကျား, မ ခွဲ၍ မျက်နှာမလိုက်တတ်။ အားထုတ်သူသာ ရစမြဲ။ တရားဘက်မှာ ကိုယ့်ထက်သာက ရှိသေရမြဲပါတကား။

[**အညွှန်း။** ။ '၉၇ ဖွန့်၊ နတ်တလူတောရမှာ ဟောပါတယ်။
ကမ္မဋ္ဌာန ပဋိသံယုတ္တ ကထာ၊ စာ-၈၈]

*

# ဓမ္မစွမ်းရည်

မိန်းမတွေကို ဘာသာ၊ သာသနာ သုံးအားဖြင့် 'မာတုဂါမ' လို့ ခေါ်ပါတယ်။ မာတု–မိခင်၊ ဂါမ – လမ်း ဖြစ်လို့ 'မိခင်လမ်း သွားနေသူ' လို့ နားလည်ရပါတယ်။ မိန်းမဟူက (အပျိုကြီးတွေသော်မှ) မိခင်စိတ် ပါလာတာချည်း။ မိခင်စိတ်ဆိုတာ မေတ္တာဖြင့် ပြုပြင်ပေးခြင်းပဲ ဖြစ်ပါတယ်။ ကာလသမီး အပျိုလေးတွေပဲ ကြည့်ပါလေ၊ သူတို့ရဲ့ ချစ်သူကို အရက်မသောက်ရ၊ ဆေးလိပ် မသောက်ရ စသည် စည်းကမ်းထုတ်ပြန် ပြုပြင်ပေးလေ့ရှိတာ မညားမီကတည်းက မဟုတ်လား။ အဲဒါဟာ မိခင်စိတ်နဲ့ ပြုပြင်ပေးနေတာလို့ မှတ်သားခဲ့ရဖူးပါတယ်။

မိန်းမတွေရဲ့ အရည်အချင်းကောင်းတွေထဲမှာ 'ပြုပြင်နိုင်စွမ်းရည်' ဟာလည်း ထူးခြားတဲ့ ဂုဏ်တစ်ခုအဖြစ် ပါဝင်နေပါတယ်။ ဒီသဘောကို ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးရဲ့ တရားတစ်ပုဒ်ထဲက ကောက်နုတ်ပြချင်ပါတယ်။ ဒီတရားကို ၁၉၉၆၊ မတ်လ (တပေါင်းလ) လားဟူ လီရှော တိုင်းရင်းသားများရဲ့ ဗုဒ္ဓဘာသာခံယူပွဲကြီးမှာ ဟောခဲ့ပါတယ်။ တရားဇာတ်ကြောင်းပါ ဇာတ်ဆောင်များကတော့ 'လင်မုဆိုး

နဲ့ မယားသောတာပန်’ တဲ့။ လင်နဲ့ မယားတို့ရဲ့ ဂုဏ်ရည်က အဲဒီလောက် ထိ ကွာဝေးပါတယ်။

## လင်ကမုဆိုး မယားက သောတာပန်

မုဆိုး ဆိုတာက သားကောင်တွေကို သတ်ဖြတ် ရောင်းစားလို့ အပါယ်လေးဘုံကို သွားဖို့ သေချာသလောက် ရှိနေသူ။ သောတာပန် ဆိုတာကတော့ အပါယ်တံခါးပိတ်လို့ ငါးစွဲဒိဋ္ဌိ မရှိတော့ဘဲ ရတနာသုံး ပါး၌ ယုံမှားသံသယ လုံးဝမရှိတော့တဲ့သူ၊ သို့သော် သောတာပန်အဆင့် မှာ ကိလေသာမကုန်သေးတဲ့အတွက် လင်ယူသားမွေး ပြုကြသေးတယ်။ အဲဒီတော့ မယား သောတာပန်ခများ လင်မုဆိုးကြီးနဲ့မှ ကြုံကြုံဖန်ဖန် ပေါင်းဖက်တွေ့ရတဲ့ အကြောင်းကတော့ ‘ရေးရေစက်’ လို့ပဲ အလိမ္မာ စကား ဆိုရလိမ့်မယ်။ တည့်တည့်ကြီး ပြောရရင်တော့ ‘ကာမပြစ် ကာမ ဝဋ်’ ပေပေါ့။ တစ်နည်းအားဖြင့်တော့ သံသရာက ပါလာတဲ့ ‘အစွဲ တဏှာ’ ကြောင့်ပေပေါ့။

ကြည့်ပါလေ၊ ဟိုရှေးအတီတေ ကဿပဘုရားရှင် ရွှေလက်ထက် တော်က လင်မယား တစ်ဘဝ တော်ဖူးရုံမျှဖြင့် ဒီဘဝမှာ မုဆိုးကြီးကိုလင် တော်ချင်စိတ် ဖြစ်ပေါ်လာလေခြင်း။ နှစ်ပေါင်း အသင်္ချေကာလမှာ ငုပ်နေ တဲ့ အစွဲတဏှာက အဲဒီလို ပြန်ပေါ်လာတာနော်။ (ဘဝဆက်တိုင်း ညား ခဲ့ဖူးသူတွေ ဘယ်လိုနေမယ် မသိ)၊ သွေးသံနဲ့ ရဲရဲ သားကောင်လေးတွေ ကို ထမ်းပိုးပြီး တောထဲက ပြန်လာတဲ့ မသတီစရာ ဒီမုဆိုးကြီးကိုမှ ချစ် မိလေတဲ့ သောတာပန် မယားအလိမ္မာခများ တစ်နေ့ တစ်နေ့ ဒီမုဆိုးကြီး သူတော်ကောင်းဖြစ်လာအောင် ပြုပြင်ပေးဖို့သာ ကြံစည်နေတာပ။

မုဆိုးကြီးမှာတော့ ဘုရားပွင့်နေတယ်ဆိုတာတောင် မသိပါဘူး။

သတ်ရဖြတ်ရ၊ ရောင်းရဝယ်ရရင် ပျော်နေတာပါပဲ။ သူက အန္ဓပုထုဇဉ်ပဲ။ အန္ဓပုထုဇဉ်နဲ့ သောတာပန် လင်မယားသာဆိုရ လောကအမြင်ချင်းက နေထွက်ရာအရပ်နဲ့ နေဝင်ရာအရပ်လောက် ကွာဝေးပါတယ်။ မုဆိုးကြီးက အပြစ်ရှိ အပြစ်မဲ့၊ အကျိုးရှိ အကျိုးမဲ့ ဘာမှ ခွဲခြားမသိ၊ သောတာပန်ကတော့ နိဗ္ဗာန်ရောက်ကြောင်းအထိ သိနေပြီ။ လင်မယားချင်း အဲဒီလောက်ထိ ခြားနားဝေးကွာလှလေရဲ့။

ဒါပေမဲ့ သောတာပန် မယားလှ စိတ်မပျက်ဘူး။ ချစ်သူကို ကယ်တင်ရမယ်။

မုဆိုးကြီး စိတ်အေးကြည်သာတဲ့ အချိန်ကောင်း စောင့်ပြီး ဒီလို တောင်းပန်ရှာသတဲ့။

'ဘုရားထံတော် သွားလို့ ကျွန်မအတွက် တရားတစ်ပုဒ်လောက် နာပေးပါနော်'

'ဟာ...ငါနဲ့ မဖြစ်ဘူး ထင်ပါရဲ့ကွာ'

အဲဒီလောက်တော့ မုဆိုးကြီး သိသေးတယ်။ ဒါကြောင့် ငြင်းတယ်။ ဒါပေမဲ့ တစ်ခါက နှစ်ခါ မငြင်းသာတော့ဘဲ မယားအလိုကျ ဘုရားထံ သွားတယ်။ မုဆိုးကြီး ကျွတ်မှာကို မြင်တော်မူတဲ့ ဘုရားရှင်က စကြံလျှောက်ရင်း အသင့်စောင့်လင့်တော်မူတယ်။ မုဆိုးကြီးရဲ့စရိုက်ကို မုဆိုးကြီးရဲ့ လျှောက်ထားပုံစကားအားဖြင့် ဆရာတော်ဘုရားကြီး သရုပ်ဖော်လိုက်ပုံဟာ အင်မတန် ပီပြင်လွန်းလှပါတယ်။

'တပည့်တော် မအားဘူး၊ အလုပ်တစ်ဖက်ကြားက အရှင်ဘုရားဆီ လာရတာ၊ တရားတိုတိုပဲ ဟောပါဖရာ့ (ဘုရား)'

'ဒါယကာ...သင်ကြိုက်တာ သင်လုပ်၊ သင်မကြိုက်တာ သင်မလုပ်နဲ့'

ဘုရားက အဲဒီလို မိန့်ကြားလိုက်တယ်။

'တပည့်တော် တရားနာချင်ပါတယ် ဘုရား'

'ငါ ဟောပြီးပြီ'

ဟယ်...မုဆိုးကြီး အလွန်ဝမ်းသာသွားတော့တယ်။ သူ ထင်တာ သူ့ကို ကြိမ်းမောင်းမယ်၊ အပြစ်တင်မယ် ထင်နေတာ အခုတော့ အပြစ်မတင် မကြိမ်းမောင်းတဲ့အပြင် ကိုယ်ကြိုက်တာ ကိုယ်လုပ်ဆိုတော့ ဝမ်းမသာဘဲ ရှိပါ့မလား။ တစ်ခါ သူထင်ထားတာက 'အကုသလောဓမ္မော' အစရှိတဲ့ အသိုင်းကြီး အဝိုင်းကြီးတွေနဲ့ ဟောမယ်ထင်ခဲ့တာ။ ခုတော့ ကြည့်စမ်း၊ စကားလေး နှစ်လုံး၊ ငါ ဦးကုန်းချလောက်မှ မကြာပါလားတဲ့။ မယားဆီ အားရဝမ်းသာ ပြေးလွှားရင်း...

'နင်တို့ဘုရားက သင်ကြိုက်တာ သင်လုပ်၊ သင် မကြိုက်တာ မလုပ်နဲ့လို့ပဲ ပြောလိုက်တယ်၊ ငါ့ကို မဆူဘူး၊ မကြိမ်းဘူး' လို့ ခြံဝက အော်ဟစ်ပြောဆိုတယ်။

မယားအလိမ္မာက သောတာပန်ပီပီ သိလိုက်ရပြီ၊ သူ သိလိုက်ရတဲ့ 'တရားအဓိပ္ပာယ်' ကို အကောင်အထည်ဖော်ဖို့ မယားအလိမ္မာလေး ပြုလိုက်ပုံက မုဆိုးကြီးကို အံ့သြတုန်လှုပ်သွားစေခဲ့တယ်။ သူ့မယားက သူ့ရဲ့ လေးနဲ့မြားကို အသင့် ကောက်တင်ပြီး သူ့ကို ပစ်ခတ်မယ်လို့ ရင်ဝဆီ ချိန်ရွယ်ထားပါရောလား။

'ကေန္တ နောက်တစ်ယောက်နဲ့များ...'

သူ့မယားလင်ငယ်တွေ့လေသလား ထင်မှားကာ ဇဝေဇဝါကြီးနဲ့ ရှေ့တိုးအလာ...

'ရှေ့မတိုးခဲ့နဲ့၊ အရှင့်ကို သတ်ရလိမ့်မယ်'မယားရဲ့မာကြောလှတဲ့အသံ...။

'ရှင်မ...နောက်တစ်ယောက် တွေ့လို့များ ဒီလို...'

'မဟုတ်လိုက်လေ'

'ရှင်မပဲ ဘုရားဆီသွား တရားနာဆို'

'ဟုတ်ပြီ၊ ဒီလေးနဲ့ မြားအကြောင်း ရှင်ဘယ်လောက်ထိ သိလဲ'

'ငါ့လက်နက်အကြောင်း ငါ ကောင်းကောင်းသိတာပေါ့၊ ဒီအဆိပ်လူးမြားက သားကောင်တောင် ထွင်းဖောက်သွားစရာတောင်မလိုဘဲ ထိရုံနှင့် အဆိပ်သင့်ပြီး သေစေနိုင်တယ်'

'ဒါဖြင့် အဆိပ်လူးမြားနဲ့ အရှင့်ကို ပစ်ခတ် သတ်ဖြတ်မယ် ဆိုအရှင် ကြိုက်သလား၊ မကြိုက်ဘူးလား'

'ကိုယ်ချင်းမစာ ပြောရက်လေခြင်းကွာ၊ ငါသေရမှာ ငါဘယ်ကြိုက်ပါ့မလဲ'

'အဲဒါ ဘုရားပြောတဲ့ သင်ကြိုက်တာ သင်လုပ်၊ သင်မကြိုက်တာသင် မလုပ်နဲ့ ဆိုတဲ့ စကားပဲ'

'ဟေ...ဟင်၊ ဟုတ်ပေသားပဲ'

မယားစကား အဆုံးမှာပဲ မုဆိုးကြီး သောတာပန်တည်သွားလေရဲ့တဲ့။ 'စကားနောက် တရားပါတယ်'ဆိုတာ အဲဒါပါပဲ။ အနာထပိဏ်စတဲ့ ဗုဒ္ဓဝင်မှာ အထင်ကရပုဂ္ဂိုလ်ကျော်များဟာ ဘုရားနဲ့တွေ့ပြီး ဘုရားရှင်ရဲ့ တရားတော် နာကြားပြီးခါမှ သောတာပန်တည်ကြပါတယ်။ ဒီ

မုဆိုးကြီးကတော့ မယားစကား နာကြားပြီး သောတာပန် တည်သွားတဲ့ ထူးခြားတဲ့ ဇာတ်ဆောင်ကြီးပါ။ မိန်းမတို့ရဲ့ ပြုပြင်နိုင်စွမ်းရည်ကလည်း အံ့ဖွယ်ပါပေ။ ဆရာတော်ဘုရားကြီးဟာ တရားနာပရိသတ်ထဲက မုဆိုး အလုပ်နဲ့ အသက်မွေးတဲ့ တချို့သောသူများကို ချိန်ပြီး ဒီတရားကို လှလှ ပပ ဟောသွားခဲ့ပုံ ရပါတယ်။ ဆရာတော်ဘုရားကြီးရဲ့ စေတနာက ဗုဒ္ဓ ဘာသာရဲ့ အခြေခံကောင်းဖြစ်တဲ့ 'ကိုယ်ချင်းစာတရား' ကို ပိုင်ပိုင်နိုင်နိုင် ကြီး ရသွားစေချင်တာပါ။ ကိုယ်ကြိုက်တာ ကိုယ်လုပ် ဆိုတာ။

## ကိုယ် မကြိုက်တာ

သူ့အသက် သတ်ခြင်း၊ ညှဉ်းဆဲခြင်း၊ သူ့ဥစ္စာ ခိုးယူခြင်း၊ မပေးဘဲ ယူခြင်း၊ သူ့လင် သူ့မယား ကျူးလွန်စော်ကား ပြစ်မှားခြင်း၊ လိမ်ညာ ပြောဆိုခြင်း၊ သေရည်အရက် မူးယစ်ပစ္စည်း သုံးစွဲခြင်း။

## ကိုယ် ကြိုက်တာ

သူ့အသက် မသတ်ခြင်း၊ အသက်ကယ်ခြင်း၊ သူ့ဥစ္စာ မခိုးဝှက်ခြင်း၊ ပေးကမ်းကူညီခြင်း၊ မလိမ်မညာ အမှန်ကိုသာ ပြောဆိုခြင်း၊ သေရည် အရက် မူးယစ်ဆေး ရှောင်ကြဉ်ခြင်း။

ဒါကြောင့် 'ကိုယ်ကြိုက်တာ ကိုယ်လုပ်' ဆိုတာ ငါးပါးသီလ စောင့် ထိန်းပါလို့ ဟောလိုရင်းဖြစ်ပါတယ်။ ငါးပါးသီလဆိုတာ ကမ္ဘာလောက သာယာငြိမ်းချမ်းဖို့ အခြေခံစည်းမျဉ်းဥပဒေလည်း ဖြစ်ပါတယ်။ မဟာ ဗောဓိမြိုင် ဆရာတော်ဘုရားကြီးရဲ့ ဒီတရား နာခဲ့ကြတဲ့ ထောင်သောင်း ချီတဲ့သူများဟာ ငါးပါးသီလ ဆောက်တည်ပြီးသားလည်း ဖြစ်သွားတော့ တယ်။

ကြမ်းပေ့ရမ်းပေ့ဆိုတဲ့ မုဆိုးကြီးကို အပါယ်ဆင်းရဲက လွတ်မြောက်အောင် ကယ်တင်ပြီး သောတာပန် တည်စေခဲ့တဲ့ မယားအလှလေးရဲ့ ပြုပြင်နိုင်စွမ်းရည်ဟာလည်း ပြောစမှတ်တွင်ကျန်ခဲ့ပါတယ်။

*

# သဘင် သုခုမ အနုပညာ

ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး 'နတ်တလှူတောရ' မှာ တရားစစ် တရားပြရင်း ထည့်သွင်းဟောကြားသွားတဲ့ ပုံပြင်၊ အလင်္ကာ၊ ဇာတက၊ သာဓကတွေ မှတ်သားလို့ မကုန်နိုင်ခဲ့ပါ။ ၁၉၉၇၊ နတ်တလှူတောရမှာ ဒုတိယအကြိမ် တရားစခန်းဖွင့်စဉ် ကျွန်တော်နှင့် တေးရေး စကားလုံး ဝင်းမင်းထွေးတို့ ရောက်ရှိသွားပြီး တရားနာခြင်း၊ သြဝါဒခံခြင်း ပြုကြပါတယ်။ အဲဒီမှာ ဆရာတော်ဘုရားကြီးက ယောဂီတွေကို တရားသဘော ဟောပြရင်း သဘင် အနုသုခုမနဲ့ မြန်မာ့ ယဉ်ကျေးမှုနဲ့ဗုဒ္ဓတရားတော်များ ဆက်စပ်နေပုံကို ခုလိုထည့်သွင်းဟောကြားသွားပါတယ်။

စည်းနဲ့ ဝါး ဆိုတာက 'ရုပ်နဲ့ နာမ်' ကို သင်္ကေတ ပြုထားတာဗျ။ ရုပ်နာမ်နှစ်ပါး အပေးအယူ အချိတ်အဆက် မိမိနဲ့ လှုပ်ရှားဖြစ်ပျက်နေပုံကို စည်းနဲ့ဝါးက ပြနေတယ်။ မြင်အောင် ကြည့်တတ်ပါစေ။

ဆိုင်းဝိုင်းကြီးတွေထဲမှာရော ဗုံဘယ်နှစ်လုံး ရှိသလဲဗျ၊ ဗုံ ၃၁ လုံး

ရှိတယ် မဟုတ်လားဗျ။ အဲဒါက သတ္တဝါတွေ ကျင်လည်နေရတဲ့ ၃၁ ဘုံကို ဖော်ပြနေတယ်ဗျ။ အဲဒီ ၃၁ ဘုံသားတွေမှာ...

ခန္ဓာငါးပါး ရှိလို့ ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ် ဆိုတဲ့ တူရိယာ ငါးမျိုး ထားပေးရတယ်ဗျ။

အာယတန ၁၂ ပါးရှိတဲ့အတွက် မောင်းဆိုင်းငယ်တွေမှာ ၁၂ လုံးပဲ ထားတာ တွေ့လိမ့်မယ်။

ဓာတ် ၁၈ ပါး ရှိတဲ့အတွက် မောင်းဆိုင်းကြီးတွေမှာ ၁၈ လုံးရှိနေတာလည်း သတိပြုပါ။

အာယတန ဓာတ်တွေမှာလည်း မျက်စိနဲ့အဆင်း၊ နားနဲ့အသံဆိုပြီး နှစ်မျိုး နှစ်ခု အတိုက်နဲ့ အခံ ဒွန်တွဲနေတဲ့အတွက် 'လင်းကွင်း' ကိုလည်း နှစ်ခုတစ်စုံ လုပ်ပေးထားရတယ်။

ခုနစ်ရက်သားသမီးတွေ ခုနစ်နေ့ ခုနစ်နံကို ကိုယ်စားပြုတဲ့ သင်္ကေတကတော့ နဲ့တို့ ပလွေတို့ပဲ။ နှဲ၊ ပလွေတွေမှာ အပေါက် ခုနစ်ပေါက် ပါတယ် မဟုတ်ဘူးလား။

ဒါတွေဟာ အနုသုခုမက ပြောနေတဲ့ ၃၁ ဘုံသားနဲ့ သစ္စာတရား ဆက်စပ်နေပုံတွေပဲပေါ့။ အကဝိုင်းကို ကြည့်တော့ရောဗျ၊ ၃၁ ဘုံသားတိုင်း အာရုံခြောက်ပါးနောက် လိုက်ပါ ကျက်စားနေရတာ ဖြစ်လို့ ကကြိုးကကွက်တွေဟာလည်း 'ခြောက်လုံးပတ်' ကို အမှီပြုပြီး အကွက်ဖော်ပေးနေရတယ် မဟုတ်လား။ ကပြန်တော့ရောဗျ၊ ခေါင်း၊ ခါး၊ ခြေ၊ လက် လေးမျိုး ပြတယ်။ သစ္စာကလည်း လေးပါး။

အဲဒီတော့ ဘယ်ဘုံသားမှ သစ္စာနဲ့ မလွတ်ဘူးဆိုတာ မှတ်ခဲ့ကြပါ။

မြန်မာ့ယဉ်ကျေးမှုဆိုတာ ဗုဒ္ဓဘာသာက ဆင်းသက်လာတာ ဗုဒ္ဓယဉ်ကျေးမှုပဲ။

သဘင်မှုအနုသုခုမတွေသော်မှ ဗုဒ္ဓအဘိဓမ္မာကို အခြေခံ သင်္ကေတပြုပြီး တီထွင်ဖွဲ့စည်းထားတာပါကလား။ 'စတုသစ္စ ဝိနိမုတ္တော ဓမ္မော နာမနတ္ထိ' ဆိုတဲ့ ပါဠိတော်အရ 'သစ္စာလေးပါးနှင့် ကင်းလွတ်သော တရားသည် မရှိ'။

ဒါကြောင့်လည်း ရှေးက သဘင်ပညာရှင်တွေဟာ ဇာတ်ကြီး ဆယ်ဘွဲ့၊ ငါးရာ့ငါးဆယ် စတဲ့ ဖြစ်တော်စဉ်တွေကို အနုပညာနဲ့ ထုံမွှမ်းပြီး တရားပြခဲ့ကြပါတယ်။ သို့သော် အဲဒီသဘင်ခေတ်မျိုး မျိုးဆက်သစ်တို့ မကြုံရပြီ။ ဒီနေ့ခေတ် အနုပညာဟူသည် မနုတော့ဘဲ ကြမ်းလာပြီ။ တဏှာရာဂ နှိုးဆွရေးကိုပင် ဖြေဖျော်ရေးလို့ ထင်မှားကုန်ကြပြီ။ စိတ်ကြမ်း ရုပ်ကြမ်းတွေကြားမှာ အနုပညာဆိုတာလည်း ခပ်ကြမ်းကြမ်း ပရမ်းပတာ...။

*

# အမှောင်တွင်းမှ နီးထကြ

ကမ္ဘာလောကရဲ့ မကောင်းမှု ဒုစရိုက် မှန်သမျှ လောဘ၊ ဒေါသ၊ မောဟ စသော ကိလေသာ အလိုဆိုးတို့က စေ့ဆော်ဖြစ်ပွားစေခဲ့တာပါ။ 'ရလေ လိုလေ' ဆိုတဲ့ အတောမသတ်နိုင်တော့တဲ့ လောဘတစ်ခုကြောင့် ဗျာပါဒ၊ သောက၊ ဒေါမနဿ စတဲ့ စိတ်ဆိုးစိတ်ပုပ် ယုတ်ညံ့တဲ့ အမှုအခင်းတွေ ဖြစ်ပွားစေခဲ့ပုံကို ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီးက ဗုဒ္ဓခေတ် ဇာတ်လမ်းတစ်ပုဒ်နဲ့ မှတ်တမ်းသရုပ်ထင်စေခဲ့ဖူးပါတယ်။

ဘုရားရှင် ရှေးလက်ထက်တော်က ကုဋမ္ဗိက တိဿ သူကြွယ် ဆိုတာ ရှိတယ်။ သူ့မှာ မိဘအမွေ ကုဋေလေးဆယ် ချမ်းသာရုံမျှမက လက်ထက်ပွား ပစ္စည်းများနဲ့လည်း ပြည့်စုံတယ်။ ဒါပေမဲ့ ဒီစည်းစိမ်ချမ်းသာတွေ ဆိုတာ 'ချမ်းသာစစ်' မဟုတ်ဘူးဆိုတာလည်း သူ နားလည်နေပြီ။ ချမ်းသာစစ်ဆိုတာ ဘုရားရှင် ဟောကြားတဲ့ တရားတော်မှာပဲ ရှိတယ် ဆိုတာလည်း သူသဘောပေါက်နေပြီ။ ဒါကြောင့် သူ့ရှိသမျှ စည်းစိမ်တွေ ပယ်၊ ညီငယ်ကို လွှဲအပ်ပြီး တရားရှာမှီဖို့ ရဟန်းပြု တောထွက်သွား

တော့တယ်။ ကာမတောက လမ်းခွဲ တကယ့်တောထဲ ရောက်လာမှ ချမ်းသာ စစ်ရဲ့ လမ်းစ ခမ္မအရသာကို သူ ခံစားရတော့တယ်။

ဒါပေမဲ့ အမွေ ကုဋေလေးဆယ်မက ရခဲ့လေသူ ညီရဲ့ဇနီး ခယ်မ တစ်ယောက်မှာဖြင့် ဒီလောက် ငွေကြေးစည်းစိမ်တွေ အလကား ရတာတောင် စိုးတထင့်ထင့်နဲ့တဲ့။ သူခိုးဓားပြရန် ကြောက်လို့ မဟုတ်ဘူး။ ရဟန်းဝတ် တောထွက်သွားလေသူ သာသနာမှာ မပျော်လို့ ပြန်လာမှဖြင့် ဒီစည်းစိမ်တွေ ပြန်တောင်းခဲ့ရင်ဆိုတဲ့ အဘိဇ္ဈာက နှိပ်စက်နေတာ။ ဒီအမွေတွေ ငါ့ကို တကယ်အပိုင်ပေးခဲ့တာမှ ဟုတ်ပါလေစ၊ ဟိုက လူပြန်ထွက်လာရင် ခက်ရချည့်ဆိုတဲ့ စိတ်မချတဲ့ ဗျာပါဒကလည်း မွေနေပြီလေ။

ဒီတော့ မကြံကောင်း မစည်ရာ ကြံစည်တော့တယ်၊ ခိုးသား ငါးရာကို လူမိုက်ငှားပြီး ခဲအိုတော် တိဿရဟန်းကို သတ်ဖြတ်လုပ်ကြံစေတော့တယ်။ ခိုးသားတစ်ယောက်လျှင် အသပြာ ငါးရာစီပေးလို့ သတ်စေ– စေလိုက်တာပေါ့။ အမှုတော်ပြီးစီးအောင်မြင်လျှင် ထပ်ပြီး ချီးမြှင့်ပါဦးမယ်တဲ့။ ဒီလိုနဲ့ ခိုးသားငါးရာဟာ ကုဋမ္ဗိက တိဿရဟန်းကို တောနင်း ရှာဖွေကြတော့တယ်။ ဒီအချိန်မှာ တိဿရဟန်းကြီးကတော့ဖြင့် ဘုရားဟော တရားကို မတွေ့ တွေ့အောင် ရှာဖွေနေပြီ။ (ရှာဖွေပုံချင်း မတူကြဘူးနော်။)

*ခိုးသားငါးရာက တိဿရဟန်းကို သတ်ဖို့အားထုတ်နေတယ်။*

*တိဿရဟန်းက ကိလေသာကို သတ်ဖို့ အားထုတ်နေတယ်။*

*ခိုးသားငါးရာက တိဿရဟန်းကို သတ်နိုင်ရင် ငွေကြေး များစွာ ရမယ်။*

'ထကြွ…လင်းပြီ' ဟု နှိုးဆော်လျက်ကပင် အလိုလိုပရိနိဗ္ဗာန်ပြုသွားခဲ့ပေပြီ။

တစ်ဖက်က လောဘ၊ ဒေါသ၊ မောဟတို့ဖြင့် ချောက်ချားပူလောင်နေပါသော်လည်း တစ်ဖက်က ထာဝရငြိမ်းအေးခြင်းသို့ ရောက်ခဲ့ပေပြီ။ လောဘ၊ ဒေါသ၊ မောဟတို့၏ ကိုယ်စားလှယ်များကား–*အင်အားကလည်း အဆငါးရာ၊ လက်နက် ဓားလှံများကလည်း တဝင့်ဝင့်၊ ခမ္မဘကတ်တော်သား ရှင်ရဟန်းကား တစ်ပါးတည်း၊ သူ့လက်နက်ကား 'သတိ' ဟူသော အပ္ပမာဒ၊* အလွန် အားကြီးလှသော ကိလေသာ ရန်သူတို့ကို သတိဖြင့် အနိုင်တိုက်လျက် 'အမှောင်တွင်းမှ နိုးထကြွ' ဟု လမ်းပြ နှိုးဆော်ခဲ့လေပြီတကား။

[**အညွှန်း။** ။ ၆–၆–၉၇ နတ်တလူတောရမှာဟောပါတယ်။]

*

# မိန်းမတွေကြားက သူဌေးသား

‘မကြည့်တတ်လျှင် တဏှာ၊ ကြည့်တတ်လျှင် ဘာဝနာ...’ဆိုတဲ့ စကား ကျွန်တော်တို့ ယောကျ်ားသားတွေ ပြောကြလေ့ ရှိပါတယ်။ အထူးသဖြင့် မိန်းမတွေကို ရှုမြင်ရာမှာ ဒီစကားပြောလေ့ ရှိတာကိုလည်း ဝန်ခံရပါလိမ့်မယ်။ အာရုံငါးပါး အပေါ် မှီပြီး ဖြစ်တဲ့ ‘ကြိုက်စိတ်’ ကိုပဲ ‘တဏှာ’လို့ ခေါ်တယ်မဟုတ်ပါလား။ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့ဆိုတဲ့ အာရုံငါးပါး ပေါင်းစုထားရင် မိန်းမတွေကို မကြည့်တတ်ရင် တဏှာဝင်မှာ အသေအချာ။ သတိကပ်ပြီး ရှုမှတ်ဆင်ခြင်ကြည့်တတ်ရင်တော့ ဘာဝနာပိုင်းဆီ ကူးသွားလိမ့်မယ်လို့ နားလည်ရပါတယ်။

ဒီသဘောပေါ်လွင်အောင် ကျေးဇူးရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက ‘ယသ သူဌေးသား’နဲ့ပုံဆောင်ဟောကြားတော်မူခဲ့ပါတယ်။

ယသသူဌေးသားကို မိတ်ဆက်ပေးရရင် သူဟာ အလောင်းတော်ကို ဃနာနို့ဆွမ်း လှူခဲ့တဲ့ သုဇာတာရဲ့သား ဖြစ်ပါတယ်။ သုဇာတာကတော့ မဟာသေန သူကြွယ်ရဲ့သမီး၊ အမျိုးတူသော ယောကျ်ားကို ရပြီး

သားဦး ရလိုပါ၏လို့ ညောင်ပင်စောင့် ရက္ခစိုးကြီးဆီမှာ ဆုတောင်းခဲ့တဲ့ သူ၊ ဆုတောင်းပြည့်ရင် တစ်နှစ် တစ်ကြိမ် တစ်သိန်းဖိုး စွန့်လှူပြီး ကဆုန်လပြည့်နေ့ ဗလိနတ်စာ ပူပါမယ်လို့ ကတိခံဆုတောင်းခဲ့တယ်။ သူ့ဆုတောင်းအတိုင်း အမျိုးတူယောကျ်ားနဲ့ ရ၊ ယသဆိုတဲ့ သားဦးကို မွေးလို့ ဒီညောင်ပင်ကြီးမှာ လာရောက်ပူဇော်လေ့ ရှိခဲ့တယ်။ ဒီလိုနဲ့ အလောင်းတော် ဘုရားဖြစ် ပွင့်မယ့်နေ့နဲ့ တိုက်ဆိုင်ကြုံတွေ့ခဲ့တယ်။ အလောင်းတော်ကလည်း ဗောဓိပင်နဲ့ ရွှေပလ္လင်ရှိရာအလာ ဒီညောင်ပင်မှာ ခဏဝင်နားချိန် ကိုယ်ရောင်ကိုယ်ဝါတွေ ညောင်တစ်ပင်လုံး ထိန်ညီးအောင် လျှံထွက်နေတယ်။ အဲဒီအချိန်မှာ သုဇာတာရဲ့ အခိုင်းအစေက ညောင်ပင်စောင့် ရက္ခစိုးကို ဃနာနို့ဆွမ်း ကပ်ရအောင် လာတယ်။ အလောင်းတော်ကို မြင်တော့ ရက္ခစိုးကြီး ကိုယ်ထင်ပြတယ် ထင်ပြီး သခင်မ သုဇာတာကို အားရဝမ်းသာ သွားခေါ်တယ်။ သုဇာတာကလည်း ရက္ခစိုးအမှတ်နဲ့ ရွှေခွက်ကိုပါ လှူလိုက်တယ်။

အဲဒီနေ့မှာပဲ အလောင်းတော်ဟာ ဗောဓိပင်နဲ့ ရွှေပလ္လင်ကို အောင်နိုင်ပြီး ဘုရားဖြစ်ပြီ။ ဘုရားဖြစ်ပြီးတော့ မိဂဒါဝုန်ကို ကြွပြီး ပဥ္စဝဂ္ဂီငါးဦးကို အာသဝေါကုန်ခန်း ရဟန္တာဖြစ်စေခဲ့ပြီ။ ဒီအချိန်ထိ ယသ သတို့သားဟာ ကာမဂုဏ်အာရုံတွေ ခံစားလို့ ကောင်းနေတုန်း။ ယသ သူဌေးသားဟာ ကာမဂုဏ် စည်းစိမ်နဲ့ ဘယ်လောက်ထိ ပြည့်စုံသလဲ ဆိုရင် မိုးပြာသာဒ်ဆောင်၊ နွေပြာသာဒ်ဆောင်၊ ဆောင်းပြာသာဒ်ဆောင် ဆိုတဲ့ ပြာသာဒ်သုံးဆောင်မှာ လှည့်လည်ပျော်ပါးနေတယ်။ ခြေဖဝါးကတောင် အမွေးပေါက်တဲ့သူဆိုတော့ ရွှေဖိနပ် အမြဲစီးထားရတယ်တဲ့။

မြတ်စွာဘုရား မိဂဒါဝုန်တောမှာ သီတင်းသုံးနေချိန်ဟာ မိုးရာသီ

ဆိုတော့ ယသ သူဌေးသားလည်း မိုးပြာသာဒ်ဆောင်ကြီးထဲမှာ ပျော်ပါးနေချိန်ပေါ့။ ဘယ်လိုပျော်ပါးနေသလဲ၊ ဘယ်လောက်ထိ ပျော်ပါးနေသလဲဆိုတော့ သူ့စံအိမ်ကြီးထဲမှာ ယောကျ်ားဆိုလို့ သူကလွဲပြီး ဘယ်သူမှ မရှိစေရ၊ တံခါးစောင့်က အစ မိန်းမတွေချည်းတဲ့။ အဲဒီလောက်ထိ မိန်းမ ကြိုက်တာ၊ တစ်နေ့ တစ်ရက် မဟုတ်ဘူး၊ တစ်မိုးတွင်းလုံး မိန်းမတွေနဲ့ချည်း နေတာ။ တီးတာလည်း မိန်းမ၊ မှုတ်တာလည်း မိန်းမ၊ ကတာလည်း မိန်းမ၊ ဖြေဖျော်ယုယသူ မှန်သမျှ မိန်းမတွေချည်းပဲ။ ဒီစံအိမ်ကြီးကနေ အပြင်မထွက်တော့ဘဲ မိန်းမတွေကြားမှာ လွန်ကဲကြီးကျယ်တဲ့ ကာမဂုဏ်ကို ယသ ခံစားနေတယ်။ နတ်သမီးလေးတွေ တစ်ဖက်လေးငါးရာဆိုတာ သူက လူ့ပြည်မှာကို ဒီလို ခံစားနေတာနော်။

တစ်နေ့တော့ ယသ သူဌေးသားဟာ စောစောစီးစီး အိပ်ပျော်သွားတယ်။ သူအိပ်တော့ မိန်းမတွေလည်း တီးမှုတ်ကခုန် သီဆို ဖြေဖျော်တာတွေ ရပ်ဆိုင်းပြီး အကုန်လိုက်အိပ်ကြတာပေါ့။ ခန်းမကြီး တစ်ခုလုံးတော့ ဆီမီးတွေ ထိန်ထိန်ညီးအောင် ထွန်းထားတယ်။ ယသ သူဌေးသားဟာ အိပ်ပျော်ရာက ရုတ်တရက် နိုးလာတော့ သူ့ရဲ့ခန်းမဆောင်ကြီးကို ဘယ်လိုတွေ့မြင်သွားရသလဲဆိုတော့...

သူ့ရဲ့အဖြေဖျော်ခံ မိန်းမတွေဟာ တချို့က စောင်းပိုက်လို့၊ တချို့က မုရိုးစည်ကြီးကို ဖက်ထားလို့၊ ဆံပင်တွေ ဖရိုဖရဲ ပြန့်ကျဲလို့၊ အာပုပ်ရည်တွေ စီးကျလို့၊ နှပ်ချေး မျက်ချေးတွေ ထွက်လို့၊ အဝတ်တန်ဆာတွေ ကွာလို့၊ ခြေကားရား လက်ကားရားကြီးဖြစ်လို့၊ တချို့က ဘာတွေမှန်းမသိ ကယောင်ကတမ်း မြည်တမ်းလို့၊ ဒါတွေဟာ သတိရှိသူရဲ့အမူအရာလား၊ သတိမရှိသူရဲ့ အမူအရာလား။

'သတိမရှိသူရဲ့ အမှုအရာပါ ဘုရား'

အေး...အဲဒီမှာ ယသ သူဌေးသားဟာ မိန်းမတွေကို တစ်ယောက်ပြီးတစ်ယောက် ရှုမြင်ရင်း သုသာန်တစပြင် သင်္ချိုင်းကုန်းကို ရောက်လာသလို စက်ဆုပ်ရွံရှာ ထိတ်လန့်မှုတွေ ခံစားလာရပြီ။ ကာမဂုဏ်ခံစားတဲ့ ယသ မဟုတ်တော့ဘူး၊ သတိသမ္ပဇဉ် ဝင်လာတဲ့ ယသ ဖြစ်သွားပြီနော်။ သူ့ကို ကာမဂုဏ်အာရုံငါးပါး ပေးခဲ့တဲ့ မိန်းမတွေကို အလောင်းကောင်ကြီးတွေလို့ မြင်နေပြီ။

'အလိုလေး...ဒီမိန်းမတွေနဲ့ ငါ့ကို အမျိုးမျိုးသော ကိလေသာတွေက နှိပ်စက်ညှဉ်းပမ်းထားခဲ့တာပါကလား' တဲ့။ သံဝေဂ ဉာဏ်လည်း ထင်မြင်လာရော သူဟာ ဒီခန်းမကြီးထဲက ထွက်ပြေးလာခဲ့တော့တယ်။ သူ တရားထူးရမှာ သိတဲ့ နတ်တွေက အိမ်တံခါး၊ မြို့တံခါးတွေကို ဖွင့်ပေးထားနှင့်တယ်။ ဒါနဲ့ ယသသူဌေးသားဟာ အဆီးအတား မရှိဘဲ မိဂဒါဝုန်တောကို ရောက်လာတယ်။ အဲဒီအချိန်မှာ ဘုရားရှင်ကလည်း စင်္ကြံလျှောက်ရင်းက ယသကို မြင်တာနဲ့ သင့်လျော်ရာက ထိုင်စောင့်တော်မူတယ်။

'ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တပည့်တော်အား အမျိုးမျိုးသော ကိလေသာတို့က ဝိုင်းဝန်းနှိပ်စက်ခဲ့ပါသည်ဘုရား' တဲ့။ ယသက သူ့အပြစ်သူ ဝန်ခံလျှောက်ထားတယ်။ ဘုရားရှင်က 'ချစ်သား...နှိပ်စက် ညှဉ်းပမ်းရာ၊ ကိလေသာတို့မှ ကင်းဝေးရာ၊ အဖျက်လွတ်ရာ နိဗ္ဗာန်ဆိုတာ ရှိတယ်' လို့ အစချီပြီး တရားတော်ကို ချီးမြှင့်တော်မူတယ်။ တရားတော်အဆုံးမှာ ယသ သူဌေးသားလည်း သောတာပန်တည်တယ်။ အဲဒီအချိန်မှာ သားပျောက်ရှာပုံတော်ဖွင့်တဲ့ ယသရဲ့အဖေ သူဌေးကြီးလည်း

မိဂဒါဝုန်တောကို ရောက်လာတယ်။ သောကနဲ့ ရောက်လာတဲ့ အဖေကို သောကအပူမီး ငြိမ်းလက်စ သားနဲ့ ချက်ချင်းပေးတွေ့လို့ မဖြစ်သေးဘူး။ ဒါနဲ့ ဘုရားရှင်က ယသကို တန်ခိုးတော်နဲ့ ကွယ်ထားလိုက်တယ်။

'သူဌေးကြီး ... ဒီမှာ ထိုင်နေရင်းကပင် ဒီမှာထိုင်နေတဲ့ သင့်သား ကို တွေ့ရလိမ့်မယ်' တဲ့။ ဘုရားရှင်က ဦးစွာနှစ်သိမ့်ပြီး တရားကို ဆက် ဟောတဲ့အခါ သူဌေးကြီးလည်း ဒီမှာတွင် သောတာပန် တည်ပါရောတဲ့။ သူဌေးကြီးကို ဟောတဲ့ တရားကို ယသကပါ လိုက်ပြီး နာတော့ တရား တော်အဆုံးမှာ ယသ သူဌေးသားဟာ အာသဝေါကုန်ခန်း ရဟန္တာဖြစ် သွားတယ်။ အဲဒီမှာ သူဌေးကြီးလည်း သူ့သားကို သူပြန်မြင်ပြီး 'မင်း အမေ စိတ်ပူနေရော့မယ်၊ အိမ်ပြန်ကြစို့' တဲ့။

သူဌေးကြီးက သောတာပန်အဆင့်ဆိုတော့ သူ့ထက် တရားအဆင့် အလွန်မြင့်နေတဲ့ သားရဲ့ ရဟန္တာအဖြစ်ကို မသိရှာဘူး၊ အိမ်ပြန်ကြစို့ ... တဲ့။ သောတာပန်ဆိုတာ အိမ် ရှိနေသေးတယ်။ ရဟန္တာက ဘဝဆိုတဲ့ အိုးအိမ် မရှိတော့ဘူး။ ဒါကြောင့် ပြန်စရာ မလိုတော့ဘူး။ ဒီမှာ ဘုရား ရှင်က ...

'သူဌေးကြီး ... သင့်သား ရဟန္တာဖြစ်ပြီ၊ လူ့ဘောင်သို့ တစ်ဖန် လျှောကျကာ ကာမစည်းစိမ်တို့ကို ခံစားတော့မှာ မဟုတ်ပြီ' လို့ ဟော တော်မူတယ်။ ဒီတော့မှ သူဌေးကြီး သဘောပေါက်သွားပြီး ဝမ်းမြောက် ဝမ်းသာနဲ့ ...

'သားသည် ယခုမှ လူ့ဘဝ လူဖြစ်ရကျိုး နပ်ပါပြီ၊ ချမ်းသာအစစ် ကို ရပါပြီဘုရား' လို့ လျှောက်ထားရင်း ယသနဲ့တကွ သူ့အိမ်ကို ဆွမ်း

စား ကြွဖို့ ပင့်လျှောက်ပါတယ်။ ယသ ကလည်း သူ့ကို ရဟန်းပြုပေးဖို့ တောင်းပန်တာနဲ့ ဘုရားရှင်က ရွှေလက်တော်ဆန့်တန်းလို့ 'ဧဟိ ဘိက္ခု' ခေါ်တဲ့အခါ ပရိက္ခရာရှစ်ပါးနဲ့တကွ ယသ သူဌေးသား ရှင်ရဟန်းဖြစ် ခဲ့ပြီ။

ဒီလိုနဲ့ အဖ ဘုရားရှင်ဟာ အရှင်ယသကို နောက်လိုက်ရဟန်းပြု ပြီး သူဌေးကြီးအိမ် ဆွမ်းစားကြွရင်း သူဌေးကြီးကတော်နဲ့ ယသရဲ့ဇနီး ဟောင်းတို့ကို တရားဟောတော်မူရာ သူတို့လည်း သောတာပန် တည် ကြတယ်။ ကာမဂုဏ် အာရုံတွေ စုပုံနေတဲ့ မိန်းမတွေကို ရှုမြင်ဆင်ခြင် ရင်း ယသ သူဌေးသား အကျွတ်တရားရ၊ အဲဒီကနေ ဆက်နွယ်လာပြီး သူ့မိသားစုပါ အရိယာဇာတ်ထဲ ရောက်လာကြပြီနော်။ ဒီမျှမကပါ။ ယသ ရှင်ရဟန်းပြုသွားပြီ ကြားတဲ့ သူ့သူငယ်ချင်း ငါးကျိပ်နဲ့ လေးဦး (၅၄ ဦး) လည်း ဘုရားရှင် ထံတော်မှောက် ရောက်လာ၊ တရားနာပြီး ရဟန္တာတွေချည်း ဖြစ်ပွင့်သွားကြတယ်။

'သာဓု ... သာဓု ... သာဓုပါဘုရား'

အေး ... ဒီလို ကာမဂုဏ် အာရုံတွေ အလျှံပယ် ခံစားနေရင်းက ယသသူဌေးသား ဘာဖြစ်လို့ သတိဝင် ဆင်ခြင်လာခဲ့ရတာလဲ။ ဒီသတိ က ခုမှ ပေါ်လာတာ မဟုတ်ဘူး။ ဟိုးရှေးဘဝ လွန်လေပြီးသော ရှေး ကာလကပင် ယသဖြစ်လာမယ့်သူဟာ အသုဘပို့ သင်္ဂြိုဟ်ရင်း ရှုမှတ် ဆင်ခြင် သတိဝင်ခဲ့တယ်။ မမြဲသော တရား၊ သေခြင်းတရားကို ရှုမှတ် ဆင်ခြင် သတိဝင်ခဲ့တယ်။ အဲဒီ သတိမျိုးစေ့ကလေးက ဒီဘဝမှာ အပင် လာပေါက်တာပါပဲ။ ဒါကြောင့် သူ အိပ်ရာက နိုးလို့ မိန်းမတွေကို ကြည့် လိုက်တဲ့အခါ သုသာန် တစပြင်ကို ရောက်နေသလို ခံစားခဲ့ရတာ၊ ဒီမှာ

သတိသံဝေဂက ဆက်ဖြစ်ပေါ်လာပြီး ဘုရားရှင်ထံမှောက် အရောက် ပို့လိုက်တာ မဟုတ်လား။

ဒါ့ကြောင့် ဘယ်တော့မှ ဘယ်ကိစ္စကိုမှ အမှုမဲ့ အမှတ်မဲ့ မနေပါနဲ့၊ သတိဆိုတဲ့ ရှုမှတ်မှုနဲ့ အမြဲတမ်း မှတ်ချက်ယူနေပါ။ ကာမဂုဏ်အာရုံ တွေကို ခံစားရင်းတောင်မှ တဏှာအစား ဘာဝနာ ပွားရမယ် ဆိုတာ ယသသူဌေးသားက ပြောကြားသွားခဲ့ပေပြီ။

[**အညွှန်း။** ။ ၉-၆-၉၇ နတ်တလူတောရမှာ ဟောပါတယ်။]

မောင်သွေးချွန်

၂၁-၃-၉၉

●

# ငြိမ်းငြိမ်းချမ်းချမ်းစာအုပ်တိုက်မှ ထွက်ပြီးစာအုပ်များ

၁။ ကာတွန်းနေမျိုးအေး
*ရယ်လိုဖေးရှင်းကာတွန်းများ*

၂။ ဝတ္ထု–ဒဂုန်ရွှေမျှား၊ ပန်းချီ–ဆရာကြီးဦးငွေကိုင်
*သံခေါင်းစွပ်မင်းသား*

၃။ ပါရဂူ
*မဏိမပင်္ဂပဒါနှင့် ဓမ္မဝတ္ထုတိုများ*

၄။ မဟာဗောဓိမြိုင်ဆရာတော် ဝနဝါသီ ဥဒယျမဓမ္မသာမိထေရ်၏ ပုံပြင်၊ အလင်္ကာများကို 'မောင်သွေးချွန်' စုစည်းပူဇော်သည့်
*ကိလေသာတောင်တန်းကြီး*

၅။ ပါရဂူ
*စာပေယဉ်ကျေးမှုရေစီးကြောင်း*

၆။ ခင်နှင်းယု
*မှားရည်အိုင်*

၇။ ခင်မျိုးချစ်
*ကိုင်း ... ပြောလိုက်စမ်းမယ် သောင်းပြောင်းထွေလာ*

၈။ ကံချွန်၊ အော်ပီကျယ်၊ ဝင်းအောင်၊ စောမင်းဝေ
*အသစ်စက်စက် ပြည်တွင်းဖြစ် ကာတွန်းများ*

၉။ ချစ်ဦးညို
*သမိုင်းမတွင်ပေမယ့် သမိုင်းဝင်နေတဲ့ စကားများ*

၁၀။ မင်းလူ
*ယမကာလုလင်*

၁၁။ ခင်မျိုးချစ်
*အပျင်းပြေနည်း*

ဆက်လက်ထွက်မည့် စာအုပ်များ

# ခင်နှင်းယု

# မယ့်သည်းအိမ်

■

# ဒေါက်တာသန်းထွန်း

# အသစ်မြင် မြန်မာ့သမိုင်း

■

ရင်ဦး ထိရှမှသာ စာရေးလေ့ရှိသော ပန်းချီဆရာ၏ ၁၉၆၅ ခုနှစ်မှ
ယခုတိုင် မဂ္ဂဇင်းအစောင်စောင်၌ ကျဲပြန့်ပါရှိခဲ့သော ဝတ္ထုတိုများ
စုပေါင်းမှု ပေါင်းချုပ်စာအုပ်၊
ပန်းချီဆရာကြီး (ဦး)မောင်စိန် အပါအဝင်
ဝသုန်နှင့် ခေတ်ပြိုင် ပန်းချီဆရာများ၏ သရုပ်ဖော်ပုံများနှင့်အတူ

# ပန်းချီဝသုန်

# သားကလေး အမည်မသိ

# နှင့် အခြားဝတ္ထုတိုများ

ချစ်ဦးညို အမှာရေးသည်

## ဆက်လက်ထွက်မည့် စာအုပ်များ

မဟာဗောဓိမြိုင်ဆရာတော်
ဝနဝါသီ ဥဒေယျမေ့သာမိထေရ် ၏
'အကောင်းဆုံးကို ရအောင်ယူ'
မောင်သွေးချွန်
စုစည်းပူဇော်သည်။

■

တကိုး၏ ပထမဆုံး ဝတ္ထု
ပါရဂူ
သူ့လိုဘုရင်

■

ချစ်ဦးညို
မငြိမ်းသာရဲ့ ရွှေနန်းတော်
နှင့် မဂ္ဂဇင်းဝတ္ထုရှည်များ

မဂ္ဂဇင်းဝတ္ထုရှည်များ သီးသန့်စုစည်းမှု

ဆက်လက်ထွက်မည့် စာအုပ်များ

ဒေါက်တာသန်းထွန်း
ဂျပန်မှုတစ်ရာ

■

မောင်ခိုင်မာ
ရှင်မရေ... ( ၂ )
ကဗျာများ

■

ချစ်ဦးညို
ရတနာဂီရိအကျဉ်းသား

[ငွေတိုက်စိုးစာပေအတွက် ငြိမ်းငြိမ်းချမ်းချမ်းစာအုပ်တိုက်မှ
တာဝန်ယူဖြန့်ချိပါမည်။]

မဟာဗောဓိမြိုင်ဆရာတော်

ဝနဝါသီဥဒေယျ ဓမ္မသာမိထေရ်

# အစစ်အမှန် အောင်နိုင်ခြင်း

သူတစ်ပါးအပေါ် မတရား အောင်နိုင်ခြင်း မှန်သမျှ အပြင် အောင်နိုင်ခြင်း ၊ အပြင် အောင်နိုင်ခြင်းသည် ကြွေးမကင်း ၊ ကိုယ်တစ်လှည့် ပြန်ခံရဖို့ အကြောင်းတရား ဖြစ်တယ် ။ ကြွေးပြန်ဆပ်တဲ့ အချိန်ကျတော့ အတိုး နဲ့ အညွှန့်နဲ့ အဆပေါင်းများစွာ ပြန်ခံရမယ် ။ ဒီတော့ အပြင်မှာ တစ်ခါနိုင်တိုင်း သံသရာမှာ အကြိမ်ကြိမ် ရှုံးရလိမ့်မယ်။ လူတစ်ယောက်ကို ဒုက္ခပေးလိုက်ရလို့ ကိုယ်ကနိုင်ပြီ မထင်ပါနဲ့ ။ ဒေါသက နိုင်သွားတာပါ ။ ခိုင်းသလို လုပ်လေ ဒေါသက ရောင့်တက်လေ ၊ အပြင် တစ်ခါနိုင် အတွင်း တစ်ခါရှုံး ... ။ ဒီနှုန်းနဲ့ သံသရာ ခရီးသွားခဲ့ကြလို့ အောက်ရပ် အပါယ်ဘုံတွေမှာ ရေစုန် မျောနေတာ ။ မကြိုက်စိတ် ဒေါသဖြစ်ပေါ်လာချိန် သတိနဲ့ဉာဏ စောင့်ပြီး အနိုင် သတ်နိုင်ရင် အတွင်းရန် ဒေါသကိုလည်း အောင်ပြီးသား ၊ အပြင်ရန်ကိုလည်း အမုန်းပွားစရာ မလိုတော့လို့ အောင်ပြီးသား ။

အတွင်းကိလေသာကို

အောင်နိုင်ခြင်းသာလျှင်

အစစ်အမှန်အောင်နိုင်ခြင်း ။

